# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**တပ်မက်မှုကို စွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၅)

# ဒုတိယအကြိမ်လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

## လွှတ်တော်ကိုယ်စားလှယ်အားလုံး ရဲဘော်ရဲဘက်သဖွယ် လုပ်နိုင်မှ နိုင်ငံနဲ့ ပြည်သူ့အကျိုးကို ထမ်းဆောင်နိုင်မည်

## ကိုယ့်ရဲ့အရည်အချင်းတွေကို မှန်မှန်ကန်ကန်နဲ့ အကောင်းအတွက်သုံးဖို့ဆိုတာ ကိုယ်စားလှယ်အားလုံးရဲ့တာဝန်ဖြစ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း ထမင်းစားခန်းမကြီး၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပထမအကြိမ် လွှတ်တော်များတွင် ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသည့် သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✤

**စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။

UEHRD ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့ ဘူးသီးတောင်ဒေသ အခမဲ့ဆေးကုသမှု ခရီးစဉ်အတွင်း လူနာ ၃၀၀၀ ကျော်အား ကုသပေးနိုင်ခဲ့ — ပြည်တွင်းသတင်း စာ ၁၁

ဂျပန်နှင့် ဥရောပသမဂ္ဂတို့ ပါလက်စတိုင်းကို ဆက်လက်အကူအညီပေးမည် — နိုင်ငံတကာသတင်း စာ ၁၄



# လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး သုံးစွဲမှု၏ ပစ္စုပ္ပန်နှင့် အနာဂတ်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အား သယ်ယူဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်မှုနှင့် မြို့ကြီးများ၌ **Smart Technology** အပါအဝင် မီတာလေးမျိုးစနစ် ကျင့်သုံးရေးတို့အား ရှင်းလင်းတင်ပြသွားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်ဟူသောအချက်မှာ ပြည်သူလူထုက လေးလေးနက်နက် သိရှိသင့်သော အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ၃၁၈၉ မဂ္ဂါဝပ်ဖြစ်ပြီး သုံးစွဲမှုက ထုတ်လုပ်မှုထက် ပိုများလျက်ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အလုံအလောက် ထုတ်လုပ်နိုင်ခြင်း မရှိသေးပါ။

သို့သော် လက်ရှိ စီမံချက်များအတိုင်းသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ၂၀၂၁ခုနှစ်တွင် ၄၂၈ မဂ္ဂါဝပ်၊ ၂၀၂၂ ခုနှစ်တွင် ၆၈၈ မဂ္ဂါဝပ်တို့ကို သီးသန့်အရန် လျှပ်စစ်ဓာတ်အားအဖြစ် သိုမှီးထားနိုင်တော့မည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ရေး စီမံကိန်းများ၌ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများက ၁၅ ရာခိုင်နှုန်း၊ **Heavy Fuel Oil (HFO)**သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံများက ၁၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ၃၀ ရာခိုင်နှုန်း၊ **Liquefied Natural Gas (LNG)** သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ၃၂ ရာခိုင်နှုန်းနှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ၅ ရာခိုင်နှုန်းတို့ရှိကြောင်း သိရှိရပါသည်။ လျှပ်စစ်ဓာတ်အားတို့ကို တိုးချဲ့ထုတ်လုပ်ရာ၌ မတူကွဲပြားသော စွမ်းအင်ရင်းမြစ်တို့အား ဖြန့်သုံးထားသည်ကို တွေ့ရှိရပါသည်။ သို့သော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြထားသည့် လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ရေးစီမံကိန်းတို့၌ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ မပါဝင်သည်ကို သတိပြုမိပါသည်။ တိုးချဲ့သုံးစွဲမည့် စွမ်းအင်ရင်းမြစ်တို့၌ **LNG** အား ရေပြင်တွင် **Floating Storage Re-gasification Unit** ဖြင့် သိုလှောင်၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံ **(Combined Cycle Power Plant)** သို့ ပိုက်သွယ်တန်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ပုံစံသစ်တစ်မျိုး ဖြစ်ပါသည်။

များမကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အားတို့ကို သုံးစွဲမှုနှင့်အညီ လုံလုံလောက်လောက် ထုတ်လုပ်နိုင်တော့မည်ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားသယ်ယူဖြန့်ဖြူးရေးအပိုင်း၌ ဓာတ်အားလိုင်းဆိုင်ရာ အဆင့်မြှင့်တင်၊ တိုးချဲ့ဆောင်ရွက်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်စရာ ကိစ္စရပ်များ ကျန်ရှိနေဦးမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား သယ်ယူဖြန့်ဖြူးရာ၌ နိုင်ငံတော်ရှိ မြို့ပေါင်း ၄၈၂ မြို့အနက် မြို့ပေါင်း ၃၅၀ ကိုသာ မဟာဓာတ်အားလိုင်း (National Grid) စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ကျန် ၁၃၂ မြို့သည် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်မထားသည့် တခြားသော နည်းလမ်းတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူရပါသည်။ လက်ရှိမဟာဓာတ်အားလိုင်း ပြင်ပနည်းလမ်းတို့၌ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့သည် အဓိကနည်းလမ်းများ ဖြစ်ပါသည်။ နောင်တိုးချဲ့ ဆောင်ရွက်မည့် မဟာဓာတ်အားလိုင်း ပြင်ပနည်းလမ်းတို့၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ပါဝင်လာသည်ကို ဝမ်းမြောက်ဖွယ် သိရှိရပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ကဲ့သို့သော မြို့ကြီးတို့၌ ကုန်ကျစရိတ် အနည်းအများပေါ်မူတည်၍ မီတာစနစ်လေးမျိုး ကျင့်သုံးမည်ကို ရှင်းလင်းတင်ပြသွားပြီး ပြည်သူလူထုက မိမိနှင့် ကိုက်ညီရာ မီတာစနစ်ကို ရွေးချယ်သုံးစွဲနိုင်ကြောင်းကိုလည်း တင်ပြသွားပါသည်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲမှုအခြေအနေတစ်ရပ်လုံးကို ပစ္စုပ္ပန်အတွက်သာမက အနာဂတ်ကာလအတွက်ပါ ခြုံငုံသုံးသပ်ထားသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်ကို ကြိုဆိုပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

# တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ နယ်စပ် ညှိနှိုင်းစည်းဝေး

**တာချီလိတ် ဖေဖော်ဝါရီ ၁**

သတ္တမအကြိမ်မြောက် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ နယ်စပ်တွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အပြန်အလှန် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်မြို့ရှိ ရွှေဖူးသီးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အိမ်နီးချင်းနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မဲခေါင်ဒေသတွင်းရှိ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေး အပြန်အလှန် ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆစ်ဆောင်ပန်းနား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထိုင်းနိုင်ငံမှ ချင်းမိုင်ခရိုင်၊ ချင်းရိုင်ခရိုင်၊ လာအိုနိုင်ငံမှ Luangnamtha ခရိုင်၊ Luangpraban ခရိုင်၊ Boke ခရိုင်၊ Oudomxai ခရိုင်၊ ကျိုင်းတုံခရိုင်တို့မှ ကိုယ်စားလှယ်များနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးများက နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသ လုံခြုံရေး၊ ရွှေတြိဂံဒေသ မဲခေါင်မြစ်ရေလမ်းကြောင်း လုံခြုံရေး၊ နယ်စပ်ဝင်ပေါက်များမှ တရားမဝင်သွားလာမှုများ မရှိစေရေး၊ လူကုန်ကူးမှုမရှိစေရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ပညာရေးနှီးနှောဖလှယ်ပွဲများ ကျင်းပနိုင်ရေး၊ လူမှုရေးနှင့် ကျန်းမာရေး စီမံကိန်းလုပ်ငန်းများ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ကုန်သွယ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းမှုရှိသည့် နယ်စပ်ဒေသများ ဖြစ်စေရေးနှင့် နိုင်ငံ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေး အတူတကွ ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားအား သွားရောက်ကြည့်ရှုလေ့လာသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်က တာချီလိတ်မြို့ရှိ အထင်ကရ နေရာများဖြစ်သည့် တာချီလိတ် ရွှေတိဂုံစေတီတော်၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက်၊ ဘုရင့်နောင်ရုပ်တုရင်ပြင်၊ တာလေ့ဈေးတို့အား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ညောင်လေးပင်၌ လူငယ်နှင့်မူးယစ်ဆေးဝါး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူငယ်နှင့်မူးယစ်ဆေးဝါး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Center ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နီနီဝင်းက ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး မူးယစ်တပ်ဖွဲ့စု-၃၆မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်လွင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းအိဖြူက မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင်နှင့် မြို့နယ်(MANA)အသင်းဥက္ကဋ္ဌ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)နှင့် တာဝန်ရှိသူများက လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့် အသီးသီး ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၅/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၅/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၀ | ・၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ | ・၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၁ | ・၇ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၈ |
| တရုတ် | တစ်ယွမ် | ၂၁၀ | ・၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ・၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**မလွဲမသွေလိုအပ်**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် “ဒီနေ့ ကျွန်မတို့ လွှတ်တော်ရဲ့နှစ်နှစ်ပြည့် အခမ်းအနားကို လာရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အရင်နှစ်တုန်းက ကျွန်မအကြောင်းကြောင်းကြောင့် မလာနိုင်တော့ ဒါ ပထမဦးဆုံး ဒီအခမ်းအနားကို ကျွန်မ တက်ဖြစ်ခြင်းဖြစ်ပါတယ်။ ဒီလိုလာရတာလည်း ကျွန်မအင်မတန်မှ ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒီမိုကရေစီလမ်းကို လျှောက်တဲ့အခါမှာ လွှတ်တော်ဆိုတာဟာ မလွဲမသွေ လိုအပ်တဲ့ အဆောက်အအုံတစ်ခုဖြစ်ပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများအား ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တွေ့ရစဉ်။ သတင်းစဉ်

**တန်ဖိုးကိုနားလည်**

“ကျွန်မတို့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကနေပြီးတော့ လွှတ်တော်ထဲ ရောက်လာတဲ့အခါကစပြီးတော့ ဥပဒေပြုခြင်းရဲ့တန်ဖိုး၊ ဥပဒေပြုခြင်းရဲ့ခက်ခဲတာတွေ၊ စိန်ခေါ်မှုတွေ၊ နက်နဲတာတွေ၊ သိမ်မွေ့တာတွေအားလုံးကို ကျွန်မတို့ လေ့လာပိုင်ခွင့်ရှိခဲ့ပါတယ်။ အဲဒီလို လေ့လာပိုင်ခွင့်ရှိခဲ့လို့လည်း ကျွန်မတို့အတွက် အင်မတန်မှကိုတန်ဖိုးကြီးတဲ့ ပညာတွေရတယ်လို့ ကျွန်မတို့ ပြောနိုင်ပါတယ်၊ ဒါကြောင့် အခု ကျွန်မတို့ရဲ့ လွှတ်တော်မှာရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးဟာလည်း လွှတ်တော်ရဲ့တန်ဖိုးနဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ရဲ့ တန်ဖိုးကိုနားလည်လိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်၊ လွှတ်တော်ဆိုတာဟာ ပြည်သူလူထုကနေပြီးတော့ ပြည်သူလူထုအတွက်ကောင်းမယ့် ဥပဒေတွေကို ထုတ်ပေးမယ့် အဆောက်အအုံဆိုပြီးတော့ အားကိုးတကြီးနေရတာပါ။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**တရားတဲ့ ဥပဒေတွေ ဖြစ်ရမယ်**

“ကျွန်မတို့အနေနဲ့ တရားဥပဒေစိုးမိုးရေးကို အင်မတန်မှ အလေးထားပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်ရေး၊ ခိုင်မာရေး၊ အင်အားရှိရေးဆိုတာဟာ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးပေါ်မှာ အင်မတန်မှ မူတည်ပါတယ်။ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ တရားဥပဒေ စိုးမိုးရေးရှိမှ ရေရှည်တည်တံ့ခိုင်မြဲနိုင်မှာပါ။ ဒါကြောင့်မို့ တရားဥပဒေလို့ ပြောတာဟာ ကျွန်မ အင်မတန်မှ ဒါကို အားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်ဘာသာစကားနဲ့ပြောရင် ဥပဒေရဲ့စိုးမိုးရေးလို့ပဲ အဓိပ္ပာယ်ပေါက်ပါတယ်။ (Rule of Law) မြန်မာလိုပြောလိုက်တဲ့ အခါကျတော့ တရားဥပဒေစိုးမိုးရေးဆိုတာ အင်မတန်မှ ကျွန်မတို့အတွက် ကောင်းတဲ့ လက္ခဏာလို့ ထင်ပါတယ်။ တရားတဲ့ ဥပဒေတွေ ဖြစ်ရမယ်။ တရားဥပဒေဆိုတာ တကယ်တော့ လူတွေကနေပြီး ပြုတဲ့အရာပဲ။ အဲဒီတော့ လူတွေကနေပြုတဲ့အရာဆိုတော့ အမြဲပဲ မှန်ကန်တယ်၊ တိကျတယ်၊ ကောင်းမွန်တယ်လို့ ပြောလို့မရဘူး၊ သို့သော်လည်း ဥပဒေဆိုတာကတော့ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်ရေးအတွက်၊ နိုင်ငံတစ်နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေးအတွက် လိုအပ်တဲ့အရာဖြစ်တဲ့အခါကျတော့ ဥပဒေတွေပြုကြပါတယ်။ ဒီဥပဒေတွေဟာ တရားမှလည်း နိုင်ငံအတွက် ပြည်သူပြည်သားတွေအတွက် တန်ဖိုးရှိမှာပါ။ ဒါကြောင့် ကျွန်မတို့ လွှတ်တော်က တရားဥပဒေစိုးမိုးရေးကို ဦးတည်မယ့် အဆောက်အအုံတွေလို့ ကျွန်မတို့ ဒီလိုပဲမျှော်လင့်ပါတယ်။ နောက်ပြီးတော့ လွှတ်တော်ဆိုတာဟာ ကျွန်မတို့ တစ်နိုင်ငံလုံးက ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရောက်လာတဲ့ နိုင်ငံ ပြည်ထောင်စုအနှံ့အပြားက လွှတ်တော် ကိုယ်စားလှယ်တွေပါဝင်တဲ့ အဆောက်အအုံကြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေဟာ ဒီမှာဆုံကြပြီးတော့ နေရာအမြောက်အမြားက ဒေသမျိုးစုံကနေ လာဆုံပြီးတော့ တစ်ယောက်နဲ့တစ်ယောက်အကြောင်း ပိုပြီးတော့ သိပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်အကြောင်း ပိုပြီးတော့ နားလည်ပြီးတော့ နိုင်ငံရဲ့ ပြည်ထောင်စုရဲ့ တည်တံ့ခိုင်မြဲရေး ညီညွတ်ရေးအတွက် ကြိုးပမ်းနိုင်မယ်လို့ ကျွန်မတို့ ဒီလိုပဲယုံကြည်ပါတယ်။

**မတူကွဲပြားမှုကိုလက်ခံ**

“အဲဒီတော့ လွှတ်တော်ထဲမှာဆိုရင် တိုင်းရင်းသားလူမျိုးပေါင်းစုံတင်မကပါဘူး။ အဖွဲ့အစည်းပါတီ အသီးသီးကလည်း ပါဝင်ကြပါတယ်။ ဒါဟာ ဒီမိုကရေစီ လွှတ်တော်တွေရဲ့လက္ခဏာတစ်ခုပါပဲ။ ဒီလိုကိုယ်နဲ့မတူတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ နိုင်ငံ့အကျိုးကို ဘယ်လိုထမ်းဆောင်မလဲဆိုတာကို လွှတ်တော်မှာ သင်ယူဖို့အခွင့်အရေးတွေ အပြည့်အဝရပါတယ်။ ကိုယ်နဲ့တူတဲ့ လူတွေမှ လုပ်နိုင်တယ်ဆိုတာ အမှန်ပြောရရင် ဒါဟာ ဒီမိုကရေစီ စိတ်ဓာတ်မဟုတ်ပါဘူး။ ဒီမိုကရေစီဆိုတာကတော့ မတူကွဲပြားမှုကိုလက်ခံတယ်။ မတူကွဲပြားမှုအပေါ်မှာ အခြေခံတဲ့ နိုင်ငံအတွက် လိုအပ်တဲ့ညီညွတ်မှုကို ရအောင်ယူနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်အရ ပေါ်ပေါက်လာတဲ့စနစ်ပါ၊ ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ကြားဖူးမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာဟာ ခြောက်ပြစ်ကင်း သဲလဲစင်တော့ မဟုတ်ဘူး။ ဒါပေမယ့် တခြားစနစ်တွေထက် ကောင်းတယ်ဆိုပြီးတော့ ပြောတာရှိပါတယ်။ တခြားစနစ်တွေထက် ကောင်းတယ်ဆိုပြီး ပြောရတဲ့အချက်ရဲ့ အခြေခံကတော့ ဒီမိုကရေစီစနစ်လောက် ပြည်သူလူထုကိုလေးစားဖို့ အားပေးတဲ့စနစ်မရှိဘူးလို့ ကျွန်မတို့ ပြောရမှာပါ။

*စာမျက်နှာ ၄ သို့*

# ‘ ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံဟာ တကယ်ပဲ တိုးတက်ဖို့၊ တကယ်ပဲ ခိုင်မာဖို့ဆိုရင် အရေးကြီးတဲ့ ဥပဒေပြုရေး မဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင် သုံးခုစလုံးဟာ တက်ညီလက်ညီနဲ့ ပြည်သူ့အကျိုးကို ထမ်းဆောင်ဖို့လို ’



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒီမိုကရေစီစနစ်အရဆိုရင် အစိုးရတစ်ခုဟာ ပြည်သူလူထုရဲ့ သဘောဆန္ဒအလျောက် ပေါ်ပေါက်လာတာပဲ။ ဒါကြောင့်မို့ ဒီလိုပြည်သူလူထုရဲ့ သဘောဆန္ဒအလျောက် ပေါ်ပေါက်လာတဲ့ အစိုးရများဟာ ပြည်သူလူထုရဲ့ဆန္ဒကို အလေးထားရတယ်။ ပြည်သူလူထုကို လေးစားရတယ်။ အဲဒါကြောင့်မို့ ဒီမိုကရေစီစနစ်ဟာ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်သော်လည်း အခြားစနစ်တွေအားလုံးထက် သာတယ်လို့ ပြောရတယ်လို့ ကျွန်မကတော့ ဒီလို ယုံကြည်ချက်ရှိပါတယ်။

**နောက်မျိုးဆက်အတွက်ဖြစ်**

“ဒါပေမယ့် ဒီမိုကရေစီစနစ်ဆိုတာဟာလည်း အမြဲပဲ တည်တံ့ခိုင်မြဲဖို့အတွက် မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ဆက်သွားဖို့အတွက် အမြဲပဲကြိုးစားနေရတာပါ။ အဲဒီလို ကြိုးစားနေရတဲ့ အထဲမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ ရှေ့တန်းကနေပြီး ပါဝင်ပြီးတော့ ကြိုးစားဖို့လိုအပ်ပါတယ်။ ကျွန်မတို့ ကိုယ်စားလှယ်တွေဟာ ပြည်သူလူထုကို ကိုယ်စားပြုရုံတင်မကဘဲနဲ့ ဒီမိုကရေစီစနစ်ကို ကိုယ်စားပြုတယ်ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ ကျွန်မတို့ဟာ စနစ်တစ်ခုနဲ့ နိုင်ငံကိုတည်တံ့ခိုင်မြဲအောင်၊ ကျွန်မတို့ ပြည်ထောင်စုကြီးကို နောင်လာမယ့်မျိုးဆက်တွေအတွက် ခိုင်မာအောင်၊ ငြိမ်းချမ်းအောင် ကျွန်မတို့ လုပ်ရမှာဖြစ်ပါတယ်။ ကျွန်မထပ်တလဲလဲ ကျွန်မတို့ ကိုယ်စားလှယ်တွေကို ကြုံတုန်း ကြုံတုန်း သတိပေးပါတယ်။ နိုင်ငံရဲ့ သုခမိန်ကြီး တစ်ယောက် ပြောသလို နိုင်ငံရေးလုပ်စားတဲ့လူတွေဟာ နောက်ရွေးကောက်ပွဲအတွက်ပဲ စဉ်းစားတယ်။ နိုင်ငံအရေးကို လုပ်တဲ့သူတွေက နောက်မျိုးဆက်အတွက် စဉ်းစားတယ်ဆိုတာ အဲဒီဟာတော့ လွှတ်တော်ကိုယ်စားလှယ်တိုင်း ကိုယ်စားလှယ်တိုင်း အားလုံး စွဲစွဲမြဲမြဲ နှလုံးသွင်းစေချင်ပါတယ်။ ကျွန်မတို့ဟာ နောက်ရွေးကောက်ပွဲအတွက် စဉ်းစားလား၊ စဉ်းစားရမှာပဲ။ ဒါကတော့ ပါတီနိုင်ငံရေးကိုအခြေခံတဲ့ စနစ်မှာတော့ နောက်ရွေးကောက်ပွဲအတွက် မစဉ်းစားလို့မရဘူး။ ဒါပေမယ့် အဓိကက နောက်ရွေးကောက်ပွဲမဟုတ်ဘူး။ နောက်မျိုးဆက်တွေအတွက်ပဲဖြစ်တယ်။

**လွှတ်တော်ထဲမှာ သင်ယူစရာတွေရှိ**

“အဲဒီတော့ နောက်ရွေးကောက်ပွဲဆိုတာဟာ နောက်မျိုးဆက်တွေအတွက် ကိုယ့်ရဲ့ကြိုးပမ်းမှုတွေအတွက် အထောက်အကူတစ်ခုပဲ ဖြစ်ရမယ်။ အဲဒီဟာ ပန်းတိုင်မဟုတ်ဘူး။ ပန်းတိုင်က နောက်မျိုးဆက်တွေ နောက်မျိုးဆက်တွေဟာ တည်ငြိမ်ပြီးတော့ အေးချမ်းပြီးတော့ ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံမှာ နေသွားဖို့ ကျွန်မတို့ နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဆိုတော့ တည်တံ့ခိုင်မြဲသာယာဝပြောတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး၊ အများကနေ လက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးတစ်ခု ထူထောင်သွားနိုင်ဖို့အတွက် အင်မတန်မှ အချက်အချာကျတဲ့ အဆောက်အအုံကြီး တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီလို လွှတ်တော်ထဲမှာ ပါဝင်ခွင့်ရတဲ့အတွက်ကို အားလုံးကနေပြီးတော့ ဂုဏ်ယူကြမယ်၊ လေးလေးနက်နက်ထားကြမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ ကျွန်မတို့ဟာ လွှတ်တော်ထဲမှာ အများကြီး သင်ယူစရာတွေရှိခဲ့ပါတယ်။ ကျွန်မတို့ လွှတ်တော်ထဲမှာ သုံးနှစ်ကျော်ကျော်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ကြာခဲ့ပါတယ်။ အဲ့ဒီအချိန်အတွင်းမှာ အများကြီးသင်ယူပိုင်ခွင့်တွေရှိတဲ့အတွက် အခု ဒီအုပ်ချုပ်ရေးအပိုင်းကို ရောက်သွားတဲ့အခါမှာ အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဟာ တကယ်ပဲ တိုးတက်ဖို့၊ တကယ်ပဲခိုင်မာဖို့ဆိုရင် အရေးကြီးတဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင် သုံးခုစလုံးဟာ တက်ညီလက်ညီနဲ့ ပြည်သူ့အကျိုးကို ထမ်းဆောင်ဖို့လိုပါတယ်။ ဒီလိုထိန်းညှိဖို့ တာဝန်ရှိတယ်ဆိုတော့ တချို့က ဒါဟာ ပြိုင်ဆိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် မတည့်တဲ့သဘောလို့ ထင်ကြတယ်။ ဒီလိုမဏ္ဍိုင်ကြီးသုံးခုဟာ တစ်ခုနဲ့တစ်ခု ထိန်းညှိထားရမယ်ဆိုတာဟာ တကယ်တော့ အပြိုင်အဆိုင်လည်း မဟုတ်ဘူး၊ ရန်ဘက်လည်းမဟုတ်ဘူး၊ အတိုက်အခံအချင်းချင်းလည်း မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် မမှားအောင်လို့ ထိန်းပေးတဲ့သဘောဖြစ်ရမယ်။ မမှားအောင်ဆိုတာ ဘာမှားမှာလဲဆိုတော့ နိုင်ငံ့အတွက် အကျိုးမရှိတဲ့ကိစ္စတွေ ပြုမိမှာ အကျိုးရှိတဲ့ကိစ္စတွေမပြုမိမှာ၊ အဲ့ဒီဟာ မဖြစ်အောင်လို့ တစ်ယောက်နဲ့တစ်ယောက် ထိန်းညှိသွားတဲ့ သဘောပါပဲ။

**ရဲဘော်ရဲဘက်များသဖွယ်ဆက်ဆံ**

“ပြီးတော့ မိတ်ဆွေသဖွယ် နောက်ဆုံးကျတော့ ရဲဘော်ရဲဘက်များသဖွယ်ဖြစ်ပါတယ်။ ရဲဘော်ရဲဘက်ဆိုတာ မိတ်ဆွေတွေနဲ့တော့ နည်းနည်းကွာပါတယ်။ မိတ်ဆွေဆိုတာ ခင်မင်မှု၊ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုအပေါ်မှာ အခြေခံပါတယ်။ ရဲဘော်ရဲဘက်ဆိုတာကတော့ ယုံကြည်မှုအပေါ်မှာ အခြေခံပါတယ်။ ရဲဘော်ရဲဘက်များဆိုတာဟာ တူညီတဲ့ယုံကြည်မှု ဒါကြောင့်မို့ ဒီတရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ရဲဘော်ရဲဘက်များသဖွယ် ပန်းတိုင်ဖြစ်တဲ့ နိုင်ငံ့အကျိုးအတွက် ညှိပြီးတော့လုပ်သွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခု ဒီပွဲမှာဆိုရင်လည်း မဏ္ဍိုင်ကြီးသုံးခုစလုံးက ဧည့်သည်တော်တွေ ပါဝင်ပါတယ်။ အဲဒီတော့ ကျွန်မတို့ အချင်းချင်း ပုဂ္ဂိုလ်ရေးအရ ခင်မင်ဖို့ဆိုတာလည်း အရေးကြီးပါတယ်။ ဒါမှ အထစ်အငေါ့လေးတွေရှိရင်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲတာလေးတွေရှိရင်၊ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်မှားတာလေးတွေရှိရင် ဒါတွေကို ကျွန်မတို့ ချောမွေ့အောင်လုပ်နိုင်ဖို့ပါ။ ဒါကြောင့်မို့လို့ လွှတ်တော်ထဲမှာရောက်နေတဲ့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေများသဖွယ်၊ ရဲဘော်ရဲဘက်များသဖွယ် ဆက်ဆံနိုင်ဖို့ အင်မတန်မှ အရေးကြီးတယ်လို့ ကျွန်မသတိပေးချင်ပါတယ်။ ဒီလိုမိတ်ဆွေများသဖွယ် ရဲဘော်ရဲဘက်များသဖွယ် လုပ်နိုင်မှ တကယ့်ကို နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်မှာပါ။

**နိုင်ငံ့ပေါ်မှာ စေတနာပြည့်ဝစေချင်**

“ကျွန်မတို့ အခုဆို အစိုးရအသစ် တက်လာတာဆိုရင် နှစ်နှစ် မပြည့်သေးပါဘူး။ နှစ်နှစ်မပြည့်သေးတဲ့ ကာလအတွင်းမှာ လွှတ်တော်ကတော့ နှစ်နှစ်ပြည့်သွားပြီ၊ ပထမဦးဆုံး လွှတ်တော်ခေါ်ပြီး နောက်တော့မှ အစိုးရက ပေါ်လာတာပါ။ အဲ့ဒါကိုက လွှတ်တော်ရဲ့အရေးပါမှုကို ရောင်ပြန်ဟပ်တာပဲဖြစ်ပါတယ်။ ဒီမိုကရေစီအစ လွှတ်တော်ကလို့ ကျွန်မတို့ပြောမယ်ဆိုရင် မှားမယ်လို့တောင် မထင်ပါဘူး။ လွှတ်တော်ကနေစပြီးတော့ အစိုးရက ပေါ်လာတာဖြစ်ပါတယ်။ အစိုးရဆိုတာလည်း လွှတ်တော်အပေါ်မှာ အားကိုးရပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အစိုးရနဲ့ လွှတ်တော်နဲ့ အံဝင်ခွင်ကျမဖြစ်တဲ့အခါကျတော့ အလုပ်လုပ်ရတာ ခက်ခဲပါတယ်။ တချို့ကျတော့လည်း လွှတ်တော်ထဲမှာကိုက အင်အားခိုင်မာမှု မရှိတဲ့အခါကျတော့ အစိုးရများ အလုပ်လုပ်ရကိုင်ရတဲ့အခါမှာ ခက်တာတွေလည်း တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့က ကျွန်မတို့ လွှတ်တော်ကို ခိုင်ခံ့စေချင်တယ်၊ အရည်အချင်းပြည့်ဝစေချင်တယ်။ အရည်အချင်းပြည့်ဝခြင်းကတော့ အခြေခံအားဖြင့် နိုင်ငံ့ပေါ်မှာ စေတနာပြည့်ဝစေချင်တယ်။ လွှတ်တော်ထဲမှာရှိတဲ့ ကိုယ်စားလှယ် တစ်ဦးချင်း တစ်ဦးချင်းဟာ နိုင်ငံအပေါ်မှာ တကယ်ပဲ စေတနာထားတယ်၊ တကယ်ပဲနိုင်ငံ့ရဲ့သစ္စာကို စောင့်စည်းတယ်ဆိုရင် ဒါဟာ ပထမစိန်ခေါ်မှုကြီးကို ကျွန်မတို့ အောင်မြင်သွားပြီလို့ ပြောလို့ရတယ်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

စေတနာလည်းရှိတယ်၊ သစ္စာလည်းရှိတယ်ဆိုရင် ကျွန်မတို့ သင်ယူရမယ်။ ကျွန်မတို့ သိသင့်သိထိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ သိသင့်သိထိုက်တဲ့ ကိစ္စတွေကို သင်ယူဖို့၊ နားလည်ဖို့၊ ကျွမ်းကျင်ဖို့ အဲဒီဟာက နောက်တစ်ဆင့်ပါပဲ။ စေတနာမရှိဘူး၊ သစ္စာမရှိဘူးဆိုရင် ကျွမ်းကျင်မှုတွေကိုက အန္တရာယ်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ရဲ့အရည်အချင်းတွေ၊ ကိုယ့်ရဲ့ အင်အားတွေကို မှန်မှန်ကန်ကန်နဲ့ အကောင်းအတွက် သုံးဖို့ဆိုတာဟာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ အခု ဒီမှာ ကျွန်မပြောတဲ့အခါမှာ မဲဆန္ဒရှင်တစ်ယောက်အနေနဲ့လည်း ကျွန်မပြောတာဖြစ်ပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့လည်း ပြောတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ယောက်အနေနဲ့လည်း ပြောတာဖြစ်ပါတယ်။ အစိုးရအဖွဲ့ဝင်တစ်ယောက်အနေနဲ့လည်း ပြောတာဖြစ်ပါတယ်။ ဘယ်ဘက်ကပဲကြည့်ကြည့် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တန်ဖိုးဟာ အင်မတန်မှကြီးပါတယ်။ အဲဒီတော့ ကျွန်မတို့ ရွေးကောက်တင်မြှောက်ခံထားရတဲ့ ကိုယ်စားလှယ်တွေလို့ ပြောလို့ ကျွန်မတို့ တပ်မတော်သားကိုယ်စားလှယ်တွေကို ချန်ဖို့ ပြောတာမဟုတ်ပါဘူး။ ဒါဟာ အားလုံးကနေပြီးတော့ စုပေါင်းပြီးတော့ လုပ်ရမှာပဲ။ နိုင်ငံအတွက်ဆိုရင် ဘယ်အစုအဖွဲ့က ဘယ်အစုအဖွဲ့နဲ့ မတည့်နိုင်ဘူးဆိုတာ လုံးဝမရှိသင့်ဘူး။ နိုင်ငံ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း မရှိဘူးဆိုတာဟာ ဘယ်တော့မှမဖြစ်ရဘူး။ နိုင်ငံ့အကျိုးအတွက်ဆိုရင် ဘယ်သူနဲ့မဆို ပူးပေါင်းဆောင်ရွက်နိုင်ရမယ်။ နောက်ပြီးတော့ ကျွန်မတို့ အချင်းချင်းတွေပဲ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ ပူးပေါင်းဆောင်ရွက်နိုင်ရမယ်။

**တန်းတူရည်တူ တန်ဖိုးထား**

"အတိုက်အခံပါတီဆိုတာဟာ ကျွန်မ တစ်ခါတလေ ပြောပါတယ်။ အတိုက်အခံ အတိုက်အခံဆိုတဲ့ စကားလုံးကို ကျွန်မ မကြိုက်ဘူး။ တိုက်မလား၊ ခံမလားဆိုတဲ့ သဘောရှိတယ်။ တကယ်တော့ အတိုက်အခံဆိုတာဟာ ဒီလိုမဖြစ်သင့်ပါဘူး။ အတိုက်အခံဆိုတာ နိုင်ငံ့အကျိုးကိုကြည့်ပြီးတော့ ကူညီသင့်တဲ့အခါမှာကူညီရမယ်။ အတူလက်တွဲသင့်တဲ့အခါမှာ လက်တွဲရမယ်။ ထောက်ပြသင့်တဲ့အခါမှာ ထောက်ပြရမယ်။ ဝေဖန်သင့်တဲ့အခါမှာ ဝေဖန်ရမယ်။ အတိုက်အခံမို့လို့ ရန်သူဆိုပြီးတော့ ဒီလိုသဘောမျိုးမထားသင့်ဘူး။ အတိုက်အခံများသည် ရန်သူဆိုတာ ဒီမိုကရေစီစိတ်ဓာတ်မဟုတ်ပါဘူး။ ဒီမိုကရေစီစိတ်ဓာတ်ဆိုတာ မတူကွဲပြားမှုကို လက်ခံလို့ကို အတိုက်အခံဆိုတာပြောရမယ်ဆိုရင် အတိုက်အခံဆိုတဲ့ စကားလုံးကို သုံးတာ အတိုက်အခံပါတီပါ။ ကိုယ်နဲ့မတူတဲ့ ပါတီတွေအစုအဖွဲ့တွေနဲ့ ရန်သူဖြစ်ဖို့မလိုပါဘူး။ အမြင်ချင်းမတူပေမယ့်လည်း၊ မတူကွဲပြားမှုတွေရှိပေမယ့်လည်း စုစည်းနိုင်တယ်။ မတူကွဲပြားမှုအပေါ်မှာ အခြေခံတဲ့ ညီညွတ်မှုကို ထူထောင်နိုင်တယ်ဆိုတာ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီစိတ်ဓာတ်ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အခြေခံလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ အခု ကျွန်မတို့ လွှတ်တော်လာတဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ တစ်ဦးချင်း တစ်ဦးချင်းနဲ့ တွေ့ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ လူကလည်း တော်တော်များတယ်။ အချိန်ကလည်း နည်းတယ်။ သို့သော်ငြားလည်း ကျွန်မကတော့ တစ်ဦးချင်းတစ်ဦးချင်းကို တန်းတူညီတူ တန်ဖိုးထားပါတယ်လို့ ကျွန်မပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ထဲမှာရောက်တဲ့အခါမှာ တစ်ဦးချင်း တစ်ဦးချင်းဟာ တန်းတူညီတူ မဲတစ်မဲရပါတယ်။ မဲတစ်မဲရတဲ့အခါကျတော့ ကိုယ့်ရဲ့တာဝန်ဟာ ကိုယ့်ရဲ့အခွင့်အရေးနဲ့ အတူတူပါပဲ။ လူတိုင်းနဲ့ အတူတူပါပဲ။ အားလုံးဟာ ကိုယ်စားလှယ်တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ လွှတ်တော်ထဲမှာ မဲပေးတဲ့အခါမှာ အခွင့်အရေး မဲပေးပိုင်ခွင့်ရှိသလို မှန်မှန်ကန်ကန်မဲပေးဖို့ တာဝန်ဆိုတာလည်း ရှိပါတယ်။ ဒါကြောင့် နောက်ဆုံးကျတော့ တန်းတူညီတူ ညီအစ်ကိုမောင်နှမတွေပဲ၊ ရဲဘော်ရဲဘက်တွေပဲလို့ အဲ့ဒီလိုပဲ စိတ်ထဲထားစေချင်ပါတယ်။

**သစ္စာရှိရှိနဲ့ရပ်တည်**

"ကျွန်မတို့နိုင်ငံအတွက် တရားဥပဒေစိုးမိုးရေး ဘယ်လောက် အရေးကြီးလဲဆိုတာ ကျွန်မပြောပြီးပါပြီ။ နောက်ပြီးတော့ ကျွန်မတို့ ညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး ဘယ်လောက်အရေးကြီးလဲဆိုတာ ကျွန်မနိဂုံးမချုပ်ခင် ပြောချင်ပါတယ်။ အများသိပြီးသားပါ။ ကျွန်မတို့ နိုင်ငံဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်။ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ကျွန်မတို့ဟာ ရုပ်ပိုင်းဆိုင်ရာအရအင်အားသိပ်ကြီးတဲ့ နိုင်ငံတစ်ခု မဟုတ်ပါဘူး။ ရုပ်ပိုင်းဆိုင်ရာ အင်အားသိပ်မကြီးတဲ့ နိုင်ငံမို့လို့ ကျွန်မတို့က စိတ်ပိုင်းဆိုင်ရာ အင်အားနဲ့ စုစည်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ ကျွန်မတို့နိုင်ငံအတွက် ရပ်တည်ဖို့ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ကျွန်မသတိပေးချင်ပါတယ်။ ဒီလိုစုပေါင်းအင်အားနဲ့ ၊ ညီညီညွတ်ညွတ်နဲ့၊ စိတ်ဓာတ် ခိုင်ခိုင်မာမာနဲ့ ကျွန်မတို့ရပ်တည်နိုင်လို့ရှိရင် ဘယ်လိုအခက်အခဲမဆို ကျော်လွှားနိုင်မှာပါ။ တဖြည်းဖြည်းလည်း ကျွန်မတို့ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေကို တည်ဆောက်နိုင်မှာပါ။ ဒါကတော့ ကမ္ဘာကြီးရဲ့လောကနိယာမလို့ ဆိုပါတော့။ အင်အားရှိတာနဲ့အမျှ ကိုယ့်ကိုတော့ အနိုင်ကျင့်မှုက နည်းသွားတာပဲ။ ကျွန်မတို့နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ခိုင်ခိုင်မာမာနဲ့ အမှန်တရားပေါ်မှာအခြေခံပြီးတော့ ရပ်တည်ချင်ရင် ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ တစ်ဦးချင်းတစ်ဦးချင်း ဒီလိုပဲ ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ်၊ သစ္စာရှိရှိနဲ့ ရပ်တည်ပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးချင်းတစ်ဦးချင်းဟာ ဘာမှအမှားမရှိဘူးဆိုရင် ကျွန်မတို့ လွှတ်တော်ကြီးဟာ မှားတဲ့လမ်းကို ရောက်သွားစရာဘယ်တော့မှ မရှိပါဘူး။ ကျွန်မတို့ရဲ့ လွှတ်တော်ကြီးဟာ မှားတဲ့လမ်းကို မရောက်သွားဘူးဆိုရင် ကျွန်မတို့ နိုင်ငံဟာလည်း မှားတဲ့လမ်းကို ရောက်သွားမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ နိုင်ငံဟာ မှန်မှန်ကန်ကန်နဲ့ အားလုံးက လိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ဖို့အတွက် ချီတက်သွားတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ ရှေ့ကနေဖို့လိုရင် ရှေ့ကနေပေးပါ။ နောက်ကနေ ကာဖို့လိုရင် နောက်ကနေ ကာပေးပါ။ ဘေးကနေ ရံဖို့လိုရင် ဘေးကနေ ရံပေးကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် "ဒုတိယအကြိမ် လွှတ်တော်များရဲ့(၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ကြွရောက်လာကြတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပထမအကြိမ် လွှတ်တော်များရဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားတဲ့ပုဂ္ဂိုလ်များ၊ လွှတ်တော်အသီးသီးရဲ့ ဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

"ဒုတိယအကြိမ် လွှတ်တော်များရဲ့ (၂)နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ဖို့ ဝိုင်းဝန်းကူညီပေးကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပူးပေါင်းပါဝင် တာဝန်ထမ်းဆောင်ကြသော လွှတ်တော်ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**အပြန်အလှန် ညှိနှိုင်းဆောင်ရွက်**

"ဒီကာလအတွင်းမှာ ပြည်သူကို ကိုယ်စားပြုပြီး လွှတ်တော်များဟာ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေး တာဝန်များကို ထမ်းဆောင်ရာမှာ တိုးတက်မှုများ ရှိလာတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းဆိုတာ မဏ္ဍိုင်တစ်ခုနဲ့ တစ်ခု ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ဘူးဆိုတာကိုလည်း ပိုမိုနားလည်လာတယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။ မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရင်း အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှုဟာ အလွန်အရေးကြီးပါတယ်။

"မဏ္ဍိုင်ကြီး(၃)ရပ်ဟာ ပြိုင်ဘက်မဟုတ်ဘဲ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဖော်ကိုင်ဖက်များဆိုတာကို သဘောပေါက်ကြစေလိုပါတယ်။ လွှတ်တော်အနေနဲ့ ဥပဒေပြုရေးသာမက ပြည်ထောင်စုအစိုးရရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အားပေးကူညီသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ဒီမိုကရေစီကျင့်စဉ်များကို လေးစားလိုက်နာနိုင်ကြတာနဲ့အမျှ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုခိုင်မာ အားကောင်းလာမယ်လို့ ကျွန်တော် ယူဆပါတယ်။

"လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဝန်ထမ်းများရဲ့အတွေ့အကြုံ ဗဟုသုတကြွယ်ဝစေဖို့အတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများနှင့် ပြည်ပခရီးစဉ် စေလွှတ်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိနေကြောင်းကိုလည်း ကိုယ်စားလှယ်များအားလုံး အသိပင်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဝန်ထမ်းများရဲ့အရည်အသွေး မြင့်မားလာလေလေ ဒီမိုကရေစီယဉ်ကျေးမှု ရင့်ကျက်လာလေလေ နှစ်ပေါင်းကာလတာရှည်စွာ ပြည်သူများ မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး စံနှုန်းစံထားများနဲ့ ညီညွတ်တဲ့၊ ခေတ်ကာလအခြေအနေနဲ့ ဆီလျော်တဲ့ ဥပဒေများကို ပြဋ္ဌာန်းနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်း (၂)နှစ်တာကာလအတွင်း မိမိတို့ရဲ့အတွေ့အကြုံများအပေါ် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကြပြီး ရှေ့ဆက်ရမယ့်ခရီးမှာ နိုင်ငံတော်နဲ့ အမျိုးသားအကျိုးစီးပွားများအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါတယ်။ ဒီမိုကရေစီရဲ့မဏ္ဍိုင်များဖြစ်တဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ လက်တွေ့ဆန်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ နှစ်ဦးနှစ်ဖက် ပြေပြစ်ညီညွတ်စွာ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို မမေ့မလျော့ဘဲ လိုက်နာကြစေချင်ပါတယ်။ ဒီမိုကရေစီကို ယုံကြည်ကြပါက ဒီမိုကရေစီသမားတွေကိုယ်တိုင်က အမှားကင်းအောင် သတိထားကြရပါမယ်။ ဒီမိုကရေစီကို မယုံကြည်သူတွေနဲ့ ဆွေးနွေးနိုင်အောင် ကြိုးစားကြရပါမယ်။ တစ်ဦးရဲ့ သဘောထားကို တစ်ဦးက နားလည်နိုင်အောင် ဂရုပြုကြရပါမယ်။

"အချုပ်အခြာအာဏာရဲ့မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်များ ခိုင်မာတောင့်တင်းနေသရွေ့ ဒီမိုကရေစီရှင်သန်နေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယခုလိုကျင်းပတဲ့ လွှတ်တော်နှစ်ပတ်လည်နေ့ အခမ်းအနားများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေသရွေ့ ကျင်းပပြုလုပ်နိုင်ပါစေကြောင်း အလေးအနက် ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား" ဟု ပြောကြားသည်။

**ဆန္ဒနဲ့မျှော်လင့်ချက်များ**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာတွင် "မိမိအနေဖြင့် ယခုလို ဒုတိယအကြိမ်လွှတ်တော်များ၏ နှစ်ပတ်လည်နေ့ အခမ်းအနားမှာ နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရတဲ့အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။ မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးခရီးလမ်းမှာ နိုင်ငံသူနိုင်ငံသားများ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် အဓိကအခန်းကဏ္ဍကနေ ဦးဆောင်လျှောက်လှမ်းလျက်ရှိတဲ့ ဒုတိယအကြိမ်လွှတ်တော်များရဲ့ ဒီမိုကရေစီဖော်ဆောင်မှု ခရီးဟာ ဒီကနေ့ဆိုလျှင် (၂)နှစ်တာဆိုတဲ့ အချိန်ကာလတစ်ခုကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီကာလအတွင်းမှာပဲ မဲဆန္ဒနယ်မြေ အသီးသီးက ပြည်သူများ ဖြစ်စေချင်သော ဆန္ဒနဲ့မျှော်လင့်ချက်များကို တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

"လွှတ်တော်များသည် ပြည်သူတို့၏ အသံများကို အစဉ်နားစွင့်ကာ အမျိုးသားလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ဒေသ အကျိုး၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက် အဆို ၁၃ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၇၁၅ ခုနဲ့ ကြယ်ပွင့်မပြ မေးခွန်း ၆၄၉ ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ဥပဒေပြုလွှတ်တော် အားကောင်းမှသာ ဒီမိုကရေစီ အားကောင်းမှာပဲဖြစ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှလည်း စွမ်းရည်မြင့်မားအောင် အစဉ်ကြိုးစားနေကြရမှာပဲ ဖြစ်ပါတယ်။ သို့မှသာ ဒီမိုကရေစီရှင်သန်ခိုင်မြဲစေပြီး လွှတ်တော် များ စွမ်းရည်ပိုမိုမြင့်မားစေမှာပဲ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံဟာ ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိရာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းလျက်ရှိပါတယ်။

**ရဲဝံ့ပြတ်သားစွာ ရေးဆွဲပြဋ္ဌာန်း**

"ဒီမိုကရေစီစနစ်မှာ ပြည်သူသည်သာ အခရာဖြစ်၍ ပြည်သူကိုဗဟိုပြုကာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဥပဒေပြုခြင်း၏ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာမှာ ခေတ်ကာလနှင့် မလျော်ညီသော ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများနှင့် အသစ်ပြဋ္ဌာန်းသင့်သော ဥပဒေများကို ပွင့်လင်းမြင်သာစွာ ရေးဆွဲပြဋ္ဌာန်းခဲ့ရာမှာ ပြည်ထောင်စုလွှတ်တော်က (၂) နှစ်တာကာလအတွင်း အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၂၀ ခု၊ ပြင်ဆင်သည့်ဥပဒေ ၂၄ ခုနှင့် ရုပ်သိမ်းသည့်ဥပဒေ ၆ ခုတို့ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ရှေ့ဆက်၍လည်း ပြည်သူ့အကျိုးပြု ဥပဒေများကို ရဲဝံ့ပြတ်သားစွာ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ ကြိုးပမ်းသွားကြရမှာပဲဖြစ်ပါတယ်။ သို့မှသာ ပြည်သူများဟာ ဥပဒေရဲ့အကာအကွယ်ကို တန်းတူရရှိစေပြီး မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူကအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ပြည်သူ့အကျိုးအတွက် ရည်ရွယ် ကြိုးပမ်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

"ပြည်ထောင်စုတစ်ဝန်း တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်ရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နယ်မြေဒေသအသီးသီးမှာ ငြိမ်းချမ်းမှုရရှိရေးတို့အတွက် နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ရာမှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံကဲ့သို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှာလည်း ဥပဒေပြုရေးမဏ္ဍိုင်မှ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ အစွမ်းကုန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

"ပြောင်းလဲချိန်တန်ပြီမှ အစပြုပြီး ဒီမိုကရေစီ ခယောင်းလမ်းကို ဖြတ်သန်းလာခဲ့ကြရာမှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲ အကျပ်အတည်းများ၊ စိန်ခေါ်မှုများစွာတို့ကို ပြည်သူနှင့်အတူ စည်းလုံးခြင်းအင်အား၊ ညီညွတ်ခြင်းသက်သေတို့ဖြင့် တက်ညီလက်ညီ တွဲလက်မဖြုတ်စတမ်း ရင်ဆိုင်ဖြတ်ကျော်ရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများအားလုံး၏ တူညီသော စိတ်ဆန္ဒများဖြစ်သည့် မိမိနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံဖွံ့ဖြိုး တိုးတက်လိုသည့် စိတ်တို့ဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်ကြဖို့ ဆန္ဒပြုတိုက်တွန်းနှိုးဆော်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး လွှတ်တော်သဘင်ဆောင်၌ ပြသသည့် **ဇာတိမြေ** (My Country My Home) ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**



**ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်နှင့် တက်ရောက်လာသူများအား တွေ့ရစဉ်။** သတင်းစဉ်

# ပြည်ထောင်စုကြီး ပိုမိုဖွံ့ဖြိုးအောင်၊ ခိုင်မာအောင်၊ ငြိမ်းချမ်းအောင် လုပ်ရမည်ဖြစ်ကြောင်း

## မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဂုဏ်ပြုစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁

**(၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဂုဏ်ပြုစကား ပြောကြားသည်။**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုစကား ပြောကြားစဉ်။** သတင်းစဉ်

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်သို့ ရောက်ရှိနေသော ဒေသအသီးသီးမှ မွန်တိုင်းရင်းသားလူမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများက မွန်ရိုးရာ တပင်တိုင်ယိမ်းအကဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြသည်။

### ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာ

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုစကား ပြောကြားရာတွင် "(၇၁)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်၊ ဒီလို မွန်အမျိုးသားနေ့ အခမ်းအနားမှာ မိန့်ခွန်းပြောခွင့်ရတဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာပါတယ်၊ ကျွန်မ ဒီလို မွန်အမျိုးသားနေ့အခမ်းအနားမှာ မိန့်ခွန်းပြောခဲ့တာ သုံး၊ လေးနှစ်တော့ ရှိသွားပြီလို့ ထင်ပါတယ်၊ ဒါပေမယ့် တစ်နှစ်တစ်ခါ စဉ်းစားစရာတွေကတော့ အသစ်တွေ ပေါ်လာပါတယ်၊ မွန်အမျိုးသားတွေအတွက်သာမက ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် မင်္ဂလာရှိတဲ့စကားနဲ့ စရ တစ်ဦးနှင့်တစ်ဦး လေးစားနားလည်မှု အပေါ်မှာ အခြေခံပါတယ်၊ ကျွန်မတို့ သမိုင်းမှာ ပြန်ကြည့်လိုက်မယ်ဆိုရင် ဗမာလူမျိုးတွေက မွန်ဘုရင်မကြီး ရှင်စောပုနဲ့ မွန်ဘုရင်ကြီး ဓမ္မစေတီမင်း၊ ရာဇာဓိရာဇ် မွန်မင်းတွေကို အင်မတန်မှ လေးစားပါတယ်၊ အင်မတန်မှ လေးစားတယ်၊ ချစ်ခင်တယ်၊ ကျွန်မတို့ သမိုင်းတာကို လက်ခံနိုင်တာ၊ အသိအမှတ်ပြုနိုင်တာ အင်မတန်မှ အရေးကြီးပါတယ်။

### ဂုဏ်ယူစရာကောင်း

"ကျွန်မတို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ဖို့ဆိုရင် ဒီအရည်အချင်းဟာ အင်မတန် အရေးကြီးပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်ဆိုရင်တော့ ပထမဦးဆုံး ကျွန်မတို့ သမိုင်းမှာသင်ရတဲ့ မွန်-ဗမာ စစ်ပွဲတွေ အကြောင်းလည်း သင်ရတယ်၊ ဒီစစ်ပွဲမှာ ပါခဲ့တဲ့ မွန်ဘုရင်များ၊ သူရဲကောင်းများကို ဗမာတွေက အင်မတန်မှ လေးစားတယ်၊ အင်မတန်မှ ချီးမွမ်းတယ်၊ ဒီဟာက မွန်တွေအတွက် ဂုဏ်ယူစရာကောင်းသလို ဗမာတွေအတွက်လည်း ဂုဏ်ယူစရာ လူမျိုးဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ၊ လေးစားတတ်တယ်၊ ချစ်ခင်တတ်တယ်၊ တန်ဖိုးထားတတ်တယ်ဆိုတာ အဲဒါလည်း အင်မတန်မှ ကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။

### အတူတူ လက်တွဲပြီးသွားမယ်

"ဒါကြောင့်မို့လို့ ကျွန်မတို့အားလုံးဟာ ဒီလိုအမျိုးသားနေ့မှာဆိုရင် တစ်နှစ်ကိုတစ်မျိုး စဉ်းစားပြီးတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွက် အပြုသဘောဆောင်မယ့် အတွေးတွေကို ပွားစေချင်ပါတယ်၊ ကျွန်မတို့ ပြည်ထောင်စုမှာ ပန်းတိုင်က ဘာလဲဆိုတော့ ကျွန်မတို့ရဲ့ ကမ္ဘာကြီးတည်သရွေ့ ဆက်စပ်ပြီးတော့ ပြည်ထောင်စုကြီး ပိုမိုဖွံ့ဖြိုးအောင်၊ ပိုမိုခိုင်မာအောင်၊ ပိုမိုငြိမ်းချမ်းအောင် လုပ်သွားရမှာပဲ၊ ဘယ်လိုနိုင်ငံပဲ ဖြစ်ဖြစ် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အလုပ်တွေပြီးပြီဟေ့ ငါတို့ ဘာမှထပ်လုပ်ဖို့ မလိုဘူးဆိုပြီး ထိုင်နေလို့မရပါဘူး၊ ကျွန်မတို့နိုင်ငံဆိုရင် သွားရမယ့်လမ်းက အဝေးကြီးရှိသေးတယ်၊ ဒီအဝေးကြီး သွားရမယ့်လမ်းကို ကျွန်မတို့အတူတူ လက်တွဲပြီးသွားမယ်ဆိုရင် လမ်းမှာ ပင်ပန်းတယ်လို့ ခံစားရမှာမဟုတ်ပါဘူး။

"ဥပမာဆိုရင် မန္တလေးမှာ စကား၊ ရန်ကုန်မှာ အကြွား၊ မော်လမြိုင်မှာ အစားဆိုတာ တစ်ယောက်နဲ့တစ်ယောက် အရည်အချင်းချင်း မတူဘူးဆိုတာကို ပြောလိုတာပါ၊ ရန်ကုန်ကအကြွားဆိုတာတော့ သိပ်မကောင်းဘူးနဲ့ တူပါတယ်၊ ဒါပေမယ့် မန္တလေးက စကားဆိုတာ စကားပြောတတ်တာ၊ မြန်မာဘာသာစကားကို ကျွမ်းကျင်တာ၊ အဲဒါတွေကို မယ်ဆိုရင် မကြာခင်ကာလမှာ မွန်တိုင်းရင်းသားများဟာလည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ထိုးမယ်ဆိုတဲ့ကိစ္စပါပဲ၊ ဒါဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ပိုမိုပြီးတော့ ခိုင်မာလာတယ်ဆိုတာ ပြသတာလည်း ဖြစ်ပါတယ်။

"ပြည်ထောင်စု စိတ်ဓာတ်ဆိုတာ စာအုပ်တွေမှာလည်း ငယ်ငယ်ကတည်းကနေပြီး ဒီလို မွန်ဘုရင်များ၊ မွန်ဘုရင်မကြီးများအကြောင်းကို ဖတ်ရတဲ့၊ သင်ရတဲ့အတွက်ကြောင့် လေးစားတဲ့စိတ်၊ ချစ်ခင်တဲ့စိတ်၊ တန်ဖိုးထားတဲ့စိတ်တွေ ဖြစ်ပါတယ်၊ ဒါဟာအင်မတန်မှ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ ကောင်းတဲ့အရာကို ကောင်းတယ်ဆို ရှာမယ်ဆိုရင်တော့တွေ့မှာပါပဲ။ ဘယ်သူမှလည်း အပြစ်ကင်းတာမဟုတ်ပါဘူး၊ ဒါပေမယ့် ကောင်းတဲ့ဘက်က၊ အပေါင်းလက္ခဏာဆောင်တဲ့ ဘက်ကနေ ကြည့်မယ်ဆိုရင် လူတိုင်းလူတိုင်းမှာလည်း လေးစားစရာ၊ ချစ်ခင်စရာအရာတွေ ရှိပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်မ မွန်အမျိုးသားများအကြောင်း စဉ်းစားတယ် ကောင်းတယ်၊ မွန်တွေအတွက် ဂုဏ်ယူစရာ ကောင်းတယ်ဆိုတာဟာ အများကနေပြီး လေးစားချစ်ခင်လောက်တဲ့ ပုဂ္ဂိုလ်ကြီးများကို မွေးထုတ်လိုက်တဲ့ တိုင်းရင်းသားများ၊ ဗမာတွေအတွက် ဂုဏ်ယူစရာကောင်းတယ်ဆိုတာက ဂုဏ်ရှိတဲ့သူ၊ ချစ်ဖို့ကောင်းတဲ့လူ၊ လေးစားဖို့ကောင်းတဲ့လူကို ဘယ်သူကိုမဆို ကိုယ့်ရဲ့ အမွှမ်းတင်တာပေါ့၊ မော်လမြိုင်က အစားဆိုတော့ မွန်တိုင်းရင်းသားများဟာ ဖွယ်ဖွယ်ရာရာ ချက်တဲ့နေရာမှာဆိုရင် အင်မတန်မှ တော်တယ်ဆိုတာကို အသိအမှတ်ပြုတာဖြစ်ပါတယ်၊ ကျွန်မတို့ရဲ့ တိုင်းရင်းသားတိုင်းဟာ ကိုယ့်ရဲ့ အထူးအားသန်ချက်ကလေးတွေရှိတယ်၊ အဲဒီ

စာမျက်နှာ ၇ သို့






**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်များ (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် မွန်တိုင်းရင်းသားလူငယ်များ ဖျော်ဖြေမှုကို ကြည့်ရှုစဉ်။** သတင်းစဉ်




**(၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်များ၊ မွန်တိုင်းရင်းသားလူငယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၆ မှ*

အထူးအားသန်ချက် ကလေးတွေကိုလည်း ပိုပိုပြီးတော့ အားသန်လာအောင်၊ ပိုပိုပြီးတော့ မြင့်မားလာအောင် ကျွန်မတို့အစိုးရမှာလည်း ပံ့ပိုးဖို့၊ အားပေးဖို့ တာဝန်ရှိပါတယ်၊ ဒါကြောင့်မို့ ကျွန်မတို့က တိုင်းရင်းသားဘာသာစကားတွေ၊ တိုင်းရင်းသားယဉ်ကျေးမှုတွေကို အများကြီးပဲ အားပေးစေချင်တယ်၊ တစ်နေ့ထက်တစ်နေ့ ပိုလို့ တိုးတက်လာစေချင်တယ်၊ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် တစ်ဖက်ကနေတစ်ယောက် ကသာသွားမှာ နောက်တစ်ယောက်က ကြောက်စရာ ဘာမှမရှိဘူး၊ ကျွန်မတို့ တိုင်းရင်းသားတွေထဲက တစ်စုကနေ အင်မတန်မှ အရည်အချင်းတွေ တက်သွားတယ်ဆိုရင် ကျန်တဲ့တိုင်းရင်းသားတွေအတွက်လည်း ဂုဏ်ယူစရာဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ပြည်ထောင်စုကြီးအတွက် ဂုဏ်ယူစရာဖြစ်လို့၊ ဒီလို ကျွန်မတို့ အမျိုးသားနေ့တွေမှာ ပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်တာဟာ ဘယ်လိုပဲပြောပြော ကျွန်မတို့ရဲ့ ဒီမိုကရေစီ ခရီးမှာ အင်မတန်မှ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်၊ ကျွန်မတို့ လွှတ်တော်ကို ၂၀၁၂ ခုနှစ် ရောက်လာကတည်းက မွန်အမျိုးသားနေ့ကို ဘယ်တော့မှ လွှတ်တော်ကလည်း လျစ်လျူမရှုခဲ့ဘူး၊ ကျွန်မတို့ရဲ့ကိုယ်စားလှယ်တွေအားလုံးကလည်း ညီညီညွတ်ညွတ်နဲ့ အသိအမှတ်ပြုခဲ့တယ်၊ တခြားတိုင်းရင်းသားများရဲ့အထူးနေ့တွေမှာဆိုရင်လည်း ဒီအတိုင်းပါပဲ၊ ဒီတော့ ဒီလို အခမ်းအနားတွေမှာ တချို့က အခမ်းအနားဆိုတာ ဘာများသိပ်ပြီးတော့ အရေးပါလို့လဲလို့ ထင်ကြမှာပါ၊ ဒါပေမယ့် အရေးပါပါတယ်၊ တစ်ခုကတော့ ကျွန်မတို့က တစ်နှစ်နဲ့ တစ်နှစ် အခုဆိုရင် (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ဆင်နွှဲတဲ့အခါမှာ ကျွန်မတို့ ၇၁ နှစ်ရှိလာပြီ၊ ဒီ ၇၁ နှစ်အထဲမှာ ဘာအားသာချက်တွေရှိခဲ့သလဲ၊ ဘာတိုးတက်ချက်တွေရှိခဲ့သလဲ၊ ဘာတွေထပ်လုပ်ဖို့ လိုသေးသလဲဆိုတာကို ဆင်ခြင်ရမယ့် အချိန်ပဲဖြစ်ပါတယ်၊ နောက်တစ်ခုကတော့ အချိန်တွေ ကုန်တယ်ဆိုတာကို ကျွန်မတို့မမေ့ဖို့ပဲ၊ တစ်နှစ်နဲ့တစ်နှစ် အချိန်တွေက ကုန်သွားပါပြီ၊ ဒီကုန်သွားတဲ့ အချိန်တွေမှာ ကျွန်မတို့ရဲ့ပြည်ထောင်စုကြီး တိုးတက်ရေးအတွက် ဘာလုပ်ပေးနိုင်သလဲ၊ ဘာလုပ်ခဲ့သလဲ၊ ဘာတွေထပ်ပြီး လုပ်ဖို့လိုသလဲ ဆိုတာကိုလည်း စဉ်းစားဖို့ဖြစ်ပါတယ်၊ နှစ်ပတ်လည်တယ်ဆိုတာဟာ အတိတ်ကို ပြန်ပြီးသုံးသပ်ဖို့ဖြစ်သလို၊ အနာဂတ်အတွက် မျှော်လင့်ချက်အသစ်တွေ၊ ရည်ရွယ်ချက်အသစ်တွေကို ဆောက်တည်ဖို့လည်း ဖြစ်ပါတယ်။

**ထာဝရငြိမ်းချမ်းရေးရဖို့**

"ကျွန်မတို့ အခုမွန်အမျိုးသားနေ့ အခမ်းအနားမှာဆိုရင် မွန်အမျိုးသားများဟာ ငြိမ်းချမ်းရေးရဲ့ ဖြစ်စဉ်ထဲမှာ ပိုပြီးတော့ ထဲထဲဝင်ဝင် ပါလာမယ်ဆိုတာကို ကျွန်မတို့ ဝမ်းသာသလို၊ ဂုဏ်ယူရမှာဖြစ်ပါတယ်၊ မွန်အမျိုးသားများဟာလည်း ဝမ်းပန်းတသာရှိမယ်၊ ဂုဏ်ယူနေကြမယ်လို့လည်း ကျွန်မထင်ပါတယ်၊ နောက်တစ်ခါ ဆက်ပြီးတော့ ဒါဟာ ပထမခြေလှမ်းပဲ၊ အပစ်အခတ်ရပ်စဲရေးဆိုတာ ပထမခြေလှမ်း၊ အဲဒီကနေဆက်ပြီးတော့ ထာဝရငြိမ်းချမ်းရေးရဖို့ကို ကြိုးစားရမယ်၊ ငြိမ်းချမ်းရေးရဖို့ဆိုတာ အဘက်ဘက်ကနေဝိုင်းပြီးတော့ ကြိုးစားသွားရမှာ၊ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လူ့အသိုင်းအဝိုင်းမှာမှ လူသားများဟာ စိတ်ချမ်းသာနိုင်မှာ မဟုတ်ပါဘူး၊ ငြိမ်းချမ်းတယ် ဆိုတာ နှလုံးစိတ်ဝမ်းထဲကနေ ငြိမ်းချမ်းဖို့ အင်မတန်မှ လိုပါတယ်၊ မနေ့တုန်းက မွန်တိုင်းရင်းသားများက လှည့်လည်ပြီးတော့ တချို့အိမ်တွေမှာ ပေါ့နော်၊ မွန်အကတွေ၊ အဆိုတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်၊ အဲဒီတော့ ကျွန်မအိမ်ကို ရောက်တုန်းကလည်း ကျွန်မကို ကန်တော့ပါတယ်၊ ကန်တော့တော့ ကျွန်မဆုပေးတဲ့အထဲမှာ နှလုံးစိတ်ဝမ်း အေးချမ်းပါစေလို့ ကျွန်မ ဆုတောင်းပေးလိုက်ပါတယ်၊ နှလုံးစိတ်ဝမ်းအေးချမ်းတယ်ဆိုရင် အားလုံးပြည့်စုံတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာမှုနှလုံးစိတ်ဝမ်း အေးချမ်းနိုင်မယ်၊ ချမ်းသာတယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာအရ ချမ်းသာတာကို ပြောတာမဟုတ်ဘူး၊ လုံလောက်မှုနဲ့ ဖူလုံမှုရှိတာ၊ အဲဒီလို ဖူဖူလုံလုံရှိမှုလည်း စိတ်အေးချမ်းနိုင်မယ်၊ ဒီတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်အပေါ်ကို မေတ္တာထားတဲ့ လူတွေရှိမှုလည်း နှလုံးစိတ်ဝမ်း အေးချမ်းနိုင်မယ်၊ ကိုယ်ကမေတ္တာထားတဲ့ လူတွေရှိမှုလည်း နှလုံးစိတ်ဝမ်း အေးချမ်းနိုင်မယ်၊ အဲဒီတော့ နှလုံးစိတ်ဝမ်း အေးချမ်းတယ်ဆိုတဲ့ဆုနဲ့ ပြည့်စုံတယ်ဆိုရင် ကျွန်မတို့အားလုံး ပြီးပြည့်စုံမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်မအနေနဲ့ အခုလို (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့အခါသမယမှာ မွန်တိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံး နှလုံးစိတ်ဝမ်း


**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

အေးချမ်းကြပါစေလို့ ဆုတောင်းပေးသလို ပြည်ထောင်စု တိုင်းရင်းသားအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ပြောကြားသည်။

**လွတ်လပ်စွာ ကျင်းပခွင့်ပေး**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် အမြို့မြို့အနယ်နယ်ရှိ မွန်လူမျိုးများနေထိုင်ရာ ဒေသအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ (၇၁) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုပေါ်ပေါက်လာသော ပြည်သူ့အစိုးရလက်ထက်တွင် တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ပေးရုံသာမက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း လိုအပ်သော ဘဏ္ဍာရန်ပုံငွေများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း။

**ရိုးရာဓလေ့ထုံးထမ်းစဉ်လာ**

လူမျိုးတစ်မျိုး၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်အောင် ထိန်းသိမ်းဖော်ထုတ်ခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန် ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးတို့သည် မိမိတို့၏လူမျိုးအား တန်ဖိုးထား ချစ်ခင်မြတ်နိုးသကဲ့သို့ အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း မိမိ၏ဆွေမျိုးရင်းချာအဖြစ် သဘောထား၍ လူသားအချင်းချင်း အပြန်အလှန် ယုံကြည်လေးစားလျက် ညီညွတ်မှုတစ်ခု အတူတကွယှဉ်တွဲနေထိုင်သွားမည်ဆိုပါက မိမိတို့အားလုံး လိုလားတောင့်တနေကြသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ် ပေါ်ပေါက်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်များသည် ညစာကို အတူတကွသုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာ သုံးဆောင်နေစဉ်အတွင်း မွန်တိုင်းရင်းသားလူငယ်များက မွန်အမျိုးသားနေ့ပွဲတော်(သီချင်း)၊ မွန်ဟသ်ာယိမ်း၊ မွန်လူပျိုလှည့်ယိမ်း၊ မွန်သီချင်း၊ မွန်စာပေသင်ကြားစို့ယိမ်း၊ ညောင်ရေသွန်းယိမ်း၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ (မွန်သီချင်း)နှင့် ပြည်ထောင်စုအင်အား ယိမ်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာသည့်ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# မူးယစ်ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာတာဝန်ခံများ စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ တာဝန်ခံများ အစည်းအဝေး (Mekong MoU Focal Point Meeting) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် မြန်မာဘက်မှဆွေးနွေးမည့် ကိုယ်စားလှယ်အဖွဲ့ကိုးဦး၊ ထိုင်းနိုင်ငံ အခြေစိုက်၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ၊ UNODC ရုံးမှ ကိုယ်စားလှယ် သုံးဦး၊ တရုတ်၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နှစ်ဦးစီ၊ ကမ္ဘောဒီးယားနိုင်ငံမှ တစ်ဦး စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်နှင့်အဖွဲ့၊ တရုတ်၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ UNODC ရုံး၏ ဌာနေကိုယ်စားလှယ်အဖွဲ့တို့က ယခင်နှစ်အစည်းအဝေးမှ ချမှတ်ခဲ့သည့် လုပ်ငန်းစီမံချက်များ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် မဲခေါင်လုပ်ငန်းအစီအမံနှင့် လုပ်ငန်းအချိန်ကာလအလိုက် ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Committee, SOC) အတွက် ကြိုတင်ပြင်ဆင်မှုများ ဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ (**အပေါ်ပုံ**) အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ခုတင် ၂၀၀ နှင့်အထက်ရှိသည့် မြို့နယ် ၂၄ မြို့နယ်တွင် စိတ်ကျန်းမာရေးဆရာဝန်များ ခန့်ထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြုပြင်ဆောင်ရွက်ပေး**

အစည်းအဝေးတွင် ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဆလိုင်းရီယန်းဗဲလ်၏ **ဖလမ်းမြို့ရာပြည့်ဘောလုံးကွင်းတွင် မီတာ ၄၀၀ ပြေးလမ်း ငါးခုရှိသော စံချိန်မီ ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖလမ်းခရိုင် ဖလမ်းမြို့နယ်တွင် ရာပြည့်ဘောလုံးကွင်းနှင့် ဟရန်ထီးယိုးဘောလုံးကွင်း နှစ်ကွင်းရှိပါကြောင်း၊ ရာပြည့်ဘောလုံးကွင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် သန်း ၆၀ ဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၇ သန်းဖြင့် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာပြည့်ဘောလုံးကွင်းအား မီတာ ၄၀၀ ပြေးလမ်း ငါးခုရှိသော စံချိန်မီ ဘောလုံးကွင်းအဖြစ် ဆောင်ရွက်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ပထမဦးဆုံးအနေဖြင့် ရာပြည့်ဘောလုံးကွင်းပတ်လည်တွင် ပေ ၅၀၀ ခန့် ကျောက်စီမြေထိန်းနံရံပြုလုပ်ရန်အတွက် ခန့်မှန်းကုန်ကျ ငွေကျပ် သန်း ၂၅၀ ကုန်ကျမည်ဖြစ်ပြီး မီတာ ၄၀၀ ပြေးလမ်း ငါးခုဖောက်လုပ်နိုင်ရန်အတွက် မြေညှိခြင်းလုပ်ငန်းနှင့် ပြေးလမ်းပြုလုပ်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၂၀ စုစုပေါင်း ငွေကျပ်သန်း ၃၇၀ ခန့် ကုန်ကျမည်ဖြစ်ပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။

သတင်းစဉ်

## “ကုသရေးဦးစီးဌာနတွင်လည်း တစ်နိုင်ငံလုံးရှိ ဖွဲ့စည်းပုံပါဝင်သော ဆေးရုံ ၅၁ ရုံတွင် ၃၉ ရုံခန့်ထားပြီး၍ ၇၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ထားပေးပြီးဖြစ်”

**ဆရာဝန်များခန့်ထားပြီးဖြစ်**

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မြန်မာနိုင်ငံအတွင်း ခရိုင်အဆင့် ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေးဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်နိုင်ငံလုံးတွင် ခရိုင် ၇၄ ခုအနက် စိတ်ကျန်းမာပညာအထူးကု ဖွဲ့စည်းပုံပါဝင်သော ခုတင် ၂၀၀ နှင့်အထက်ရှိသည့် မြို့နယ်များမှာ ၃၄ မြို့နယ်ဖြစ်ပြီး ၂၄ မြို့နယ်တွင် စိတ်ကျန်းမာရေး ဆရာဝန်များ ခန့်ထားပြီးဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနတွင်လည်း တစ်နိုင်ငံလုံးရှိ ဖွဲ့စည်းပုံပါဝင်သော ဆေးရုံ ၅၁ ရုံတွင် ၃၉ ရုံခန့် ထားပြီး၍ ၇၆ ဒသမ ၅ ရာခိုင်နှုန်း ခန့်ထားပေးပြီးဖြစ်ပါကြောင်း။

ကျန်ခရိုင်မြို့နယ် ၄၀ မှာ ခုတင် ၁၀၀၊ ၅၀၊ ၂၅ ခုတင်ဆံ့ဆေးရုံများ ဖြစ်ကြသည့်အတွက် ဖွဲ့စည်း ပုံပါဝင်ခြင်းမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံပါဝင်သော ဆေးရုံကြီးများ၌ပင် လုံလောက်စွာ ခန့်ထားပေးနိုင်ခြင်းမရှိသေးပါသဖြင့် ဖွဲ့စည်းပုံမရှိသော ခရိုင်အဆင့် မြို့နယ်ဆေးရုံများတွင် ခန့်ထားပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ငပုတော မဲဆန္ဒနယ်မှ ဦးသန်းအောင်နှင့် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ထောက်ခံဆွေးနွေး**

ထို့နောက် ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၏ **နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် mobile medical team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်သို့တင်သွင်းရာ မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**သဘောတူ**

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် **“စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးမှ သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂၊ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ) တို့အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **မွှေးကြူဇင်**

# ကစ္ဆပနဒီ(ကုလားတန်) မြစ်ကူးတံတားအတွက် နိုင်ငံခြားအကူအညီများ တောင်းခံပြီးဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

**တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း-မောင်း လှော်မြစ်ကူးတံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သည့် လမ်းပေါ်တွင်တည်ရှိသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။**

**ရှင်းလင်းဖြေကြား**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးဒသမနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇော်ဟိန်း၏ **တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း-မောင်းလှော်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

**အကျိုးပြုနိုင်မည်ဖြစ်**

ဆက်လက်၍ ဒုတိယဝန်ကြီးက မင်းသန်း-မောင်းလှော်မြစ်ကူးတံတားအသစ်တစ်စင်း တည်ဆောက်လိုသည့်နေရာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပေါ်ရှိ မြိတ်မြို့နယ် မင်းသန်းကျေးရွာမှ ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာသို့ ဆက်သွယ်မည့် နေရာဖြစ်ပြီး တံတားအရှည်ပေ ၁၈၀၀ ခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မြိတ်မြို့နယ်ဘက်ခြမ်းရှိ တောင်ပုလဲ-ရှမ်းတောင်-မင်းသန်းလမ်းသည် မြိတ်-တနင်္သာရီ-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းဖြစ်ပါကြောင်း။

ကျွန်းစုမြို့နယ်ဘက်ခြမ်းတွင် မောင်းလှော်ကျေးရွာမှတစ်ဆင့် ရတောင်- မင်းကုတ်- ပြင်ဝန်း- ဂျိုးတောင်-ချုံချင်း-ဝါရစ်ကရင်-ဝါရစ်မြန်မာ-လယ်သစ်အနောက်လမ်းနှင့် မောင်းလှော်-ဇေးကမိ-ညောင်ဘီး-အညင်း-ပဲယာလမ်းတို့ကို ကူးသန်းသွား လာနိုင်မည်ဖြစ်ပြီး ပြည်သူ ၃၀၀၀၀ ခန့်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ကုန်ကျမှုမြင့်မား**

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း၏ **ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် ပုဏ္ဏားကျွန်း-ပေါက်တော မြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါ တံတားကြီးသည် ရောဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်များပေါ်တွင် တည်ဆောက်သော တံတားများကဲ့သို့ မဟုတ်ဘဲ ဒီရေအတက်အကျရှိသည့် ပင်လယ်ဝတွင် တည်ဆောက်ရမည်ဖြစ်သည့်အတွက် လှိုင်းအလွန်ကြီးမားပြီး ပြည်တွင်းရေကြောင်း နှစ်ထပ်သင်္ဘောများ စစ်တွေမြို့မှ ပုဏ္ဏားကျွန်းမြို့-မြောက်ဦးမြို့-ကျောက်တော်မြို့သို့ နေ့စဉ် သွားလာလျက်ရှိသဖြင့် ရေလမ်းကင်းလွတ်အမြင့်အပါအဝင် Foundation အထိ မီတာ ၁၀၀ ကျော် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံတွင် တည်ဆောက်နေသော တံတားကြီးများတွင် အသုံးပြုနေသည့် စက် ယာဉ်၊ ယန္တရားများနှင့် လုံလောက်မှုမရှိဘဲ အဆင့်မြင့် စက်ယာဉ်၊ ယန္တရားများ လိုအပ်မည်ဖြစ်သည့်အပြင် ငွေကြေးပိုင်းဆိုင်ရာ ကုန်ကျမှုမြင့်မားသည့်အတွက် ရန်ပုံငွေအကန့်အသတ်လည်း ရှိမည်ဖြစ်ပါကြောင်း။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။

သတင်းစဉ်

## “ရခိုင်ပြည်နယ်၏ အဓိကဝင်ပေါက် လမ်းမကြီးများဖြစ်သော မင်းဘူး-အမ်း-စစ်တွေ လမ်းနှင့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပေါ်ရှိ ယာယီတံတားများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခု ငါးနှစ်စီမံကိန်းကာလအတွင်း ဦးစားပေး ဆောင်ရွက်လျက်ရှိ”

**အကူအညီများတောင်းခံ**

ရခိုင်ပြည်နယ်၏ အဓိကဝင်ပေါက်လမ်းမကြီးများဖြစ်သော မင်းဘူး-အမ်း-စစ်တွေ လမ်းနှင့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပေါ်ရှိ ယာယီတံတားများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခု ငါးနှစ်စီမံကိန်းကာလအတွင်း ဦးစားပေး ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းပမာဏကြီးမားသော အဆိုပါ ကစ္ဆပနဒီ(ကုလားတန်) မြစ်ကူးတံတားအတွက် နိုင်ငံခြားအကူအညီများ တောင်းခံသွားမည်ဖြစ်ပြီး နိုင်ငံတကာအကူအညီ ရရှိမှုအပေါ်မူတည်၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အမြန်ဆုံး ပြုပြင်ဆောင်ရွက်**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မင်းဘူးမြို့နယ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတားနှင့် တံတား ချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး စစ်ဆေးရေး၊ ထိန်းသိမ်းရေး Work Done & Quality Control (WD/QC) အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတားချဉ်းကပ်လမ်းပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရေပူရိုးချောင်း တံတားချဉ်းကပ်လမ်းပျက်စီးမှုနှင့် ပတ်သက်၍ ပြည်သူအများ သွားလာအသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံး ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၁ သို့*

# ထားဝယ်အထူးစီးပွားရေးဇုန်အကြောင်း တစေ့တစောင်း

**ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် ထားဝယ်ရေနက်ဆိပ်ကမ်းပုံစံဖြင့် စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထားဝယ်ရေနက်ဆိပ်ကမ်း အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာကို မြန်မာ-ထိုင်းနိုင်ငံ နှစ်နိုင်ငံအစိုးရအဖွဲ့များက စတင်၍ စာချွန်လွှာ ရေးထိုးခဲ့ပါသည်။ အဆိုပါ စာချွန်လွှာအရ ၂၀၀၈ ခုနှစ်တွင် အီတာလျံ-ထိုင်းကုမ္ပဏီသို့ နှစ်ရှည်လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုပေးခဲ့သည်။**

၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သည့် စီမံကိန်းလုပ်ငန်းတွင် ရေနက်ဆိပ်ကမ်း၊ မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး၊ စက်မှုဇုန်များ၊ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံများ၊ လူနေအိမ်ရာများ၊ လူမှုရေးဆိုင်ရာအဆောက်အအုံများ ပါဝင်ကာ လုပ်ငန်းပမာဏရေိယာ ကြီးမားသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။

### လုပ်ကိုင်ဆောင်ရွက်ခွင့် စာချုပ်များ

သို့အတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၅ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၆ ခုနှစ် မတ်လတို့၌ မူလပင်မ စီမံကိန်း ၁၉၆ စတုရန်းကီလိုမီတာအနက်မှ ယခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ၂၇ စတုရန်းကီလိုမီတာ အကျယ်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အီတာလျံ-ထိုင်း ဦးဆောင်သော ရင်းနှီးတည်ဆောက်မည့် ကုမ္ပဏီများနှင့် စီမံကိန်းအလိုက် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့် စာချုပ်များအား စာချုပ်ချုပ်ဆိုခဲ့သည်။

ဆောင်ရွက်ရန် အကြောင်းကြားစာ(Notice to Proceed)ထုတ်ပေးကာ ကနဦးစီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်စေမည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်ရန် ကျန်ရှိနေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင် ကနဦးစီမံကိန်းကိုးခု၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အစီရင်ခံစာ ၁၀ ခုမှ ခုနစ်ခုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပြီး အစီရင်ခံစာသုံးခုမှာ ဖြည့်ဆည်းရန် ကျန်ရှိနေသည့် လုပ်ငန်းအဖြစ် ကျန်ရှိနေခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီလအတွင်း အပြီးသတ်အတည်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ကနဦးစီမံကိန်း မြေငှားစာချုပ်ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဆွေးနွေးပြီး ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်တွင် အပြီးသတ်ဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေငှားစာချုပ် အပြီးသတ်အတည်ပြုခြင်း




ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

ဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် များစွာအထောက်အကူပြုမည့် စီမံကိန်းဖြစ်သည့်အပြင် ဒေသခံများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းမည့်စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

### ပူးပေါင်းဆောင်ရွက်ရန် အချက်များ

၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာ-ထိုင်း-




လက်ရှိ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့က သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များ စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဦးစီးဆောင်ရွက်ခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းကို အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်အလိုက် ဆောင်ရွက်သွားရမည့် အချက်များအား ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ကနဦးစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ စတင်မတည်ဆောက်မီ အီတာလျံ-ထိုင်းဦးဆောင်သော ရင်းနှီးတည်ဆောက်သည့် ကုမ္ပဏီများနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ နှစ်ဦးနှစ်ဖက်ဖြည့်ဆည်းဆောင်ရွက်ရမည့် အချက်များအနက် ကျန်ရှိနေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အစီရင်ခံစာ၊ မြေငှားစာချုပ် ချုပ်ဆိုရေးစသည့် အချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးသည်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ရင်းနှီးတည်ဆောက်သူသို့ စီမံကိန်းစတင်ပြီးမြောက်ပါက ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးပင်မစီမံကိန်း စတင်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

### ဥပဒေ၊ နည်းဥပဒေများနှင့်အညီ

သို့သော် မြေငှားစာချုပ်ချုပ်ဆိုခြင်းမှာ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရယူ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သေချာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော ထိုင်းနိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရေးအတွက် ထိုင်းနိုင်ငံအစိုးရက သက်သာသောချေးငွေဖြင့် တည်ဆောက်ရန် ကမ်းလှမ်းထားခဲ့သဖြင့် အဆိုပါချေးငွေရယူတည်ဆောက်နိုင်ရေး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လမ်းအူကြောင်း ပြန်လည်စိစစ်တိုင်းတာခြင်းအား မြန်မာနိုင်ငံဘက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံမှ Department of Highways (DOH)တို့က ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။ အဆိုပါလမ်းတည်ဆောက်မှုသည် ထားဝယ်အထူးစီးပွားရေးဂျပန်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံမှ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် Special Purpose Vehicle (SPV) တွင် ပါဝင်ဆောင်ရွက်ရန်၊ ပင်မစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် Master Plan အား အသေးစိတ်ရေးဆွဲရန်၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ်သို့ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးအတွက် Feasibility Study ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စများအား ထည့်သွင်းစဉ်းစား၍ ပူးပေါင်းဆောင်ရွက်ရန် အချက်များပါဝင်သော Memorandum of Intent (MOI) ကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်မှတ်ရေးထိုးထားမှုအရ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပင်မစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်ရမည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းစသည့် အခြေခံအဆောက်အအုံများ တည်ဆောက် ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း JICA က ဦးဆောင်လျက် စစ်တမ်းကောက်ယူလျက်ရှိရာ အဆိုပါ ပင်မစီမံကိန်းဖွံ့ဖြိုးမှု အစီရင်ခံစာအား ၂၀၁၈ ခုနှစ် ဇွန်လနောက်ဆုံးထားပြီး JICA က ရေးဆွဲတင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဒေသခံများ၊ ပြည်သူများလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ သိရှိနိုင်ရန် ဒေသခံအဖွဲ့အစည်းများ၊ ဒေသခံရပ်မိရပ်ဖများ၊ လွှတ်တော်အရပ်ရပ်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသို့ ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းများကိုလည်း မပြတ်ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်း ထားဝယ်အထူးစီးပွားရေးဇုန်တွင် ထပ်မံကျင်းပခဲ့ကြောင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းခြင်း၊ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားခြင်းများပြုလုပ်ခဲ့ပြီး ကောင်းမွန်သည့် ဆက်ဆံရေးများ တည်ဆောက်နိုင်ခဲ့ကြောင်းလည်း သိရှိရသည်။

### လျှပ်စစ်ဓာတ်အားရရှိရေး

ထားဝယ်အထူးစီးပွားရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်မှုအပေါ် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က "ထားဝယ်ဒေသမှာ လက်ရှိ National Grid က မရောက်သေးဘူး၊ မရောက်သေးတဲ့အခါ ကျွန်တော်တို့ ဝန်ကြီးဌာနကပံ့ပိုးတဲ့ တစ်နေ့ကို သဘာဝဓာတ်ငွေ့ကုဗပေ နှစ်သန်းကို အသုံးပြုပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်နဲ့ ၁ မဂ္ဂါဝပ်ထုတ်လုပ်နိုင်တဲ့ Gas Engine ၁၂ လုံး တစ်နည်းအားဖြင့် စုစုပေါင်း ၁၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်တဲ့စက်ကို တည်ထားတယ်၊ ဒီစက်နဲ့ တနင်္သာရီတိုင်းဒေသကြီးအစိုးရက ရွေးချယ်တဲ့ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်တယ်၊ ပြီးရင် ထားဝယ်ဒေသကို လျှပ်စစ်ဓာတ်အားပေးနေတယ်၊ ဒါပေမယ့် ဒီ ၁၂ မဂ္ဂါဝပ် အနေအထားဟာ ထားဝယ် SEZ ကို ဓာတ်အားပေးဖို့ကျတော့ မလုံလောက်ဘူး။

"အရင်အစိုးရသက်တမ်းကာလမှာ ထားဝယ် SEZ ကို လျှပ်စစ်ပေးဖို့ဆိုပြီး ဆောင်ရွက်ခဲ့တဲ့ အစီအစဉ်တစ်ခုရှိတယ်၊ အဲဒါကတော့ Project Developer ဖြစ်တဲ့ Italian-Thai ကုမ္ပဏီနဲ့ Shell ရယ်၊ LNG Plus ဆိုတဲ့ ကုမ္ပဏီ သုံးခုပူးပေါင်းပြီးတော့ LNG တင်သွင်းမယ်၊ ပြီးရင် အဲဒီမှာ လျှပ်စစ်ဓာတ်အားထုတ်မယ်၊ ထားဝယ် SEZ ကိုဓာတ်အားပေးမယ်။ ဒါပေမယ့် ဒီအစီအစဉ်ရဲ့ ဓာတ်အားခ ကုန်ကျစရိတ်က ဈေးမြင့်တယ်။ အဲဒီ Project ကလည်း ထားဝယ် SEZ တစ်ခုကိုပဲပေးနိုင်တဲ့ အနေအထား ဖြစ်နေတယ်။

"ဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တင်မကဘဲနဲ့ ထားဝယ် SEZ ရေိယာတွေရော၊ မြိတ်ရေိယာတွေရော ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေမှု အစီအစဉ်နှစ်ခုရှိပါတယ်။

### ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း

"ပထမဦးဆုံးအစီအစဉ်က အာရှဖွံ့ဖြိုးရေးဘဏ်-ADB ရဲ့ အထူးသက်သာတဲ့ ချေးငွေကိုရရှိအောင် ကျွန်တော်တို့ ဝန်ကြီးဌာနက ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေတယ်၊ ဒီအစီအစဉ်နဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းကတော့ လက်ရှိ National Grid ရောက်နေတာက မော်လမြိုင်မြို့ကိုရောက်နေတယ်၊ မော်လမြိုင်မြို့က ၂၄ နာရီမီးလင်းတယ်၊ မော်လမြိုင်ကနေ ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းကို မော်လမြိုင်ကနေ ရေးမြို့၊ ရေးမြို့မှာလည်း ၂၃၀ ကေဗွီဓာတ်အားပေးစက်ရုံဆောက်မယ်၊ ရေးမြို့ကနေ ထားဝယ်အထိကို ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းနဲ့ ဆက်ဆွဲမယ်။ ထားဝယ်မြို့မှာ ၂၃၀ ကေဗွီ ခွဲရုံဆက်ဆောက်မယ်၊ အဲဒါဆိုရင် လက်ရှိ National Grid ကနေထုတ်နေတဲ့ ဓာတ်အားကို မော်လမြိုင်မှသည် ရေး၊ ရေးကနေ ထားဝယ်ရောက်အောင်ပို့ပြီးတော့ ထားဝယ်မြို့ ရေိယာအားလုံး ဓာတ်အားပေးမယ်ဆိုပြီး စီစဉ်ဆောင်ရွက်မယ်၊ ဒီတည်ဆောက်ရေးလုပ်ငန်းတွေက ကျွန်တော်တို့လုပ်ရင် အကြမ်းအားဖြင့် နှစ်နှစ်လောက်အချိန်ယူမှာ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၉ နှစ်ကုန်နဲ့ ၂၀၂၀ ပထမ ခြောက်လပတ်လောက်အတွင်းမှာ ပြီးသွားနိုင်ပါတယ်။

"National Grid နဲ့ ဓာတ်အားပေးရာမှာ တည်ဆောက်ရေးကို မိုင်ရာနဲ့ချီပြီး ဆောက်ရတာရှိတယ်၊ ဒါက Plan တစ်ခု၊ ဒုတိယ Plan က ဘာလဲဆိုရင် ကန်ပေါက် ရေိယာနားမှာ ပြင်သစ်နိုင်ငံက Total ရေနံကုမ္ပဏီနဲ့ ဂျာမနီနိုင်ငံ Siemens လျှပ်စစ်ကုမ္ပဏီကြီးနှစ်ခုကနေ Joint Venture ကုမ္ပဏီဖွဲ့၊ ဖွဲ့ပြီးတော့ ပြည်ပနိုင်ငံကနေပြီးတော့ LNG လို့ခေါ်တဲ့ သဘာဝဓာတ်ငွေ့အရည် သင်္ဘောကြီးနဲ့ တင်သွင်း၊ တင်သွင်းပြီးရင် ကန်ပေါက်ရေိယာနားမှာ သင်္ဘောကပ်၊ သင်္ဘောပေါ်ကနေပဲ သဘာဝဓာတ်ငွေ့အရည်ကို သဘာဝဓာတ်ငွေ့အဖြစ် ပြောင်းပေးမယ်၊ သင်္ဘောကပ်တဲ့ Jetty ကနေပြီးတော့ ကန်ပေါက်မှာရှိတဲ့ မြေနေရာအထိကို ဓာတ်ငွေ့ပိုက်လိုင်းဆွဲပေးရမယ်၊ ဓာတ်ငွေ့ပိုက်လိုင်းဆွဲပေးတဲ့အခါမှာ ပင်လယ်ထဲမှာ ၁၅ ကီလိုမီတာလောက်ဆွဲရမယ်၊ ကုန်းပေါ်မှာနောက်ထပ် ၁၃ ကီလိုမီတာလောက် ဆွဲရမယ်၊ သူတို့က ဒီပိုက်လိုင်းတွေကိုလည်း ရင်းနှီးမြှုပ်နှံရမယ်၊ ပြီးရင် ကုန်းပေါ်မှာ

*စာမျက်နှာ ၁၀ သို့*

**❖ ပြင်သစ်နိုင်ငံက Total ရေနံကုမ္ပဏီနဲ့ ဂျာမနီနိုင်ငံ Siemens လျှပ်စစ်ကုမ္ပဏီကြီးနှစ်ခုကနေ Joint Venture ကုမ္ပဏီဖွဲ့၊ ဖွဲ့ပြီးတော့ ပြည်ပနိုင်ငံကနေပြီးတော့ LNG လို့ခေါ်တဲ့ သဘာဝဓာတ်ငွေ့အရည် သင်္ဘောကြီးနဲ့ တင်သွင်း၊ တင်သွင်းပြီးရင် ကန်ပေါက်ရေိယာနားမှာ သင်္ဘောကပ်၊ သင်္ဘောပေါ်ကနေပဲ သဘာဝဓာတ်ငွေ့အရည်ကို သဘာဝဓာတ်ငွေ့အဖြစ် ပြောင်းပေးမယ်၊ သင်္ဘောကပ်တဲ့ Jetty က နေပြီးတော့ ကန်ပေါက်မှာရှိတဲ့ မြေနေရာအထိကို ဓာတ်ငွေ့ပိုက်လိုင်း ဆွဲပေးရမယ်။**

❂ *ကျောဖုံးမှ*

ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီငါးရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များ အသင်းဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မြဝတီနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ ငါးဖွဲ့ ဖွဲ့စည်း**

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဒုတိယသမ္မတဦးဆောင်ကာ အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်ငါးရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ငါးဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း။

**အလေးထားဆွေးနွေး**

အဆိုပါလုပ်ငန်းကော်မတီ ငါးဖွဲ့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းတိုးတက်မှုနှင့် ဆောင်ရွက်ရန်ကျန်သော ကိစ္စရပ်များကိုလည်း နှစ်လတစ်ကြိမ် ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် အလေးထား ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခု အကြိမ်သည် (၁၄)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၁၃)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲတင်ပြချက် စုစုပေါင်း ၂၀၉ ချက်ရှိပြီး အဆိုပါတင်ပြချက်အားလုံးကိုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း။

**ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း**

အချို့ကိစ္စရပ်များသည် ဝန်ကြီးဌာန နှစ်ခုသုံးခုနှင့် သက်ဆိုင်ပြီး အဆင့်နှစ်ဆင့်၊ သုံးဆင့် ဆောင်ရွက်ရသည့်အပြင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်ရသည့် ကိစ္စဖြစ်ပါက အချိန်ယူပြီးဆောင်ရွက်နေရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်းပြန်ကြားချက်များအပေါ် အပြည့်အဝမပြီးပြတ်သေးသည့် ကိစ္စရပ်များကို ပြန်လည်တင်ပြပေးစေလိုပါကြောင်း၊ အဆိုပါတင်ပြချက်များကို အခြေခံပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private Public Dialogue) များ ဆက်လက်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ဝင်ငွေကိုတိုးပွားစေ**

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်ဆောင်ခြင်းသည် နိုင်ငံ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေကိုတိုးပွားစေသလို ကျွမ်းကျင်မှုအရည် အသွေးကိုပါ တိုးတက်စေပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးက အဆိုပါကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင်၊ အခက်အခဲများနည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်

**ညှိနှိုင်းပြင်ဆင်ရေးဆွဲ**

ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံတိုင်းတွင် ပုဂ္ဂလိက ကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားနေရာ၌ ရှိနေသဖြင့် နိုင်ငံတိုင်းကပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Private Sector Development- PSD) အတွက် ခေတ်စနစ်နှင့် လျော်ညီသည့် ဥပဒေများနှင့် မူဝါဒများဖြစ်အောင် ဝိုင်းဝန်းညှိနှိုင်းပြင်ဆင်ရေးဆွဲသွားကြရန် တိုက်တွန်းလိုပါကြောင်း။

**အမြဲမပြတ်လေ့လာ**

မိမိတို့နိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးက လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့်မူဝါဒများကို အမြဲမပြတ်လေ့လာကာ မိမိနိုင်ငံအတွက် သင့်လျော်ပြီး နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် ဥပဒေများနှင့် မူဝါဒများဖြစ်အောင် ဝိုင်းဝန်းညှိနှိုင်းပြင်ဆင်ရေးဆွဲသွားမည့် လုပ်ငန်းများရှိနေပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုအခြေအနေ**

ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ကြည့်မည်ဆိုလျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်အပါအဝင် မြန်မာ ငွေကျပ် ၃၂၇၉ ဘီလီယံကို ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ဆန်တင်ပို့မှု**

ပြည်ပကုန်သွယ်မှု အခြေအနေကို ကြည့်လျှင် ယခင်နှစ် အလားတူကာလထက် အမေရိကန် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် တိုးတက်ခဲ့ပြီး အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ၈၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ အထူးသဖြင့် ဆန်တင်ပို့မှုမှာ ယခင်နှစ်များထက် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုကဲ့သို့ ပြည်ပပို့ကုန် တိုးတက်မှုများသည် ဆန်စပါးနှင့် သက်ဆိုင်သည့် ပုဂ္ဂလိကအသင်းအဖွဲ့များ အပါအဝင် လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိ၊ မရှိကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business 2018 အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အဆင့်သည် ၁၇၁ ဖြစ်နေသည့်အတွက် ယခုနှစ်တွင် အဆင့် ၂၄ ဆင့် လျှော့ချနိုင်ရေး ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော Ease of Doing Business Ranking တိုးတက်ရေး လုပ်ငန်းအဖွဲ့နှင့် ညွှန်းကိန်းတစ်ခုချင်း အလိုက်ဆောင်ရွက်မည့် ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သည့်အဖွဲ့များ ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ Ease of Doing Business အစီရင်ခံစာပါ အချက်များကို ဖြေလျှော့မှုများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အမြန်ဆုံးအဆင့်တိုးတက်စေမည့်ကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ယခုထက် ပိုမိုကြိုးစား**

လူငယ်စွန့်ဦးတီထွင်သူများ အနေဖြင့်လည်း အာဆီယံမှ ချီးမြှင့်သော ထူးချွန်ဆုများ ရရှိထားသည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်များဖြင့် ဈေးကွက်ကို ထိုးဖောက်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြစေ လိုပါကြောင်း၊ နိုင်ငံအတွင်းရှိ လူငယ်စွန့်ဦးတီထွင်သူများ၏ ၄၉ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည့်အတွက် နိုင်ငံရေးနှင့်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း

စီးပွားရေး အပြောင်းအလဲများတွင် အမျိုးသမီးများ၏ ပါဝင်မှုတိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသမီးများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် စီးပွားရေးလုပ်ကိုင်နိုင်မှု စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာအောင် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**တွေ့ကြုံနေရသည့် အခက်အခဲများ**

ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးမည့်ကဏ္ဍများအလိုက် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် ပါဝင်ဆွေးနွေးကြမည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အသင်းအဖွဲ့များ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့်အခြေအနေ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက Ease of Doing Business အဆင့်တိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း**

ထို့နောက် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

၆၁၅ မဂ္ဂါဝပ်ထွက်တဲ့ စက်နှစ်စုံ စုစုပေါင်း ၁၂၃၀ မဂ္ဂါဝပ်ထွက်မယ်၊ ဓာတ်အားပေးစက်ရုံကြီးကို Total နဲ့ Siemens က တည်ဆောက်ရမယ်၊ သဘာဝဓာတ်ငွေ့ကိုလည်းသုံးပြီး စက်ရုံလည်မယ်၊ ပြီးရင် အပူငွေ့ကိုသုံးပြီးတော့ ရေနွေးငွေ့သုံး တာဘိုင်တည်ဆောက်ပြီး လျှပ်စစ်ထုတ်မယ်၊ အဲဒီတော့ မြေပုံပေါ်မှာကြည့်လိုက်ရင် ကန်ပေါက်ဆိုတဲ့ တည်နေရာဟာ ထားဝယ်ဆိုတဲ့ တည်နေရာရဲ့ မြောက်ဘက်မှာ ရောက်နေတယ်၊ တစ်နည်းအားဖြင့် ထားဝယ်က သူ့ရဲ့အောက်ဘက်မှာ ဖြစ်နေတယ်၊ ပြီးတော့ ကန်ပေါက်က ထုတ်လုပ်မယ့် လျှပ်စစ်ဓာတ်အား ၁၂၃၀ မဂ္ဂါဝပ်ကို ထွက်လာမယ်ဆိုခဲ့ရင် ကျွန်တော်တို့က ထားဝယ်ကို ပြန်ပို့ဖို့ အောက်ကိုပြန်ပို့ရမယ်။

**ဓာတ်အားပေးစက်ရုံနဲ့ ဓာတ်အားလိုင်း**

“ကျွန်တော်တို့ လောလောဆယ်ဆွေးနွေးထားတာက ၂၃၀ ကေဗွီနှစ်ထပ်ဓာတ်အားလိုင်းကြီး မော်လမြိုင်၊ ရေးကနေ ထားဝယ်အထိ ဆောက်လာတဲ့ဟာကို ဒီစက်ရုံကထွက်တဲ့ ဓာတ်အားက အဲ့ဒီဓာတ်အားလိုင်းကို သွားဆက်မယ်၊ Joint လိုက်ရင် ဓာတ်အားပေးစက်ရုံက ဓာတ်အားဟာ ထားဝယ်ကိုရောက်သွားမယ်၊ အကယ်၍ ဓာတ်အားပေးစက်ရုံ မပြီးသေးဘဲ ဓာတ်အားလိုင်းက အရင်စောပြီးရင် မော်လမြိုင်ဘက်ကနေ စပြီးပို့မယ်၊ ဒီဓာတ်အားပေးစက်ရုံကြီး တည်ဆောက်တဲ့ အစီအစဉ်က ၂၀၂၁-၂၀၂၂ ကာလမှာ ပြီးအောင်တည်ဆောက်မှာ ဖြစ်တဲ့အတွက်ကြောင့် ၁၂၃၀ မဂ္ဂါဝပ် ထွက်တဲ့ ဓာတ်အားဟာ ထားဝယ်လည်းရောက်သွားမယ်၊ အခုနက ဓာတ်အားလိုင်းနဲ့လည်း အပေါ်ပြန်ပို့မယ်၊ ဒါ့ပြင် Total နဲ့ Siemens ကုမ္ပဏီက ၅၀၀ ကေဗွီဓာတ်အားလိုင်းကြီးကို ကန်ပေါက်ကနေ မော်လမြိုင်၊ မော်လမြိုင်ကနေ ဘုရားကြီး၊ ဘုရားကြီးကနေ ရန်ကုန်အထိ လျှပ်စစ်ဓာတ်အား ပြန်ပို့ပေးမယ်၊ အဲဒီလိုပို့ပေးတဲ့အတွက်ကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတွေအတွက် အဆင်ပြေသွားမယ်၊ ထားဝယ် SEZ အတွက် ဒီဓာတ်အားပေးစက်ရုံကြီး ပေါ်ပေါက်လာလို့ရှိရင် ခုနကလည်း ဓာတ်အားလိုင်းတွေရှိတဲ့အတွက် ရင်းနှီးတည်ဆောက်သူက တောင်းခံလာခဲ့ရင် အဲ့ဒီကနေ ဓာတ်အားပေးသွားနိုင်လိမ့်မယ်။ ဓာတ်အားပေးစက်ရုံနဲ့ ဓာတ်အားလိုင်းတွေ တည်ဆောက်တဲ့ အစီအစဉ်က ပိုပြီးတော့ထိရောက်မြန်ဆန်မှုအနေအထား ရှိတဲ့အတွက်ကြောင့် ထားဝယ် SEZ မှာလိုအပ်တဲ့ အခြား မြေယာကိစ္စတွေ၊ အခြား Infrastructure တွေ တည်ဆောက်နေစဉ်ကာလမှာပဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ ဓာတ်အားလိုင်းတည်ဆောက်တဲ့လုပ်ငန်းတွေ ပြီးသွားမှာဖြစ်တဲ့အတွက်ကြောင့် ထားဝယ် SEZ ကြီးအတွက် လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းသွားနိုင်မှာဖြစ်တယ်၊ ဓာတ်အားခကလည်း အင်မတန်သင့်လျော်တဲ့နှုန်းနဲ့ SEZ မှာ ရင်းနှီးမြှုပ်နှံသူတွေ အသုံးပြုခွင့်ရသွားနိုင်မှာပေါ့”ဟု ပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန် တည်ရှိသော တနင်္သာရီတိုင်းဒေသကြီးသည် ဧရိယာစတုရန်းကီလိုမီတာ ၂၆၇၇၇ ကျယ်ဝန်းကာ လူဦးရေ ၁ ဒသမ ၄ သန်းခန့် နေထိုင်လျက်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြောက်ဘက်၌ မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်၌ ထိုင်းနိုင်ငံနှင့် အနောက်ဘက်တွင် အက်ဒမန်ပင်လယ်တို့နှင့် ဆက်စပ်တည်ရှိလျက်ရှိသည်။

မကြာမီအကောင်အထည်ဖော် ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံကိန်းအရ ပြည်တွင်း-ပြည်ပချိတ်ဆက်မှု ပိုမိုအားကောင်း ခိုင်မာလာစေမည်ဖြစ်ပြီး မြန်မာပြည်တောင်ဘက်ပိုင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ကုန် ဆက်စပ်လုပ်ငန်းများသည် ထားဝယ်အထူးစီးပွားရေးဇုန်အား ဆွဲဆောင်နိုင်မည့် အလားအလာကောင်းများ ဖြစ်ပေါ်နိုင်သည်။

**အာဆီယံဒေသတွင်း အဓိကကျ**

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည် အာဆီယံဒေသတွင်း အဓိကကျသော ချိတ်ဆက်မှုအခန်းကဏ္ဍအဖြစ် တည်ရှိမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသ တောင်ဘက်ပိုင်း စီးပွားရေးစင်္ကြံနှင့် ကုန်းတွင်းဒေသဖြစ်သည့် ထားဝယ်၊ ဗန်ကောက်၊ ဖနောင်ပင်နှင့် ဟိုချီမင်းမြို့များသို့ ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက ထိုင်းနိုင်ငံ၏ အရှေ့ဘက် ကမ်းရိုးတန်းနှင့် စီးပွားရေးအရ ဆက်စပ်မှု ကွင်းဆက်များအား ရရှိနိုင်မည့်အပြင် အနောက်ဘက် အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် ဥရောပနိုင်ငံများသို့ ဆက်စပ်နိုင်မည့် ဂိတ်တံခါးဝအဖြစ်လည်းတည်ရှိမည့် အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် အရှေ့ဘက်ကမ်းရိုးတန်းနှင့် နီးကပ်ခြင်း၊ မဟာမဲခေါင်ဒေသ တောင်ဘက်ပိုင်း စီးပွားရေးစင်္ကြံအတွင်း တည်ရှိခြင်း၊ ထားဝယ်ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီးစီးပါက အနောက်ဘက်တံခါးဝအဖြစ် တည်ရှိလာမည်ဖြစ်ခြင်း၊ တနင်္သာရီဒေသနှင့်ပတ်ဝန်းကျင်ဒေသများမှထွက်ရှိမည့် အဖြူကနက်နှင့် ရေထွက်ကုန်များ ရရှိနိုင်ခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် ယှဉ်ပြိုင်နိုင်သည့် လုပ်အားခနှင့် လုပ်သားအရင်းအမြစ်တည်ရှိခြင်း၊ ရင်းနှီးတည်ဆောက်သူသည် အထူးစီးပွားရေးဇုန် ဥပဒေပြဋ္ဌာန်းချက်များအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အလားအလာကောင်းများစွာရှိသည့် ဥရောပဒေသများမှ မြန်မာနိုင်ငံသို့ တင်ပို့မှုများအတွက်လည်း သွင်းကုန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရရှိနိုင်ခြင်း စသည့်အချက်များကြောင့် ဆွဲဆောင်မှုအားကောင်းသည့် စီးပွားရေးဇုန်တစ်ခုဖြစ်လာနိုင်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံချက်နှင့် ဖွံ့ဖြိုးမှုလေ့လာချက်များအပေါ် ဆန်းစစ်လေ့လာမှုများအရ သိရှိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် ဆွဲဆောင်မှုအားကောင်းသည့် စီးပွားရေးဇုန်တစ်ခု ဖြစ်လာနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူများကလည်း ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများမှတစ်ဆင့် မှတ်ချက်ပြုခဲ့ကြသည့်အတွက် အလားအလာကောင်းများစွာရှိသည့် စီးပွားရေးဇုန် တစ်ခုဖြစ်ပါကြောင်း။

**ရှင်မင်း၊ မွှေးကြူ**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ မြေငလျင်တုံ့ပြန်မှု သဏ္ဌာန်တူလေ့ကျင့်ခန်း ဖွင့်ပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ မြေငလျင်တုံ့ပြန်မှု သဏ္ဌာန်တူလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ** Hilton Hotel **၌ ကျင်းပသည်။** (ယာပုံ)

**ထင်သာမြင်သာအောင်ဆောင်ရွက်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံသည် ပထဝီအနေအထားနှင့် ရာသီဥတုအခြေအနေအရ သဘာဝဘေး ပုံမှန်ကျရောက်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အဆင်သင့်မဖြစ်လျှင် နောက်ဆက်တွဲ ထိခိုက်ဆုံးရှုံးမှုများစွာ ရှိနိုင်ပါကြောင်း၊ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်သည့်အခါတွင် ပြည်သူများ၏ငလျင်နှင့်ပတ်သက်သောအသိဉာဏ်ဗဟုသုတရှိစေရန်၊ မိမိတို့ အသိပေးလိုသည့် သတင်းစကားတိုက်ရိုက်ရောက်ရှိစေရန် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ခဲ့ပါကြောင်း၊ သတင်းမီဒီယာများ၊ ရုပ်သံများ၊ ဇာတ်လမ်းများဖြင့် ထင်သာမြင်သာအောင် ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်ဆောင်ရွက်မည့် အပိုင်းများလည်း ရှိပါကြောင်း။

ဇာတ်တိုက် လေ့ကျင့်ခန်းများကိုလည်း ထိထိရောက်ရောက် ဖြစ်စေရန် ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် သဏ္ဌာန်တူလေ့ကျင့်ခြင်းသည် အရေးပေါ်တုံ့ပြန်မှုအတွက် များစွာအရေးကြီးပါကြောင်း၊ ယနေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် တိကျခိုင်မာသည့်စနစ်ရှိမှု၊ ထိုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် အဆင်သင့်ဖြစ်မှု၊ အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲမှု၊ အဆင်သင့်ဖြစ်မှု စသည့် ကိစ္စရပ်များ ပါဝင်မည်ဖြစ်ပါကြောင်း။

ငလျင်မဖြစ်မီ ကြိုတင်ကာကွယ်မှု အရေးကြီးသကဲ့သို့ ငလျင်ဖြစ်ပြီးတစ်ပတ်အတွင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း များစွာအရေးကြီးပါကြောင်း၊ ထိုကိစ္စရပ်များသည် အသက်အိုးအိမ်စည်းစိမ်နှင့်သက်ဆိုင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်လည်း ဆက်စပ်လျက်ရှိပါကြောင်း၊ အမှန်တကယ်ဖြစ်ပျက်လာပါက အမြန်ချိတ်ဆက်နိုင်ရေးမှာ လွန်စွာအရေးကြီးပါကြောင်း၊ လက်တွေ့ချိတ်ဆက်သည့် နေရာတွင် ဦးဆောင်ဦးရွက်ပြုနိုင်မည့်သူများ တက်ရောက်လာသည့်အတွက်လည်း ချိတ်ဆက်ဆောင်ရွက်မှုများတွင် အဆင်ပြေစေမည်ဟု ယုံကြည်ပါကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် ပြည်သူ၏နီးကြားသည့်အသိစိတ်ရှိစေရေးနှင့် မိမိတို့နိုင်ငံတွင် အရေးပေါ်အခြေအနေတုံ့ပြန်မှုစနစ်ကောင်းတစ်ခု ပေါ်ပေါက်လာရေး ကြိုးစားပေးရန် တိုက်တွန်းလိုပါကြောင်း၊ ထိုစနစ်ပေါ်ပေါက်လာလျှင် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးကိုလည်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်**

ယင်းနောက် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆောင်ရွက်မှုအတွက် မူဘောင်များအား ပြန်လည်လေ့လာခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းနှင့် ညွှန်ကြားရေးမှူး ဒေါ်ဖြူလဲ့လဲ့ထွန်းတို့က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြပြီး United Nations Office for Coordination of Humanitarian Affairs မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတကာရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်ဖြစ်ပွားသည့် နေရာများတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သဏ္ဌာန်တူလေ့ကျင့်ခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ သဏ္ဌာန်တူလေ့ကျင့်ခြင်း၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ၊ ဇာတ်လမ်း တည်ဆောက်ပုံများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးနှင့် ငလျင်ဖြစ်ပွားပြီးနောက် ခုနစ်ရက်အတွင်း တုံ့ပြန်ဆောင်ရွက်ရေးများနှင့်ပတ်သက်၍ စားပွဲတင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

**လုပ်ငန်းစဉ်များကို အကြံပြု**

ထို့နောက် မြေငလျင်တုံ့ပြန်မှု ကြိုတင်ပြင်ဆင်ရေးနှင့် လစ်ဟာမှုများ၊ အကြံပြုချက်များကို ဖော်ထုတ်နိုင်ရေးအတွက် အုပ်စုဖွဲ့ဆွေးနွေးကြပြီး အုပ်စုတစ်စုချင်းစီအလိုက် ဆွေးနွေးချက်များကို ပြန်လည်တင်ပြဆွေးနွေးကြကာ တက်ရောက်လာကြသူများက ရှေ့ဆက်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် မြေငလျင်တုံ့ပြန်မှု သဏ္ဌာန်တူလေ့ကျင့်ခန်း အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ပတ်သက်၍ ပြည်သူအများသွားလာအသုံးပြုရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေပူရိုးချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများကို ယခင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို စစ်ဆေးအရေးယူနိုင်ရန်အတွက် အကြောင်းကြားစာပေးပို့ဆက်သွယ် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်းအဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက လူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန်အတွက် တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီကြရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့် အတည်ပြုကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## အောင်ပွဲရ ပြေးခုန်ပစ်ပြိုင်ပွဲ သုံးနှစ်ဆက်ချန်ပီယံ မန္တလေးအသင်း ဂုဏ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၁**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ ပထမဆုဖလား၊ အမျိုးသမီးပြိုင်ပွဲ ပထမဆုဖလားနှင့် အမျိုးသား အမျိုးသမီးစုပေါင်းတံခွန်စိုက်ပထမဆုဖလားကြီးတို့ကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိလာသည့် ချန်ပီယံ မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်လက်ရွေးစင် မောင်မယ်အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ ကိုလာလာစားသောက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ပွဲရ ပြေးခုန်ပစ်အားကစားမောင်မယ်များအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်သူနည်းပြများက အမျိုးသား၊ အမျိုးသမီး ပထမဆုဖလားများနှင့် သုံးနှစ်ဆက် စုပေါင်းတံခွန်စိုက် ပထမဆုဖလားကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရအသင်းအား ပေးအပ်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖြူလုံး(ဖြူစင်မေတ္တာသက်န်းတိုက်)က ဂုဏ်ပြုငွေကျပ် နှစ်သိန်း၊ ဦးဖေဝင်း ပြေးခုန်ပစ်ကော်မတီဝင်က ကျပ်တစ်သိန်းတို့ကို အောင်ပွဲရအသင်းတို့အား ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

**တင်မောင်-မန်းကိုယ်ပွား**

---

ရခိုင်ပြည်နယ်သတင်း

## UEHRD ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့ ဘူးသီးတောင်ဒေသ အခမဲ့ဆေးကုသမှု ခရီးစဉ်အတွင်း လူနာ ၃၀၀၀ ကျော်အား ကုသပေးနိုင်ခဲ့

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁**

UEHRD ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အထူးကုဆရာဝန်ကြီးများသည် ရခိုင်ပြည်နယ် ဘူးသီးတောင်ဒေသ အခမဲ့ဆေးကုသမှုခရီးစဉ် ဇန်နဝါရီ ၂၈မှ ၂၉ ရက်နှစ်ရက်တာကာလအတွင်း လူနာ ၃၀၀၀ ကျော်ခန့်အား ဆေးကုသမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလူနာ ၃၀၀၀ အနက် အထွေထွေခွဲစိတ်လူနာ ၁၆ ဦး၊ အရိုးခွဲစိတ် လူနာငါးဦး၊ သားဖွားမီးယပ် ငါးဦး စုစုပေါင်း ၂၆ ဦးအား အတွင်းလူနာအဖြစ် ဆက်လက်ကုသပေးလျက်ရှိကြောင်း ဘူးသီးတောင်ပြည်သူ့ဆေးရုံ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ပြောကြားသည်။

“အခုက ခွဲစိတ်ကုသတာကတော့ အစာအိမ်နဲ့ အူလမ်းကြောင်း၊ အူကျရောဂါတွေ၊ အရိုးကျိုးတာတွေကို ကုသပေးလျက်ရှိတဲ့အပြင် သားဖွားနဲ့ မီးယပ်ဆိုရင်လည်း သားဆက်ခြားခြင်းတွေကို ကုသပေးလျက်ရှိပါတယ်”ဟု ၎င်းက ပြောသည်။

ဆေးကုသမှုခံယူနေသူနှင့် တူတော်စပ်သူ ဆောနာအူလ္လာက “ကျွန်တော့် ဦးလေးက ခါးရယ်၊ လက်ရယ် ကျိုးသွားတာပါ၊ အခုဆိုရင် တော်တော်လေးသက်သာနေပြီး မကြာမီပြန်လည်သက်သာမယ်လို့ ဆရာဝန်တွေက ပြောပါတယ်၊ အခုလို မြို့နယ်က ဆရာဝန်ကြီးတွေအပါအဝင် UEHRD ရဲ့ စီစဉ်မှုနဲ့ သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေ လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ဘူးသီးတောင်မြို့နယ်တွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်သူအများအပြားကို တွေ့ရှိရပြီး လာရောက်ကုသပေးသည့် သမားတော်ကြီးများအနေဖြင့် အထွေထွေရောဂါများအပါအဝင် အရိုး၊ အကြော၊ ဦးနှောက်နှင့်အာရုံကြော စသည့် ဝေဒနာရှင်များအား အကောင်းဆုံးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



**အောင်ရဲသွင်၊ ကိုမင်း**

---

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ငွေတောင်(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၀၉ ကောင်နှင့် ဆိတ် ၇၇၇ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်-၅၄/၅၆ ရှိ ခြံဝင်းအတွင်းသို့ မီးလောင်စေတတ်သည့် ဖန်ပုလင်းတစ်လုံးပစ်သွင်းသွား

## ပြစ်မှုကျူးလွန်သူအားတွေ့ရှိပါက ဆက်သွယ်သတင်းပို့ကြရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထား



အခင်းဖြစ်ရပ်တွင် တွေ့ရှိရသည့် ပုလင်းကွဲစများကို တွေ့ရစဉ်။
ဓာတ်ပုံ- Yangon Police Facebook

နေပြည်တော် ဖေဖော်ဝါရီ ၁

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား -၁ ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် -၅၄/၅၆ ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ တက္ကသိုလ်ရိပ်သာလမ်းဘက်မှ မီးလောင်စေတတ်သည့် ဖန်ပုလင်းတစ်လုံးကို လူတစ်ဦးက ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ပစ်သွင်းသွားသည်ဟု မျက်မြင်တွေ့ရှိလိုက်သူတစ်ဦးက ခြံဝင်းရှေ့ရှိ ရဲကင်းသို့ အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။**

အဆိုပါ မျက်မြင်တွေ့ရှိသူက ကုက္ကိုင်းမီးပွိုင့်ဘက်မှ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ကမာရွတ်မြို့နယ်ဘက်သို့ ကားမောင်းနှင်လာစဉ် တွေ့လိုက်ရခြင်းဖြစ်ကြောင်း၊ ၎င်း၏ ပြောပြချက်အရ မီးလောင်စေတတ်သည့် ဖန်ပုလင်းတစ်လုံးပစ်သွားသည်ဟု ယူဆရသော အမျိုးသားတစ်ဦးအား ကိုရီးယားသံရုံးအနီးရှိ ကားမှတ်တိုင်အနီးတွင်လည်း တွေ့လိုက်ကြောင်း၊ ထိုမှတ်တိုင်သို့ လူသုံးဦးရောက်ရှိလာပြီး နှစ်ဦးကျန်ရစ်ခဲ့ကာ တစ်ဦးက လာရောက် ပစ်သွင်းသွားခြင်းဖြစ်ကြောင်းနှင့် ပုလင်းပစ်သွားသူဟု ယူဆရသူအား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံကို ခြံရှေ့ဂိတ်ရှိ တာဝန်ကျ လုံခြုံရေးရဲတပ်ဖွဲ့ထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ခြံစောင့်တာဝန်ထမ်းဆောင်သူ ဦးသန်းထွန်း (၆၂နှစ်)က ခြံစည်းရိုးနံရံဘက်မှ ဝုန်းခနဲ အသံမြည်၍ ထွက်ကြည့်ရာ မီးအနည်းငယ် လောင်ကျွမ်းနေသည်ကို တွေ့ရှိရသောကြောင့် ရေဖြင့်ပက်ပြီး ငြိမ်းခဲ့ကြောင်း၊ မီးငြိမ်းသွားသည့်အခါ ထိုနေရာတွင် ရေနံဆီအနံ့ရကြောင်း၊ အနီးပတ်ဝန်းကျင်သို့ လိုက်လံကြည့်ရှုရာ နေအိမ်ခြံဝင်းအတွင်း ယာဘက်ထောင့်တွင် ပုလင်းတစ်လုံးကို တွေ့ရှိကြောင်း၊ ထိုပုလင်းထဲသို့ ရေနံဆီထည့်ပြီး ပစ်သည် ဟု ယူဆကြောင်း ပြောပြသည်။

မီးလောင်ခြင်းကြောင့် တာပေါ်လင်စအနည်းငယ် မီးဟပ်ခြင်းမှအပ အခြား ပျက်စီးဆုံးရှုံးမှု မရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က Yangon Police Facebook တွင် ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်နှင့် ပတ်သက်၍ အသက် ၄၀ ခန့်၊ ဆံပင်နက်တို၊ အရပ် ၅ ပေ ၅ လက်မခန့်၊ အသားညို၊ ခန္ဓာကိုယ်ဝ၊ အမျိုးသားတစ်ဦး၊ ဝတ်ဆင်ထားသည့်အဝတ်မှာ တီရှပ်ပန်းရောင်၊ ပလေကပ်လုံချည် အပြာကွက်ကျဲဖြစ်ကြောင်း ဖော်ပြထားပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်း၏ဓာတ်ပုံ မှတ်တမ်းနှင့်အတူ ဖော်ပြထားသည်ကို တွေ့ရသည်။

ပြစ်မှုကျူးလွန်သူအား တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ၁၉၉၊ ၀၁-၂၃၂၃၁၉၉၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ၀၁-၈၆၁၀၆၈၂၊ ၀၉-၅၂၄၃၄၄၉၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၀၁-၃၈၆၆၉၄၊ ၀၉-၅၂၄၀၀၂၂၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ၀၅၆၂၀၄၂၊ ၀၉-၄၂၂၅၂၇၂၂၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ၀၁-၆၄၅၈၂၃၊ ၀၉-၂၅၃၇၃၁၆၇၊ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ၀၁-၅၄၅၅၉၅၊ ၀၉-၄၀၂၇၅၂၇၃၅ နှင့် ဗဟန်းမြို့မရဲစခန်း ၀၁-၅၅၄၆၃၀၊ ၀၉-၄၃၁၈၂၈၀၆ တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်သည်ဟု သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

**သတင်းအဖွဲ့**

# မိတ္ထီလာမြို့တွင် ဆိုင်ကယ်သူခိုးများနှင့် ခိုးရာပါဆိုင်ကယ်အစီး ၃၀ ဖမ်းမိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁**

မိတ္ထီလာမြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာများတွင် လုံခြုံရေးဆောင်ရွက်နေစဉ် မိတ္ထီလာမြို့ အမှတ်-၂ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လှမျိုးသူနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက်က သီရိမင်္ဂလာရပ်ကွက် နယ်မြေ-၁၂ ချယ်ရီလမ်းနေ မိုဟာဒက် (၂၀ နှစ်)၏ နေအိမ်ကို ရှာဖွေရာ မိုဟာဒက် (ခ)မျိုးအောင်နှင့် မမိုးမိုး (ခ)ဇွန်မိုင်ယာ (၂၄ နှစ်)တို့ တွေ့ရှိသဖြင့် အိမ်ရှေ့တွင် ရပ်ထားသော Honda Click 125 ဆိုင်ကယ်အား တွေ့ရှိ၍ စစ်မေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားမပြနိုင်သဖြင့် ခိုးယူထားသော ဆိုင်ကယ်အဖြစ် သိမ်းဆည်းခဲ့ပြီး မိုဟာဒက်အား အမှတ်-၂ ရဲစခန်းမှ ဖမ်းဆီးအရေးယူထားသည်။

မိုဟာဒက်နှင့် မမိုးမိုးတို့အား စစ်ဆေးချက်အရ ဆိုင်ကယ်များ လိုက်လံခိုးယူလေ့ရှိသူ ဝင်းတင်(ခ)ဂျမား (၃၀ နှစ်) ပြည်သာယာမြောက် -၂ လမ်းနေသူနှင့် ပျဉ်းမနားမြို့နေ ဇော်လတ်တို့ထံမှ ခိုးရာပါဆိုင်ကယ် ၁၅ စီးအား သိမ်းယူရရှိခဲ့သဖြင့် မိုဟာဒက်၊ ဝင်းတင်နှင့် ဇော်လတ်တို့ကို အမှတ်-၂ ရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

အလားတူ မိတ္ထီလာမြို့ အမှတ်-၃ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ ရက်က ပြည်သာယာတောင် -၆လမ်းနှင့် ပိတောက်ရွှေဝါ လမ်းထောင့်အနီးတွင် နံပါတ်မပါ Yinxing 110 ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ် လူလေးဦးအား တွေ့ရှိ၍ စစ်ဆေးရာ ပြည်သာယာ မြောက်-၁ လမ်းနေ လင်းလင်းအောင်(ခ)လေင်း (၂၈ နှစ်) ပြည်သာယာမြောက်- ၆×၇ လမ်းကြားနေ အောင်လင်းဦး (ခ)ကုလား(ခ) အပနား၊ (၂၅ နှစ်) ပြည်သာယာတောင် -၁ လမ်းနေ ဖြိုးခန့်ဇော်(ခ)ဖြိုးလေး (၂၂ နှစ်) ပြည်သာယာတောင် -၁ လမ်းနေ စိုးသူအောင်(၂၀ နှစ်)တို့ ဖြစ်ကြပြီး ၎င်းတို့ လေးဦးကို အမှတ်-၃ ရဲစခန်းတွင် အမှုဖွင့် အရေးယူထားသည်။ ၎င်းတို့အား စစ်ဆေးရာ ခိုးယူထားသော ဆိုင်ကယ် ၁၄ စီးအား ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

မိတ္ထီလာခရိုင်တွင် တစ်ပတ်အတွင်း ဆိုင်ကယ်ခိုးသူ ရှစ်ဦးနှင့် ခိုးရာပါဆိုင်ကယ်အစီး ၃၀ တို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဘားအံမြို့တွင် ယာဉ်တစ်စီး ဝိုင်ယာရှော့ဖြစ်၍ မီးလောင်

**ဘားအံ ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ၌ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ယာဉ်တစ်စီး ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ မူဝေဘုရားပွဲ ဇာတ်ကပြနေသည့်နေရာသို့ ဇန်နဝါရီ ၃၀ ရက် ည ၇ နာရီ ၁၅ မိနစ်က စောတင်စိုး(ခ)မိက်ဍုဂ်ပါင်(၃၈နှစ်) ကျုံမနီကျေးရွာ ပိုင်ကျုံမြို့ လှိုင်းဘွဲ့မြို့နယ်နေသူ မောင်းနှင်လာသော ၅ခ/----ကာရီးနားယာဉ်သည် ဇာတ်စင်အနီးအရောက် ယာဉ်ကိုရပ်တန့်စဉ် စက်ခေါင်းခန်းမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဘားအံမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ တရားလိုပြသက်သေ တစ်ဦး စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်များဖြစ်သည့် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ရုံးထုတ်ခဲ့ပြီး တရားလိုပြသက်သေတစ်ဦး စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**အာမခံလျှောက်ထားမှုအား ငြင်းပယ်**

စစ်ဆေးမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်း က “ ဒီကနေ့မှာ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ်(၄) တရားလို ဒုရဲမှူးကြီး ယုနိုင်၊ တရားခံ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) စွဲဆိုမှုအရ တရားလိုပြသက်သေရဲမှူး မင်းသန့်ကို စစ်ဆေးပါတယ်၊ အာမခံလျှောက်ထားတာနဲ့ ပတ်သက်လို့လည်း ငြင်းပယ်ခဲ့ပါတယ်၊ နောက်အပတ် ဖေဖော်ဝါရီ ၆ ရက် အင်္ဂါနေ့ကို ချိန်းဆိုလိုက်ပါတယ်၊ အမှုမှာ တရားလိုပြ သက်သေ ၂၅ ဦး တင်ပြထားရာမှာ နှစ်ဦး စစ်ဆေးပြီးဖြစ်လို့ ကျန် ၂၃ ဦးအနက် တရားစွဲအဖွဲ့ အမှုလိုက် ဥပဒေအရာရှိက တင်ပေးမယ့် သက်သေများကိုသာ စစ်ဆေးသွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖားကန့်မြို့နယ်တွင် ငွေကျပ် ၄၉၁၁ ဒသမ ၅ သိန်း တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နယ်မြေခံတပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု-၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါး သတင်းအရ ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာအုပ်စု ဆပ်ပြာချောင်းကျေးရွာအထွက် ဟိုပင်-လုံးတုံ-ဝေ့ခါကားလမ်းတွင် ညွှန့်မောင် မောင်းနှင်ပြီး မခင်နှင်းအေး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၅၁၇ ခွက်(ဘိန်းဖြူ အလေးချိန် ၅ ဒသမ ၁၇ ကီလိုကို လည်းကောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ည ၇ နာရီခွဲတွင် ကွတ်ခိုင်မြို့နယ်နေသူ စန်းဇာအား ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာ ဖားပြင်ရပ်ကွက် ရွာလယ်လမ်းတံတားထိပ်တွင် မော်တော်ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

အလားတူ ဇန်နဝါရီ ၃၁ ရက်က မြင်းခြံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြင်းခြံမြို့နယ် မြင်းခြံ-ညောင်ဦးလမ်း ဂျပ်ပင်ကျေးရွာအနီးတွင် မင်းထက်ကျော် မောင်းနှင်ပြီး မမြမြစိမ်းလိုက်ပါလာသည့် ဆိုင်ကယ်နှင့် သန်းထွန်းအောင်(ခ)ကိုထွန်း မောင်းနှင်သည့် ဆိုင်ကယ်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၃ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**ဥပဒေအရ အရေးယူ**

ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေညောင်မြို့နယ် အမှတ်-၁ နယ်မြေ မင်္ဂလာရွှေဗဟို ရပ်ကွက်နေ စိုးမင်းသူ၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မလှလှညွှန့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၇ ပြားကို လည်းကောင်း၊ ထို့အတူ လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ လားရှိုးမြို့ အမှတ်- ၉ ရပ်ကွက် အမှတ် - ၁ နယ်မြေ ပြန်နားတောင်သွားကားလမ်း၌ ဟိန်းခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင်ကျွဲ ၃၂ ကောင် တင်ဆောင်လာသည့် ရေယာဉ်တစ်စင်းဖမ်းမိ

**အမာ ဖေဖော်ဝါရီ ၁**

ရောဝတီတိုင်းဒေသကြီး အမာမြို့ ဗျူးချောင်းကျေးရွာအနီး ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခန့်က တရားမဝင် ကျွဲ ၃၂ ကောင်နှင့် စက်တပ်ရေယာဉ်တစ်စင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွဲများတရားမဝင် တင်ဆောင်နေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ စက်တပ်ထားသော ရေယာဉ်ပေါ်တွင် တင်ဆောင်ထားသော ကျွဲ ၃၂ ကောင်နှင့် မောင်ထွန်း (၄၆နှစ်)လိပ်ချောင်းကျေးရွာနေသူကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးစဉ် ရေထဲခုန်ချ ထွက်ပြေးသူ သုံးဦးအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်နေကြောင်း အမာနယ်မြေရဲစခန်းမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (EOI ခေါ်ယူခြင်း)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေတချောင်းမြောင်းဘောင်လမ်း (၁၂)မိုင် (၅)ဖာလုံအား ကတ္တရာလမ်းဖောက်လုပ်ခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ပြနိုင်ပါသည်။

အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊**
**စီမံခန့်ခွဲရေး၊ မူဝါဒနှင့် ပုဂ္ဂလိက**
**ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ**
**ဖုန်း-၀၉-၇၇၂၈၂၄၅၉၄**


## ဖြည့်စွက်ဖတ်ရှုပါရန်

၂-၂-၂၀၁၈ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ (၂၁)တွင်ပါရှိသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း ကြော်ငြာတွင် အပိုဒ်(၂)တွင်လျှောက်ထားသူများသည် (၈)ဌာန ကူးပြောင်းလျှောက်ထားခြင်းကို လက်မခံပါဟူသော စာသားအား ထပ်မံဖြည့်စွက်ဖတ်ရှုပါရန်။

# ဝမ်းမြောက်ဂုဏ်ယူ သာဓုအနုမောဒနာပြုခြင်း

မြန်မာနိုင်ငံတော်အတွက် ကျသင့်သော အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ ဆောင်ရွက်ရန် တာဝန်ဝတ္တရားဖြစ်သည့်အလျောက် နိုင်ငံသားကောင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** သည် ဘဝဖြတ်သန်းစဉ်ကစ၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ရောက်ရာဒေသတွေမှာ လှူဒါန်းခဲ့သည့် ဒါနအထောက်အပံ့ ကုသိုလ်ဆက်တွေအပြင် ယခုအချိန်အခါ မြန်မာနိုင်ငံအဝန်းမှာရှိတဲ့ လှူဒါန်းကူညီမှုများအပြင် ဖွံ့ဖြိုးမှုအားယူနေတဲ့ ရပ်ရွာဒေသများကိုလည်း တဖြည်းဖြည်း တိုးတက်လာစေချင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေလည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့ စိတ်စေတနာ ရည်သန်လျက် ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် (၂၀၁၅)ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ချိန်တွင် ရခိုင်ပြည်နယ်အတွက် ကျပ်သိန်းပေါင်း (၁၅,၀၀၀)ကျော်ကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လည်းကောင်း၊

(၂၀၁၇)ခုနှစ်အတွင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေး ကဏ္ဍစုံ လုပ်ငန်းစဉ်များတွင် အသုံးပြုရန် ကျပ်သိန်းပေါင်း (၆၅,၁၆၀) (ကျပ်သိန်း–ခြောက်သောင်းငါးထောင်တစ်ရာ့ခြောက်ဆယ်) ကိုလည်းကောင်း၊ စေတနာသဒ္ဓါ ကြည်ဖြူထက်သန်စွာ လှူဒါန်းခဲ့သော ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စု၊ ကမ္ဘောဇ အရာထမ်း၊ ဝန်ထမ်းများအား ဝမ်းမြောက်ဂုဏ်ယူ သာဓုအနုမောဒနာပြုပါကြောင်းနှင့် လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်မြင်ကာ အမျိုး၊ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့်ထိပ်တန်းဘဏ်ကြီး၊ ထိပ်တန်းလုပ်ငန်းကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ**
**Ph.D (SOCIAL SCIENCE)**
**Ph.D (VIPASSANA BHA VA NA)**
**မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ နာယက**
**မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၇၇)၊ တောရတပ်ဦးကျောင်းတိုက်ကြီး၏ ပဓာန နာယက**
**ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု**
**မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ**
**အောင်ဆန်း၊ အင်းစိန်မြို့နယ်။**

# ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်များ လိုက်ပါလာသော ရထားတစ်စင်း ဗာဂျီးနီးယားပြည်နယ်တွင် မတော်တဆမှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်များကို တင်ဆောင်လာသော ရထားတစ်စင်းသည် အမေရိကန် ဗာဂျီးနီးယားပြည်နယ်တွင် ယမန်နေ့က ထရပ်ကားတစ်စီးနှင့် တိုက်မိရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း၊ သို့သော်လည်း လွှတ်တော်အမတ်များ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း အိမ်ဖြူတော်က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုကြောင့် လူတစ်ဦးသေဆုံးပြီး တစ်ဦးအပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ မတော်တဆမှုတွင် လွှတ်တော်အမတ်များ သို့မဟုတ် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။

သို့သော်လည်း သေဆုံးသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြထားခြင်း မရှိချေ။ ရထားတိုက်မိမှုဖြစ်ပွားချိန်တွင် လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ရမ်နှင့် ၎င်း၏မိသားစုသည် ရထားပေါ်တွင် လိုက်ပါလာကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ ရထားပေါ်လိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့များနှင့် ဆရာဝန်များသည် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူများကို ကူညီကုသမှုများ လုပ်ဆောင်ပေးနေကြောင်း လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဘရက်လေဘန်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ထရန့်က အဆိုပါအခြေအနေများအပေါ် ညွှန်ကြားချက်များပေးနေပြီး နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများကို သမ္မတထံတင်ပြထားရာ သမ္မတက လိုအပ်သည်များ ဆက်လက်မှာကြားလျက်ရှိကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးမှူး ဆာရာ ဆန်ဒါးက ပြောခဲ့သည်။

ရထားနှင့် ထရပ်ကားတိုက်မှုသည် ဗာဂျီးနီးယားပြည်နယ် ခရိုဇက်ဒေသ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရထားသည် နံနက် ၈ နာရီ ခွဲတွင် ဝါရှင်တန်ဒီစီမြို့မှ စတင်ထွက်ခွာလာခြင်းဖြစ်ကြောင်း အမေရိကန်ရထားပို့ဆောင်ရေး အမ်ထရက်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မတော်တဆမှုနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာအာဏာပိုင်များက အပျက်အစီးအပိုင်းအစများကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**



# ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုကြောင့် ဝက်သားတင်ပို့မှု ထိခိုက်လာမည်ကို အမေရိကန်စိုးရိမ်

**ချီကာဂို ဖေဖော်ဝါရီ ၁**

အမေရိကန်တွင် စားသုံးသူများသည် ကုန်ကျစရိတ်နည်းပါးသည့် ဝက်သားများ ပိုမိုပေါများလာမှုကို ဝမ်းသာလျက်ရှိနေသော်လည်း အမေရိကန် လယ်ယာစိုက်ပျိုးမွေးမြူသူများမှာ အဓိကတင်ပို့ရာဈေးကွက်များဖြစ်သည့် တရုတ်၊ မက္ကဆီကိုနှင့် ကနေဒါတို့တွင် ကုန်သွယ်ရေးဆိုင်ရာ ကတောက်ကဆဖြစ်ပွားပြီး ၎င်းတို့၏ ဝက်သားဈေးကွက် အကျိုးအမြတ်ရရှိမှု ထိခိုက်စေမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

အမေရိကန်၏ စီးပွားရေးအင်အားတောင့်တင်းခိုင်မာမှုကြောင့် ပြည်တွင်း၌ ဝယ်လိုအားမှာ ကောင်းမွန်စွာ ကျန်ရှိနေဆဲဖြစ်သည်။ မကြာသေးမီက ဒေါ်လာဈေးတန်ဖိုးကျမှုကြောင့် အမေရိကန်ရှိ ကုန်ပစ္စည်းများသည် ပြည်ပမှ ဝယ်လက်များကို ဆွဲဆောင်ထားနိုင်ကြောင်း သိရသည်။



သို့သော်လည်း တရုတ်နိုင်ငံနှင့် ဖြစ်ပွားသည့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုနှင့် မြောက်အမေရိက ကုန်သွယ်ရေးစာချုပ် (NAFTA) ဆွေးနွေးပွဲများတွင် တိုးတက်ဖြစ်ထွန်းမှု နှေးကွေးနေခြင်းက အမေရိကန်ဝက်သားတင်ပို့မှု ဈေးကွက်အလားအလာကို အေးခဲစေခဲ့သည်။ ယင်းဈေးကွက်သည် အဓိကကျသည့် ဈေးကွက်တစ်ခုဖြစ်ပြီး အမေရိကန်မှထုတ်လုပ်သည့် ဝက်သား၏ လေးပုံတစ်ပုံကို ပြည်ပသို့ တင်ပို့နေရသည်။

အမေရိကန် သားငါးတင်ပို့မှု ဖက်ဒရေးရှင်းအဖွဲ့က အမေရိကန် ဝက်သားတင်ပို့မှုသည် စံချိန်တင်အမှတ်တွင် ရှိနေပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလတစ်လျှောက်လုံး တန်ချိန် သန်းပေါင်း၂ ဒသမ ၂၃ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ သန်းခန့် ရှိကြောင်း သိရသည်။

**ရိုက်တာ**

# ဗီယက်နမ်ရှိ စမတ်ဖုန်းများ ဗိုင်းရပ်စ်တိုက်ခိုက်ခံရ

**ဟန်နွိုင်း ဖေဖော်ဝါရီ ၁**

ဗီယက်နမ်နိုင်ငံရှိ စမတ်ဖုန်း ၃၅၀၀၀ ကျော်မှ ဖေ့စ်ဘုတ်အကောင့်စကားဝှက်များကို ခိုးယူသည့် ဂို့စ်တင်းမ်ဗိုင်းရပ်စ် တိုက်ခိုက်ခံရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ဂို့စ်တင်းမ်ဗိုင်းရပ်စ်သည် ဂူဂဲလ်ပလေးပေါ်ရှိ ထင်ရှားသည့် ဗီယက်နမ်အပလီကေးရှင်းများမှတစ်ဆင့် ပျံ့နှံ့လာခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းကွန်ပျူတာ လုံခြုံရေးလုပ်ငန်း ဘီကေအေဗ့်က မကြာသေးမီက ပြောကြားခဲ့သည်။

ဟက်ကာများသည် အဆိုပါ ဗိုင်းရပ်စ်ကို ဂူးဂဲလ်ပလေးပေါ်ရှိ ပြက္ခဒိန်၊ ဓာတ်မီးနှင့် သံလိုက်အိမ်မြှောင်စသည့် ထင်ရှားသည့် အပလီကေးရှင်းများတွင် ထည့်သွင်းခဲ့ပြီး သုံးစွဲသူများအနေဖြင့် အဆိုပါ အပလီကေးရှင်းများကို ဖုန်းအတွင်း ထည့်သွင်းအသုံးပြုချိန်တွင် ဖုန်းအသုံးပြုရသည်မှာ နှေးကွေးသွားမည်ဖြစ်ကာ ထိုအချိန်တွင် ဗိုင်းရပ်စ်က စတင်ဝင်ရောက်တိုက်ခိုက်မည်ဖြစ်သည်။

ဗိုင်းရပ်စ်တိုက်ခိုက်ခံရတော့မည့်အချိန်တွင် ဖော်ပြပါ ဂူဂဲလ်ပလေးမှ အင်စတောလုပ်လိုက်သော အပလီကေးရှင်းများမှ လုံခြုံရေးသတိပေးချက်များ ပေါ်လာမည်ဖြစ်ကာ သုံးစွဲသူက ညွှန်ကြားချက်အတိုင်း လိုက်လုပ်မိသွားပါက ဗိုင်းရပ်စ်တိုက်ခိုက်ခြင်း ခံရတော့မည်ဖြစ်သည်။

ဗိုင်းရပ်စ်တိုက်ခိုက်ခြင်းခံရပြီးနောက် အဆိုပါဗိုင်းရပ်စ်သည် သုံးစွဲသူများ၏ ဖုန်းအတွင်းသို့ လွယ်လင့်တကူဝင်ရောက်သွားပြီး ၎င်းတို့၏ ဖေ့စ်ဘုတ်အကောင့် စကားဝှက်များအား ခိုးယူသွားမည်ဖြစ်သည်။

နောက်ဆုံးသတင်းများအရ ယခုအခါတွင် အဆိုပါ အပလီကေးရှင်းများကို ဂူဂဲလ်ပလေးက ဖယ်ရှားလိုက်ပြီးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဗိုင်းရပ်စ်တိုက်ခိုက်ခံရသော စမတ်ဖုန်းအရေအတွက် လျော့နည်းသွားခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းကွန်ပျူတာလုံခြုံရေးလုပ်ငန်း ဘီကေအေဗ့်က ပြောခဲ့သည်။

**ဆင်ဟွာ**




# ထိုင်းနိုင်ငံ၏နာမည်ကြီးကမ်းခြေများတွင် ဆေးလိပ်သောက်ခွင့်ပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်း

**ဗန်ကောက် ဖေဖော်ဝါရီ ၁**

ထိုင်းနိုင်ငံ၏ နာမည်အကြီးဆုံး ကမ်းခြေ ၂၄ ခုတွင် ဖေဖော်ဝါရီ ၁ ရက်မှစကာ ဆေးလိပ်သောက်ခွင့် ပိတ်ပင်တော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆေးလိပ်သောက်ခွင့်ပိတ်ပင်ခဲ့သည့် ပြည်နယ် ၁၅ ခုရှိ နာမည်ကြီးကမ်းခြေများတွင် Patong, Koh Khai Nok, Koh Khai Nai (ဖူးခက်), Hua Hin, Cha-Am, Khao Takiab, Pattaya, Jomtien, Bangsaen နှင့် Samila ကမ်းခြေတို့လည်း ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းပြည်နယ် ၁၅ခုရှိ ကမ်းခြေ ၂၄ခုအား ဆေးလိပ်ကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီးနောက် ဥပဒေချိုးဖောက်သူများအား ဒဏ်ငွေ ဘတ် ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၂၂၆) သို့မဟုတ် ထောင်ဒဏ်တစ်နှစ် ချမှတ်ခံရမည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆေးလိပ်သောက်ခွင့်ပိတ်ပင်ခြင်း ဥပဒေအား ပညာပေးကာလအဖြစ် ရက်ပေါင်း ၉၀ အစိုးရဝက်ဘ်ဆိုက်၌ လွှင့်တင်ထားမည်ဖြစ်သလို အာဏာပိုင်များကလည်း ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်များအား ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာများဖြင့် အဆိုပါကမ်းခြေများတွင် စိုက်ထူသတိပေးထားမည် ဖြစ်ကြောင်း သိရသည်။

ရက်ပေါင်း ၉၀ ကမ်းခြေများ၌ ဆေးလိပ်မသောက်ရေး ပညာပေးကာလသည် စတင်ပြဋ္ဌာန်းချိန်ဖြစ်သော ၂၀၁၇ခုနှစ် နိုဝင်ဘာလကတည်းက စတင်အသက်ဝင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နှင့် ဥရောပသမဂ္ဂတို့ ပါလက်စတိုင်းကို ဆက်လက်အကူအညီပေးမည်

**တိုကျို ဖေဖော်ဝါရီ ၁**

အမေရိကန်က ပါလက်စတိုင်းသို့ အကူအညီပေးအပ်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချမှတ်လိုက်ခြင်းကို အတိုက်အခံပြုသည့်အနေဖြင့် ဂျပန်နှင့် ဥရောပသမဂ္ဂတို့က ပါလက်စတိုင်းနိုင်ငံသားများကို အကူအညီများ ထပ်မံပေးအပ်သွားရန် အလေးအနက်ကတိပြုခဲ့ကြကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ပြီးနောက်တွင် ပါလက်စတိုင်းဒုက္ခသည်များအား အကူအညီပေးအပ်မှုကို တစ်စိတ်တစ်ပိုင်းရပ်နားလိုက်သည်။

အမေရိကန်နှင့် ပါလက်စတိုင်းတို့မှ ကိုယ်စားလှယ်များအပါအဝင် ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ပါလက်စတိုင်းဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးအပ်ရေးနှင့် စပ်လျဉ်း၍ ဗုဒ္ဓဟူးနေ့က ဘရပ်ဆဲလ်တွင် ကျင်းပသည့် နိုင်ငံတကာအစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ အမေရိကန်နှင့် ပါလက်စတိုင်းနိုင်ငံသားများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ပြီးချိန်မှစတင်ကာ ပထမဆုံးအကြိမ် အစည်းအဝေးစားပွဲပေါ် အတူတကွ အစည်းအဝေးထိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ ဥရောပသမဂ္ဂက အလုပ်အကိုင်ဖန်တီးမှုနှင့် လျှပ်စစ်ဓာတ်အားပေးဝေမှုကို အာမခံပေးနိုင်ရေး အကူအညီပေးရန်အတွက် ယူရိုငွေ ၄၂ ဒသမ ၅ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၆ သန်းကို ငွေကြေးထည့်ဝင်မှုအသစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဂျပန်နိုင်ငံခြားရေးရာပါလီမန်ဒုတိယဝန်ကြီး မနာဘုဟိုရိက အစားအစာဖူလုံရေးအတွက် ဒေါ်လာ ၃၆ သန်းကျော် ထည့်ဝင်သွားမည်ဖြစ်ကြောင်း အလေးအနက် ကတိပေးအပ်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်ဘက်မှ ကန့်ကွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗြိတိန်ဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ ရောက်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၁**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီဆာမေသည် ၎င်း၏တရုတ်နိုင်ငံ တရားဝင်လည်ပတ်ရေးခရီးစဉ်စတင်သည့်အနေဖြင့် ဇန်နဝါရီ ၃၁ ရက်က တရုတ်နိုင်ငံ ဝူဟန့်မြို့သို့ ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီဆာမေသည် တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်၏ ဖိတ်ကြားချက်ကြောင့် တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ခြင်းဖြစ်သည်။ ထရီဆာမေအနေဖြင့် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ တရုတ်နိုင်ငံအတွင်း တရားဝင်ချစ်ကြည်ရေးလည် ပတ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တရုတ်-ဗြိတိန်နှစ်နိုင်ငံ ဝန်ကြီးချုပ်များ၏ အစည်းအဝေးကိုလည်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏ တရုတ်နိုင်ငံသို့လာရောက်လည်ပတ်သည့် ခရီးစဉ်သည် ၎င်းအနေဖြင့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် တာဝန်စတင်တာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ် လာရောက်လည်ပတ်သည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### ကမ္ဘောဒီးယားနိုင်ငံ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တရုတ်နိုင်ငံက ပံ့ပိုးပေးထား

**ဖနွမ်ပင် ဖေဖော်ဝါရီ ၁**

ကမ္ဘောဒီးယားနိုင်ငံ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွားဧည့်သည်များက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးထားသည်ဟု စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၃၁ ရက်က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) နှင့် ခရီးသွားလုပ်ငန်းနှစ်ခုစလုံးအတွက် အကြီးဆုံးအရင်းအမြစ်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၁၉၉၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်း ၂၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကောင်စီ၏ အစီရင်ခံစာအရ သိရသည်။

၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင် ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ သို့မဟုတ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၂၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နှစ်နိုင်ငံအစိုးရကြား နီးကပ်စွာဆက်ဆံရေးက အင်မတန်အရေးပါတဲ့အတွက် ကမ္ဘောဒီးယားမှာ ရင်းနှီးမြှုပ်နှံရတာအလွန်နွေးထွေးမှုရှိတယ်လို့ တရုတ်နိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေက ခံစားကြရကြောင်း အသင်းဝင်အိမ်ခြံမြေ ကုမ္ပဏီ ၉၇ ခုရှိသော ကမ္ဘောဒီးယားနိုင်ငံ ရာပြတ်နှင့် အိမ်ခြံမြေအကျိုးဆောင်များ အသင်း၏ ဥက္ကဋ္ဌကင်ဟန်ကပြောခဲ့သည်။ တရုတ်ရင်းနှီးမြှုပ်နှံသူတွေက ကမ္ဘောဒီးယားနိုင်ငံအတွက် ရင်းနှီးငွေအသစ်တွေ၊ နည်းပညာအသစ်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဆောင်ကြဉ်းပေးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခမာအိမ်ခြံမြေကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်တစ်ဦးလည်းဖြစ်သူ ကင်ဟန်က ပြောခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာ့ဒုက္ခသည်အရေး ပြန်လည်ရုပ်တည်ဦးမှာလား အမေရိကန်

တင်လင်းအောင်




လွန်ခဲ့တဲ့နှစ် ဒီလိုအချိန်မှာ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ ဒုက္ခသည်တွေနဲ့ တခြားရွှေ့ပြောင်းအခြေချသူတွေ အမေရိကန်ပြည်ထောင်စုထဲမဝင်နိုင်အောင် တင်းကျပ်တဲ့ အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်ထရန့် ဟာ သူ့ရဲ့ရွေးကောက်ပွဲကတိကဝတ်တွေအပေါ်မှာ လျင်လျင်မြန်မြန်အကောင်အထည်ဖော်လာလို့ သူ့ကိုထောက်ခံသူတွေက ကျေနပ်နေတဲ့အချိန်မှာ သူ့ရဲ့ပထမဆုံးထုတ်ပြန်ခဲ့တဲ့ ခရီးသွားလာခွင့်တားမြစ်တဲ့ အမိန့်ဟာ လေဆိပ်တွေမှာ ဆူပူဆန္ဒပြမှုတွေဖြစ်စေခဲ့သလို အုတ်အော်သောင်းတင်း ဆူဆူညံညံတွေ ပွက်လောရိုက်သွားပါတယ်။

တရားရုံးက စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ နောက်ဆက်တွဲ အမိန့်နည်းဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်မှာ ဒုက္ခသည်တွေဟာ ယခုအခါမှာတော့ အမေရိကန် ပြည်ထောင်စုမှာ အလွန့်အလွန်နှေးကွေးတဲ့ နှုန်းနဲ့ပြန်လည်နေရာချထားခြင်းခံရမှာ ဖြစ်ပါတယ်။ လျှောက်ထားသူတွေကိုလည်း အသေအချာ ပြန်လည်စိစစ်သွားမှာဖြစ်ပြီးတော့ နှောင့်နှေးမှုတွေရှိတယ်လို့လည်း သိရပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်အစိုးရရဲ့ပထမတစ်နှစ်မှာ အမေရိကန်ပြည်ထောင်စုထဲသို့ ဒုက္ခသည်အရေးအတွက် ၂၉၇၂၅ ဦးသာ ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီပမာဏဟာ လွန်ခဲ့တဲ့နှစ်က အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်ဖို့ လက်ခံခဲ့တဲ့ ဒုက္ခသည်တွေအရေးအတွက် ၉၉၁၈၃ ဦးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်ကိုနည်းပါးခဲ့တာဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်တွေမှာ အမေရိကန်ပြည်ထောင်စုဟာ ဒုက္ခသည်အရေးအတွက် နှစ်သိန်းကျော်လက်ခံခဲ့တာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အောက်တိုဘာလမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရဟာ လက်ရှိဘဏ္ဍာနှစ်အတွက် ရောက်ရှိဒုက္ခသည်တွေအရေအတွက်ပမာဏကို သမိုင်းတွင်စေမယ့် ပမာဏဖြစ်တဲ့ ၄၅၀၀၀ အထိ ကန့်သတ်လိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ တင်းကျပ်တဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်မယ့် ဒုက္ခသည်တွေ အရေအတွက်ဟာ သိသိသာသာတိုးတက်မှုရှိလာမှာ မဟုတ်တဲ့အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်အစိုးရသတ်မှတ်ကန့်သတ်ထားတဲ့နှုန်း ထိရောက်ဖို့ဆိုတာတောင် မလွယ်လှပါဘူး။

ယခုနှစ်မှာ အမေရိကန်ပြည်ထောင်စုဟာ ကနေဒါထက်လျော့နည်းတဲ့ ဒုက္ခသည်တွေ အရေအတွက်ပမာဏကို ပြန်လည်နေရာချထားမှုတွေ လုပ်ကိုင်ဆောင်ရွက်နေပါပြီ။ ကနေဒါနိုင်ငံရဲ့ လူဦးရေဟာ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ လူဦးရေရဲ့ ဆယ်ပုံပုံတစ်ပုံလောက်ပဲ ရှိပါတယ်။

ပြန်လည်နေရာချထားခြင်းခံရတဲ့ ဒုက္ခသည်အသိုင်းအဝိုင်းနဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်အတော်များများကနေထိုင်ခဲ့သူတစ်ဦးက သူ့ရဲ့ဒုက္ခသည် မိတ်ဆွေတွေရဲ့ မိသားစုဝင်တွေဟာ နိုင်ငံခြားတိုင်းပြည်တွေမှာ နေထိုင်လျက်ရှိပြီး သူတို့ဟာ သူတို့တိုင်းပြည်တွေမှာ ဖိနှိပ်မှုတွေ ခံနေရတာကြောင့် အိမ်နီးချင်းပြည်နယ်တွေရဲ့ ဒုက္ခသည်စခန်းတွေမှာ ဒုက္ခတွေ ခံစားနေကြရပါတယ်လို့ ပြောပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုမှာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေရရှိဖို့ ပြန်လည်အခြေချမယ်လို့ မျှော်လင့်ချက်ကလေးနဲ့ နေထိုင်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အမေရိကန်ပြည်ထောင်စုရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဒုက္ခသည်တွေဟာအမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ဖို့ စောင့်ဆိုင်းနေရတဲ့ ပုံစံဖြစ်နေပါတယ်။

အဲဒီခရီးသွားလာခွင့်တားမြစ်ချက်တွေဟာ မူဆလင်တွေကိုသာ တားမြစ်ထား ခြင်းဖြစ်တယ်လို့ ခရီးသွားလာခွင့်တားမြစ်ချက်တွေအပေါ် ဝေဖန်သူတွေက ပြောခဲ့ပါတယ်။ အထူးသဖြင့် ဆီးရီးယားပြည်တွင်းစစ်က ထွက်ပြေးလာတဲ့ မူဆလင်ဒုက္ခသည်တွေလည်း အပါအဝင်ပေါ့။ မူဆလင် ဒုက္ခသည်တွေဟာ အန္တရာယ်ဖြစ်စေနိုင်ဆုံးသူတွေလို့ အမေရိကန် သမ္မတဒေါ်နယ် ထရန့်က ရှုမြင်ပုံရပါတယ်။

အိုဘားမားအစိုးရလက်ထက်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အမေရိကန်သမ္မတဒေါ်နယ်ထရန့် အစိုးရလက်ထက်မှာ မူဆလင်ဒုက္ခသည် ပမာဏကို ၈၀ ရာခိုင်နှုန်းထက်လျော့နည်းပြီး ဝင်ခွင့်ပြုခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ကြေညာချက်မှာ အမေရိကန်ပြည်ထောင်စုဟာ ဖိနှိပ်မှုခံနေရတဲ့ ခရစ်ယာန်တွေကို ဦးစားပေးမယ်လို့ ဖော်ပြခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုမှာ ပြန်လည်အခြေချနေထိုင်တဲ့ ဖိနှိပ်ခံ ခရစ်ယာန်အရေအတွက်ဟာ သိသိသာသာကိုပဲ လျော့နည်းလာခဲ့ပါတယ်။ ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် အမေရိကန်သမ္မတဒေါ်နယ်ထရန့် သမ္မတတာဝန်ထမ်းဆောင်တဲ့ တစ်နှစ်တာအတွင်းမှာ ခရစ်ယာန်ဒုက္ခသည် ၂၇၀၀၀ ခန့် ဝင်ခွင့်ပြုပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ နေထိုင်တဲ့ စုစုပေါင်း ဒုက္ခသည်အရေအတွက်ကို လျှော့ချလိုက်မှုနဲ့ အီရန်နဲ့ အီရတ်ကဲ့သို့သော မူဆလင်အများစုနေထိုင်တဲ့ နိုင်ငံများကဲ့သို့သော နိုင်ငံတွေမှဒုက္ခသည်တွေအမေရိကန်ပြည်ထောင်စုတွင်း ဝင်ရောက်အခြေချနေထိုင်မှုကိုလည်း တားမြစ်ပိတ်ပင်လိုက်ခြင်းတို့ဟာ မူဆလင် ဒုက္ခသည်တွေသာမက ခရစ်ယာန်ဒုက္ခသည်တွေကိုပါ ဒုက္ခရောက်စေခဲ့ပါတယ်။ အကြောင်းကတော့ မူဆလင်အများစုနေထိုင်တဲ့ အီရန်နဲ့ အီရတ်နိုင်ငံတွေမှာ ဖိနှိပ်ခံခရစ်ယာန်တွေက သိသိသာသာ များပြားလာတဲ့အတွက် အဲဒီဒုက္ခသည်တွေဟာ အမေရိကန်နိုင်ငံအတွင်းကို ဝင်ရောက်အခြေချတဲ့အခါ သူတို့လည်း တားမြစ်ပိတ်ပင်တဲ့အထဲမှာ ပါနေလို့ပဲဖြစ်ပါတယ်။

အဲဒီ တားမြစ်ပိတ်ပင်မှုဟာ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ကောင်းနေထိုင်နိုင်တဲ့သူတွေကိုလည်း ထိခိုက်နစ်နာမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဥပမာကင်ညာ၊ လက်ဘနွန်နဲ့ ဂျော်ဒန်စတဲ့ နိုင်ငံတွေမှ လူထောင်ပေါင်းများစွာဟာ အိမ်နီးချင်းတိုင်းပြည်တွေရဲ့ ဖိနှိပ်မှုတွေကြောင့် ထွက်ပြေးနေရရုံသာမက ပြည်တွင်းဖိအားတွေကြောင့်လည်း တခြားတစ်နေရာမှာ ခိုလှုံဖို့ တွန်းအားပုံစံဖြစ်လာပါတယ်။

အဲဒီလို ဒေသကလူတွေဟာ သူတို့ဘဝလုံခြုံတိုးတက်ဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပိုကောင်းတဲ့ နေရာတွေရှာဖွေမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အလွန်တရာနည်းပါးလှတဲ့ ဒုက္ခသည် အရေအတွက်ကို လက်ခံခွင့်ပြုထားတဲ့ အမေရိကန်ပြည်ထောင်စုလိုနေရာမျိုးက သူတို့ကို မျှော်လင့်ချက်တွေ မဲ့စေကောင်းမဲ့စေမှာပါ။

ဒုက္ခသည်ခိုလှုံအခြေချနေထိုင်ခွင့် ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့လုံခြုံရေးအတွက်ပါလို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မကြာသေးခင်ကမှ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့မဟုတ်ပါဘူး၊ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ သူကဆက်လက်ပြောခဲ့ပါတယ်။

အမှန်တကယ်ကတော့ ကွန်ဆာဗေးတစ်ကာတိုအင်စတီကျူက ပြုလုပ်ခဲ့တဲ့ စစ်တမ်းတွေအရ ၂၀၀၂ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့လက်သည်တရားခံဟာ အမေရိကန်ဖွားအကြမ်းဖက်သမားတွေကြောင့်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ တခြားခရီးသွားတွေထက် ပိုမိုစိစစ်ခံရပြီး တားဆီးခံရတာကို ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခသည်တွေဟာ ဒုက္ခသည်ဆိုင်ရာ အက်ဥပဒေ (၁၉၈၀)ကို ဥပဒေအဖြစ် ထုတ်ပြန်ပြီးတဲ့အချိန်ကတည်းက အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ အမေရိကန်ဖွားအကြမ်းဖက် သမားဘဝမျိုး မခံယူခဲ့ပါဘူး။

မစ္စတာထရန့်ရဲ့ အမိန့်တွေထဲမှ အမိန့်တစ်ခုက ဒုက္ခသည်အခြေချနေထိုင်မှုတွေအပေါ် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုရှိစေတဲ့ အစီရင်ခံစာတစ်ခုနဲ့ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းဥပဒေတွေ ပြဋ္ဌာန်းခဲ့သော်လည်း ထရန့်အစိုးရအဖွဲ့က အဆိုပါအစီရင်ခံစာကို ဘယ်တော့မှာ မထုတ်ပြန်ခဲ့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အကယ်၍ ထုတ်ပြန်လိုက်သည်ရှိသော် ထွက် ပေါ်လာမယ့်အကျိုးရလဒ်က သင့်တော်မယ့် အနေအထားမရှိလို့ဘဲ ဖြစ်ပါတယ်။ နယူးယောက်တိုင်းမ်က တွေ့ရှိခဲ့တဲ့ ကျန်းမာရေးနဲ့ လူမှုဝန်ဆောင်မှုဌာနရဲ့ အစီရင်ခံစာ မူကြမ်းတစ်ခုမှာတော့ လွန်ခဲ့တဲ့ဆယ်စုနှစ် မှာ ဒုက္ခသည်တွေဟာ သူတို့ရဲ့ ကျသင့်ငွေထက်ပိုပြီး အစိုးရရဲ့ အခွန်ဘဏ္ဍာအတွက် အမေရိကန် ဒေါ်လာ ၆၃ ဘီလီယံ ထည့်ဝင်ခဲ့တာပဲ ဖြစ်ပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုသို့ ရောက်ပြီး ကိုးနှစ်အကြာမှာ အစိုးရရဲ့ လူမှုဝန်ဆောင်မှုနဲ့ အကျိုးကျေးဇူးတွေမှ ရရှိတဲ့ပမာဏထက် အခွန်ကိုပိုပြီး ပေးဆောင်ရပါတယ်။

လွန်ခဲ့တဲ့နှစ်ကတော့ ဒုက္ခသည်တွေအတွက် အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့နှစ်ပဲ ဖြစ်ပါတယ်။ အနာဂတ်သစ်ကို ဖွေရှာနေတဲ့ ဒုက္ခသည်တွေ သူတို့ရဲ့စိတ်ကောင်းစေတနာကောင်းတွေကြောင့် အစိုးရဟာ ဒုက္ခသည်တွေအပေါ် မှန်ကန်တဲ့နည်းလမ်းကို ကျင့်သုံးနိုင်ပါစေလို့ ဆန္ဒပြုသလို ဒုက္ခသည်တွေနဲ့ပတ်သက်တဲ့ တကယ့်မှန်ကန်တဲ့ အချက်အလက်တွေကို ပြန်လည်စိစစ်ဖို့ နှောင့်နှေးမနေသေးပါဘူး။ အမေရိကန်ပြည်သူတွေ စိုးရိမ်နေတဲ့ ဒုက္ခသည်တွေအရေးနဲ့ ပတ်သက်ပြီး အချိန်မီမှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ပါစေလို့။ ။

**ကိုးကား-ဆင်ဟွာ**

> **အိုဘားမား အစိုးရလက်ထက်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရလက်ထက်မှာ မူဆလင် ဒုက္ခသည် ပမာဏကို ၈၀ ရာခိုင်နှုန်းထက်လျော့နည်းပြီး ဝင်ခွင့် ပြုခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်**

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာ အောင်မြင့်ဦး (ပါမောက္ခ၊ ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုဆွေးနွေးပို့ချချက်သည် ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့်ကျောင်းသူကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာဆိုင်ရာ သိကောင်းစရာများ ဖြစ်ပါသည်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်သည် မြန်မာစာကို စိတ်ဝင်စားသည့် ကျောင်းသူ ကျောင်းသားများအတွက် အထူးသင့်လျော်သည့် ဘာသာရပ်တစ်ခုဖြစ်ပြီး အဆင့်မြင့်မြန်မာစာ လေ့လာနိုင်ရေးအတွက် လမ်းခင်းပေးသည့် ဘာသာရပ်လည်းဖြစ်သည်။ စိတ်ကြိုက်မြန်မာစာဘာသာရပ် ရွေးချယ်သင်ယူသည့် ကျောင်းသားကျောင်းသူများသည် မြန်မာဝေါဟာရ အသုံးအနှုန်းများကြွယ်ဝလာပြီး မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါသည်။ ထို့ပြင် မြန်မာစာပေ၏ အဆီအနှစ်များဖြစ်သည့် စကားပြေ၊ ကဗျာတို့ကို ဝေဖန်အကဲဖြတ်လာနိုင်ပြီး မြန်မာစာပေ၏ ဖွံ့ဖြိုးတိုးတက်မှုအစဉ်ကိုလည်း သိရှိလာမည်ဖြစ်သည်။ မြန်မာ့ရသစာပေများကို ခံစားတတ်လာမည်ဖြစ်သကဲ့သို့ ရသမြောက် မြန်မာစာ အရေးအသားများကိုလည်း ဖန်တီးရေးသားတတ်လာရန် အထောက်အကူပြုမည် ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာစာပေသမိုင်း ဟူ၍ စာအုပ် ၄ အုပ် ပြဋ္ဌာန်းထားပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် ယင်းပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် မှတ်သားသိရှိသင့်သည်များကို ဆွေးနွေးပို့ချသွားမည် ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာတွင် မေးခွန်းကြီး ၄ ပုဒ် ပါဝင်ပါသည်။ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်တစ်ပုဒ်၊ သံဝရပျို့ တစ်ပုဒ်၊ မြန်မာကဗျာ ဖွဲ့နည်း တစ်ပုဒ်နှင့် မြန်မာစာပေသမိုင်း တစ်ပုဒ်တို့ ဖြစ်သည်။ ၃ နာရီမေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းတွင် ပုဒ်ခွဲများ ပါဝင်ပါသည်။

မေးခွန်း ၁ သည် မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်မေးခွန်း ဖြစ်ပါသည်။ မြန်မာဝတ္ထုတိုတွင် ကိုလိုနီခေတ်မှမျက်မှောက်ခေတ်အထိ ဆရာ ၁၁ ဦး၏ ဝတ္ထုတို ၁၁ ပုဒ် နှင့် ပြဇာတ် သုံးပုဒ်ကို ရွေးချယ်ထားပါသည်။ ဝတ္ထုတိုဆိုသည်မှာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူ၏ စိတ်ကူးဉာဏ်နှင့် ဖန်တီးရေးဖွဲ့ထားသည့် ရသစာပေတစ်မျိုး ဖြစ်ပါသည်။ စာရေးသူတို့သည် ဝတ္ထုတိုကို စာဖတ်သူ တစ်ထိုင်တည်းဖြင့် ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိပါသည်။ စာရေးသူသည် စာဖတ်သူ အာရုံကျက်စားစေလိုသည့် သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းဖြင့် ဖန်တီးရေးဖွဲ့ထားခြင်း ဖြစ်သည်။

ဝတ္ထုတိုများကို လေ့လာသည့်အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့ ရသနှင့် အသိအမြင်ဟူသည့် အစီအစဉ်များဖြင့် လေ့လာသင့်ပါသည်။ ဝတ္ထုအာဘော်ဟူသည် ဝတ္ထုတိုရေးသူ၏ ဆိုလိုချက်ပင် ဖြစ်ပါသည်။ ဝတ္ထုတိုရေးသူသည် ဝတ္ထုတိုတွင် မိမိ၏ဆိုလိုချက် (အာဘော်) ကို ပေါ်လွင်အောင် ဖော်ပြရသည်။ စာဖတ်သူအနေဖြင့်လည်း ဝတ္ထုတိုတစ်ပုဒ် ဖတ်ပြီးသွားသည့်အခါ ဝတ္ထုတိုရေးဆရာ မည်သည်ကို ဆိုလိုသည်၊ သူ့ဝတ္ထုသည် မည်သည်ကိုပြောလိုသည်ဆိုသည့် ဆိုလိုချက် (အာဘော်) ကို နားလည် သဘောပေါက်သွားရစမြဲ ဖြစ်ပါသည်။

ဇာတ်လမ်းဖန်တီးပုံဆိုသည်မှာ ဇာတ်လမ်းဖြစ်ရပ်များကိုဖန်တီးမှုအတတ်ပညာများဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ ဇာတ်လမ်းကိုသူ့ဘက် ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြှုပ်ကွက်များကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်း၌ ကြိုတင်အရိပ်နိမိတ်ပြခြင်း စသည့် ဖန်တီးမှု အတတ်ပညာများဖြင့် ဇာတ်လမ်းကို ဖန်တီးထားခြင်းဖြစ်သည်။

ဇာတ်ဆောင်ဖန်တီးပုံဟူသည် ဇာတ်လမ်းတွင်ပါဝင်သည့် ဇာတ်ဆောင်များကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝထင်ရှားလာအောင် ဖန်တီးရေးဖွဲ့ထားသည်ကို ဆိုလိုခြင်းဖြစ်သည်။ ဇာတ်ဆောင်ဖန်တီးရာတွင် ဇာတ်ဆောင်တွေရဲ့ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင် အချင်းချင်း ပြောဆိုပြုမူပုံများဖြင့် ဖန်တီးလေ့ရှိကြသည်။ ဇာတ်ဆောင်တို့၏ ကံသုံးပါးအမူအရာဟု ဆိုအပ်သော ကိုယ်နှုတ်နှလုံးသုံးပါး အမူအရာတို့ဖြင့် ဇာတ်ဆောင်တို့၏ စိတ်နေသဘောထား၊ စရိုက်သဘာဝကို ပေါ်လွင်အောင် ရေးဖွဲ့ထားခြင်းသည် ဇာတ်ဆောင်ဖန်တီးပုံပင် ဖြစ်ပါသည်။

နောက်ခံဖန်တီးပုံမှာမူ ဇာတ်လမ်းဖြစ်ပျက်ရာနောက်ခံအကြောင်းအရာများကို ဖန်တီးရေးဖွဲ့ထားခြင်းဖြစ်သည်။ ဇာတ်လမ်းအဖြစ်အပျက်၏ နောက်ခံအကြောင်းအရာများမှာ ခေတ်နောက်ခံ သို့မဟုတ် အချိန်ကာလနောက်ခံ၊ ဒေသနောက်ခံတို့ဖြစ်ပြီး ယင်းနောက်ခံ အကြောင်းအချက်များကို စာရေးသူက ဝတ္ထုတို၏ ခေတ်အခြေအနေ၊ လူမှုဝန်းကျင် အခြေအနေတို့ဖြင့် ထင်ဟပ်ကာ ဖန်တီးရေးဖွဲ့လေ့ရှိပါသည်။

ဝတ္ထုတို၏ အရေးအဖွဲ့ပိုင်းကို လေ့လာရာတွင်မူ စာရေးသူ၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာသင့်ပါသည်။ ဝတ္ထုတိုကပေးသည့် ရသနှင့် အသိအမြင်ဆိုသည်မှာ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးသည့်နောက် စာဖတ်သူ၏ စိတ်ထဲတွင် မည်သို့သော နှစ်သက်ခံစားမှုမျိုး ဖြစ်ပေါ်လာပြီး မည်သို့သော အသိအမြင်များ ရရှိလာသည်၊ မည်သို့သော သင်ခန်းစာများရရှိသည် စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

သာဓကအနေဖြင့် အမျိုးသားပညာဝန်ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည့် မောင်ဘစီ ဝတ္ထုတိုကို လေ့လာမည်ဆိုပါလျှင် ဤဝတ္ထုတိုသည် အပြစ်ကင်းသည့် အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုးအလုပ်လုပ်ရင်း ပညာကြိုးစားသင်ယူလျှင် ဘဝအခြေအနေတိုးတက်ကြီးပွားနိုင်ကြောင်း ဟူသည့် စာရေးသူ၏ အာဘော်ကိုတွေ့မြင်နိုင်မည်ဖြစ်သည်။

ယင်းအာဘော်ကိုပေါ်လွင်စေရန်အတွက် လူငယ်တစ်ယောက်၏ ခံယူချက်နှင့် ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားပုံ၊ ဇာတ်လမ်းပါ အဓိကဇာတ်ဆောင်ဖြစ်သည့် မောင်ဘစီ၏ ရိုးသားသည့် စိတ်ထား၊ ကြိုးစားသည့်စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးထားပုံတို့ကို လေ့လာထားရမည် ဖြစ်သည်။

ဇာတ်လမ်းနောက်ခံကို ဖော်ထုတ်ရာတွင် ဇာတ်လမ်းအရ ပုသိမ် တလိုင်းချောင်းအရပ်နှင့် ပုသိမ်မြို့ အမျိုးသားကျောင်းသည် ဇာတ်လမ်း၏ နောက်ခံဒေသဖြစ်ပုံ၊ စာရေးသူ ဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် ခရစ်နှစ် ၁၉၂၀ ဝန်းကျင်ကာလတွင်ရေးဖွဲ့သည့် ဝတ္ထုဖြစ်သည့်အတွက် ၁၉၂၀ ဝန်းကျင်ကို ဝတ္ထု၏ ကာလနောက်ခံအဖြစ် သတ်မှတ်နိုင်ပုံတို့ကို ဖော်ထုတ်လေ့လာရမည် ဖြစ်ပါသည်။

ဤဝတ္ထုတို၏ အရေးအဖွဲ့ပိုင်းကို လေ့လာရာတွင် ဇာတ်ဆောင်တစ်ဦးချင်း၏ ပြောစကားများ၊ ဇာတ်ဆောင် အချင်းချင်း အပြန်အလှန်ပြောစကားများ၊ ထိုပြောစကားများတွင် လွယ်ကူ ရှင်းလင်းသည့် စကားအသုံးအနှုန်းများသုံးနှုန်းထားပုံ၊ ဖျတ်လတ်သွက်လက်သည့်ရေးဟန်၊ ထိမိကျစ်လျစ်သည့် ဝါကျအဖွဲ့ စသည်တို့ကို လေ့လာထားရမည် ဖြစ်ပါသည်။ ရသနှင့်အသိအမြင်ပိုင်းတွင်မူ ရိုးသားကြိုးစားသည့် လူငယ်တစ်ဦး၏ ခံယူချက်နှင့် စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေသည့် သန္တရသ ခံစားစေနိုင်ပြီး ရိုးသားသည့်အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်များ ရရှိပုံကို လေ့လာထားသင့်ပါသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ် မေးခွန်း ၁(ခ) သည် မြန်မာပြဇာတ် မေးခွန်း ဖြစ်သည်။ ပြဇာတ် သုံးပုဒ်သာ ပြဋ္ဌာန်းထားသည့်အတွက် ယင်းပြဇာတ် သုံးပုဒ်ကိုရှုထောင့် အမျိုးမျိုးမှ မေးမြန်းမည် ဖြစ်ပါသည်။ ပြဇာတ်ဆိုသည်မှာ ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့ထားသည့် စာပေမျိုးဖြစ်ပြီး ပြဇာတ်လေ့လာရာတွင် ဝတ္ထုတိုကဲ့သို့ပင် ပြဇာတ်၏အာဘော်၊ ဇာတ်လမ်း ဖန်တီးပုံ၊ ဇာတ်ဆောင် ဖန်တီးပုံ၊ နောက်ခံနှင့် ပြဇာတ် အရေးအဖွဲ့တို့ကို လေ့လာရမည် ဖြစ်သည်။

ပြဇာတ်အာဘော်ဟူသည် ပြဇာတ်ဆရာ၏ ဆိုလိုချက်ပင် ဖြစ်သည်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားများဖြင့် ဖန်တီးရသည်။ သာဓကအနေဖြင့် အာဇာနည်မိခင်ပြဇာတ်ကို လေ့လာမည်ဆိုလျှင် ပြဇာတ်အာဘော်သည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် အသက်ပေးသွားသည့် အာဇာနည်သားကောင်း၏ မိခင်ဖြစ်ရခြင်းကို ဂုဏ်ယူသည့် အာဇာနည်မိခင်တစ်ဦး၏ စိတ်ဓာတ်ကို ဖော်ကျူးလိုသည့် စာရေးသူ၏ အာဘော်ကို တွေ့ရမည် ဖြစ်သည်။

ဂျပန်ခေတ်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးသည့် အကြောင်းအရာကို ဇာတ်လမ်းအဖြစ် ဖန်တီးထားသည်။ ဇာတ်ဆောင်များကို လေ့လာရာတွင် ဇာတ်ဆောင်များ၏ ပြောစကားများအရ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝ မည်သို့ပေါ်လွင်ထင်ရှားမှု ရှိသည်ကို လေ့လာရမည်ဖြစ်သည်။ ပြဇာတ်၏ နောက်ခံကာလဒေသကိုမူ ပြဇာတ်ဆရာ၏ ဇာတ်ညွှန်းစကားများမှတစ်ဆင့် သိရှိနိုင်ပေသည်။ အရေးအဖွဲ့ပိုင်းတွင် ပြဇာတ်ဆရာ၏ အမြင်မတော်၊ အကြားမတော်သည့် ကိစ္စရပ်များကို ထေ့သံ၊ သရော်သံများဖြင့် ဟာသမြောက်အောင် ရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

မေးခွန်း ၂ သည် သံဝရပျို့မေးခွန်းဖြစ်သည်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့သည်။ ၅၅၀ နိပါတ်တော်တွင် ပါရှိသော သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ မူရင်းပျို့တွင် စာကိုယ် ပိုဒ်ရေ ၁၈၉ ပိုဒ်၊ နိဂုံးပိုဒ်ရေ ၄ ပိုဒ် စုစုပေါင်း ၁၉၃ ပိုဒ်ပါရှိသော်လည်း ကျောင်းသားများအတွက် အပိုဒ် ၁ မှ ၇၁ ထိကိုသာ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ဤပျို့ကိုရေးချိန်တွင် ဆရာတော်သည် အသက်(၆၀)ဝန်းကျင်သို့ ရောက်နေပြီဖြစ်သည်။ စာပေအသိအမြင်နှင့် ဘဝအတွေ့အကြုံစုံလင်နေပြီလည်း ဖြစ်သည်။ ထို့ကြောင့် ဤပျို့ကို ရေးသောအချိန်တွင် စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာများ များစွာ ပါဝင်လာပါသည်။ အကြောင်းအရာ အနှစ်သာရ အလွန်ထူးခြားသော ပျို့တစ်စောင် ဖြစ်ပါသည်။

သံဝရပျို့ကို လေ့လာသည့်အခါတွင် သံဝရပျို့ဖတ်စာအုပ်နိဒါန်းတွင်ပါရှိသော ပျို့လေ့လာနည်းများကို အသေအချာ ဖတ်ရှုလက်စွဲပြု၍ လေ့လာရမည်ဖြစ်ပါသည်။ ပျို့ကိုလေ့လာရာတွင် အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်းဟူ၍ ကဏ္ဍသုံးခုခွဲကာ လေ့လာသင့်ပါသည်။

သံဝရပျို့လာအကြောင်းအရာများကို ဖတ်စာအုပ်နိဒါန်းတွင် အကျဉ်းမျှ ခွဲပြထားပါသည်။ အကြောင်းအရာလေ့လာရာတွင် အခန်းအလိုက်ပါဝင်သော အကြောင်းအရာများကို ကဏ္ဍခွဲ၍ လေ့လာသင့်ပါသည်။ အကြောင်းအရာများကို ကဏ္ဍခွဲကြည့်မည်ဆိုလျှင်- ၁ မြတ်စွာဘုရား ဟောရခြင်း အကြောင်း၊ ၂ ခမည်းတော်နှင့် သံဝရမင်းသား ပြောဆိုခန်း၊ ၃ အမတ်ကြီးနှင့် တိုင်ပင်ခန်းများ (ဤနေရာတွင် အမတ်ကြီးနှင့် တိုင်ပင်ခန်း ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်ဟူ၍ သုံးကြိမ်ရှိပါသည်။ သုံးကြိမ်လုံးကို လေ့လာရမည် ဖြစ်ပါသည်။)၊ ၄ အမတ်များက နန်းလျှာထားရန် တောင်းပန်ခန်း၊ ၅ သံဝရမင်းသား ထီးနန်းရခန်း ဟူ၍ခွဲခြားနိုင်မည် ဖြစ်ပါသည်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာရပါမည်။ ဇာတ်ဆောင်များ၏စရိုက်ကိုလေ့လာသောအခါတွင် သူတို့၏ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးများကို လေ့လာရန်လိုပါသည်။ ဤပျို့တွင် အဓိကဇာတ်ဆောင် သုံးဦးကိုတွေ့ရပါမည်။ ဗြဟ္မဒတ် မင်းကြီး၊ အမတ်ကြီးနှင့်သံဝရမင်းသားတို့ ဖြစ်ပါသည်။ ဤဇာတ်ဆောင် သုံးဦး၏ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနှင့် အရည်အသွေးများကို မိမိ၏ အရေးအသားနှင့် ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမည် ဖြစ်ပါသည်။

ထို့အပြင် ပျို့တွင်ပါရှိသော ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပသောအဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စသည်များ၏ အဓိပ္ပာယ်များကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမည်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမည်။

သာဓကပြရမည်ဆိုလျှင်-

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက် ဦးတင်၊ မြဲလှချင်" ဟူသော ဥပမာအလင်္ကာကို ဖြေကြည့်ပါမည်။ သံဝရမင်းသား၏ ခမည်းတော် မင်းကြီးသည် သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားသောအခါတွင် သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူး ကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင်ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရ ပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြရန် ဖြစ်ပါသည်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့" ဟူသော ဥပမာအလင်္ကာဆိုလျှင်လည်း ယဉ်ကြားဆိုသည်မှာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင် ရေးရပါမည်။ ယဉ်သွားများမှာ လွန်းသည် ထုတ်ချင်းပေါက်ပြီး အလွယ်တကူ သွားသကဲ့သို့ ဟူသော အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမည်။

ဆက်လက်၍ သံဝရပျို့စာသားများမှ ဆိုရိုးစကား ဖြစ်လာသည့် အဖွဲ့အနွဲ့များ အကြောင်းကို ရှင်းလင်းဆွေးနွေးပါမည်။ ရှင်မဟာရဋ္ဌသာရ၏ ပျို့များတွင် ဆိုရိုးစကားများ၊ စကားပုံများ လွန်စွာကြွယ်ဝပါသည်။ ပျို့စာသားများသည်ပင်လျှင် နောင်အခါ ဆိုရိုးများ၊ စကားပုံများဖြစ်သွားသည်ကို တွေ့ရပါသည်။ သံဝရပျို့တွင်ပါသည့် "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဟူသော ဆိုရိုးစကားသည် ယနေ့ခေတ်တွင် အလွန်သုံးလေ့ရှိသော ဆိုရိုးစကား ဖြစ်လာပါသည်။ ကိုယ်တစ်ယောက်ချမ်းသာရန်အတွက် လူအများဆင်းရဲသည် ဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။

အလားတူပင် "အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဟူသော အဖွဲ့သည်လည်းဆိုရိုးစကားအဖြစ်ဖြင့် မြန်မာ့လူမှုနယ်ပယ်တွင် တွင်ကျယ်နေပါသည်။ မိဘဟူသည် သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့ရပါမည်၊ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့လျှင် ထိုမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုသံဝရပျို့တွင် အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းသည့် အဖွဲ့ကောင်းများကို တွေ့ရမည် ဖြစ်သည်။ "ငါးတို့ဘာသာ၊ တံငါ ကွန်စွန်နှံ့၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကို တံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာ ငါးများ၊ ဝင်လာငြားအံ့"၊ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့် လွယ်ကူ၊ မြို့လုံးချူ" စသည့် ပြောင်မြောက်သော အဖွဲ့ကောင်းများကို ထုတ်နုတ် လေ့လာရမည် ဖြစ်သည်။

ပျို့လေ့လာရာတွင် နောက်ထပ်လေ့လာရမည့် အချက်တစ်ချက်မှာ ပျို့လာ အသုံးအနှုန်းစကားလုံးများ ဖြစ်သည်။ သံဝရပျို့သည် အင်းဝခေတ်မှာပေါ်သော ပျို့တစ်စောင်ဖြစ်သည့်အလျောက် အင်းဝခေတ်သုံး စကားအသုံးအနှုန်းများကို တွေ့ရမည် ဖြစ်သည်။ "မျက်ချစ်"၊ "ဆိတ်ညံ"၊ "ပြယာယ်"၊ "ခိုင်းပယ်" စသည့် စိတ်ဝင်စားဖွယ် ရှေးသုံးစကားလုံးများကို တွေ့ရှိရမည် ဖြစ်သည်။ ထိုစကား အသုံးအနှုန်းများ၏အဓိပ္ပာယ်ကို သိရှိထားရန် လိုအပ်ပေသည်။ "မျက်ချစ်" သည် နှစ်သက်မြတ်နိုးသည်၊ မေတ္တာရှိသည်၊ "ဆိတ်ညံ" သည် တိတ်ဆိတ်သည်၊ "ပြယာယ်" သည် သွယ်ဝိုက်ပြောဆိုသည်၊ "ခိုင်းပယ်" သည် စေခိုင်းသည်ဆိုသော အနက်အဓိပ္ပာယ်ရှိကြောင်း သိရှိရမည် ဖြစ်သည်။

ဆက်လက်၍ သံဝပျို့၏ မေးခွန်းပုံစံကို ရှင်းလင်းတင်ပြရမည်ဆိုလျှင် သံဝရပျို့မေးခွန်းဖြစ်သည့် မေးခွန်း ၂ တွင် ပုဒ်ခွဲ ၂ ခု ပါဝင်ပါသည်။ ၂ (က)သည် ပျို့စာကိုယ်လာ စာပိုဒ်များကို ရှင်းပြရန်ဖြစ်ပြီး ၂(ခ) သည် ပျို့အကြောင်းအရာ၊ အရေးအဖွဲ့နှင့် သုတရသ သင်ခန်းစာများကို မေးခြင်းဖြစ်သည်။ ဗြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊ ဖခင်နှင့်သားတို့၏နှစ်လိုဖွယ် ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါသည်။

မေးခွန်း ၃ သည် မြန်မာကဗျာဖွဲ့နည်းမေးခွန်း ဖြစ်ပါသည်။ ကဗျာဖွဲ့နည်းများတွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ် ဟူသော ကဗျာအမျိုးအစား ၈ မျိုးကို ဖော်ပြထားသည်။ ထိုကဗျာ ၈ မျိုး၏ ဖွဲ့နည်းများကို ဖော်ပြရာတွင် သက်ဆိုင်ရာ ကဗျာအမျိုးအစား၏ အခေါ်အဝေါ် အဓိပ္ပာယ်များ၊ စပ်နည်းများ၊ သာဓကပုံစံများ၊ လေ့ကျင့်ခန်းများ ပြည့်စုံစွာ ဖော်ပြထားသည်။ ကဗျာစပ်နည်းအမျိုးမျိုးအနက် ထူးခြားသည့် ကာရန်ယူစနစ်များဖြစ်သည့် ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန် ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်း၊ ကဗျာဉာဏ်ကွန့်မြူးနိုင်ရန်အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ် စသည့် မြန်မာကဗျာဆိုင်ရာ သိမှတ်စရာများကိုလည်း လေ့လာမှတ်သားရမည် ဖြစ်သည်။

*(စာမျက်နှာ ၁၇ သို့)*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၆)

# အိန္ဒိယ အခြေခံဥပဒေ ပြင်ဆင်ခြင်း



ဦးဟန်ညွန့် (ဥပဒေ)

**အိန္ဒိယခရီးသည်**


အိန္ဒိယသို့ သတင်းခရီးသည်အဖြစ် ရောက်ခဲ့ကြောင်း အပိုင်းအသီးသီးတွင် ရေးခဲ့ပြီးပါပြီ။ သတင်း၊ စာပေ၊ ဥပဒေအကြောင်းတွေ စာပဒေသာအဖြစ် တင်ပြခဲ့ခြင်းပါ။ လွှတ်တော်အကြောင်း၊ အခြေခံဥပဒေအကြောင်း၊ သတင်းမီဒီယာအကြောင်းတွေ စုံစုံလင်လင် ဖြစ်ပါသည်။ ဥပဒေသမားမို့ အိန္ဒိယသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစား၊ စိတ်ဝင်စားပါသည်။ ယနေ့ အပိုင်းတွင် အိန္ဒိယအခြေခံဥပဒေ ပြင်ဆင်ခြင်းအကြောင်း တင်ပြပါရစေ။

**အခြေခံဥပဒေကို ပြင်ဆင်ခြင်း**

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုင်း ၂၀ တွင် ပြင်ဆင်ခြင်းကဏ္ဍ ဖော်ပြပါရှိပါသည်။

**ပုဒ်မ ၃၆၈(၁)။** ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေဘဲ လွှတ်တော်သည် ၎င်း၏ အခွင့်အာဏာကို ကျင့်သုံးလျက် ဤပြဋ္ဌာန်းချက်အရ ချမှတ်ထားသည်။ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

**ပုဒ်မ ၃၆၈(၂)။** ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုလျှင် လွှတ်တော်နှစ်ရပ်အနက် တစ်ရပ်ရပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့် ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းခြင်းဖြင့်သာလျှင် စတင်ဆောင်ရွက်နိုင်သည်။ အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်တစ်ရပ်စီမှ ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံအောက်မနည်း အများစုက တက်ရောက်မဲပေးပြီး ကိုယ်စားလှယ်စုစုပေါင်း၏ များရာမဲဖြင့် အတည်ပြုနိုင်ခဲ့လျှင် သမ္မတထံသို့ တင်ပြရမည်။ သမ္မတသည် ဥပဒေကြမ်းကို သဘောတူလက်ခံရမည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ပြီးဖြစ်စေရမည်။




**ကန့်သတ်ထားချက်များ**

ကန့်သတ်ထားသော အထူးကိစ္စရပ်များ (ဥပမာ-သမ္မတရွေးချယ်ခြင်း) နှင့် ပြင်ဆင်ခြင်းဖြစ်လျှင် ပြည်နယ်အရေအတွက် ထက်ဝက်ကျော်မှ ကိုယ်စားလှယ်များက အတည်ပြုထောက်ခံရန် လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မည့် ဥပဒေကြမ်းကို သမ္မတထံ တင်ပြအတည်ပြုချက် ရယူခြင်းမပြုမီ ထိုလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်သည်။

**ပုဒ်မ ၃၆၈ (၃)**

ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်သည် ဤပုဒ်မအရ ပြုလုပ်သည့် ပြင်ဆင်ချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ပုဒ်မ ၁၃ (၁)**

ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာသက်ဝင်ခြင်း မရှိမီက အိန္ဒိယနိုင်ငံအတွင်း အာဏာသက်ဝင်လျက်ရှိသည့် ဥပဒေများအားလုံးသည် ဤအပိုင်း (အပိုင်း-၃ အခြေခံအခွင့်အရေးများ) တွင် ပါရှိသည့် ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင် ထိုဆန့်ကျင်လျက်ရှိသည့် ပြဋ္ဌာန်းချက်သည် ပျက်ပြယ်သည်။

**ပုဒ်မ ၁၃( ၂)**

ပြည်နယ်တစ်ရပ်ရပ်သည် ဤအပိုင်း (အပိုင်း-၃ အခြေခံအခွင့်အရေးများတွင် ပေးအပ်ထားသည့် အခြေခံအခွင့်အရေးများကို ထိခိုက်စေမည့်၊ လျော့ပါးစေမည့် မည်သည့်အာဏာကိုမျှ ပြဋ္ဌာန်းခြင်း မပြုရ။ ဤအပိုဒ်နှင့်ဆန့်ကျင်၍ ပြဋ္ဌာန်းသည့် အာဏာတစ်ရပ်ရပ်သည် ပျက်ပြယ်သည်)။

**ပုဒ်မ ၃၆၈ (၄)**

ဤပြဋ္ဌာန်းချက်အရ ပြုလုပ်သည် သို့မဟုတ် ပြုလုပ်ရန် ရည်ရွယ်သည့် [ အပိုင်း-၃ (အခြေခံအခွင့်အရေးများ) တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအပါအဝင်] ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် (၄၂ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ၊ ၁၉၇၆) ကို မည်သည့်အကြောင်းမျှဖြင့် တရားရုံးတစ်ခုခုတွင် စောကြောခြင်း မပြုရ။

**ပုဒ်မ ၃၆၈(၅)**

ဤပုဒ်မအရ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတစ်ရပ်ရပ် အဖြစ် ပြင်ဆင်နိုင်သည့် လွှတ်တော်၏ အခွင့်အာဏာကို မည်သည့်အကြောင်းမျှဖြင့် ကန့်သတ်ခြင်း မရှိစေရ။

**အလွတ်သဘော**

အထက်ပါ ပြဋ္ဌာန်းချက်များကို The Constitution of India စာအုပ်မှ အလွတ်သဘောဘာသာပြန်၍ ကောက်နုတ်တင်ပြခြင်းသာဖြစ်ပါသည်။ ဥပဒေဗဟုသုတသဘော ဖြစ်ပါသည်။ နိုင်ငံခြားကို ပုံတူကူးချစေလိုသော သဘော မဟုတ်ရပါ။ မြန်မာနိုင်ငံတော်အတွက် အခြေခံဥပဒေပြင်ဆင်ရေး (လိုအပ်သည့်အချိန်) တွင် စဉ်းစားနိုင်ရန်၊ ရည်ညွှန်းနိုင်ရန်သာ ကောက်နုတ်တင်ပြရခြင်း ဖြစ်ပါသည်။

**ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း**

"ကျမ်းမျိုးစုံမှ ဉာဏ်ဟုတ်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်း" ဟူသော ဆောင်ပုဒ်ကို စာရေးသူတို့ ဥပဒေအရာရှိ ဖြစ်ခါစက လူကြီးများက သင်ပြပါသည်။ နမူနာပြုပြီး စာများများ အဖတ်ခိုင်းခြင်းဖြစ်ပါသည်။ စာအုပ်တစ်အုပ်တည်းဖတ်ပြီး လူတတ်ကြီး မလုပ်နှင့်။ စာအုပ်တွေ စုံအောင်ဖတ်၊ ကျမ်းမျိုးစုံအောင်ဖတ်ဟု သင်ပြခြင်းဖြစ်ပါသည်။ သို့မှ ဉာဏ်ပညာကြီးမားမည်ဟု လေ့ကျင့်ပေးခြင်းပါ။

**စေတနာ**

အိန္ဒိယသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အပိုင်းကို လေ့လာဖတ်ရှုမိပြီး ကျွန်တော်တို့နိုင်ငံအတွက် အခြေခံဥပဒေပြင်ဆင်ခြင်းအကြောင်း တွေးမိတွေးရာ ရေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ ...။ ။

> "ဥပဒေ ဗဟုသုတသဘော ဖြစ်ပါသည်။ နိုင်ငံခြားကို ပုံတူကူးချစေလိုသော သဘော မဟုတ်ရပါ။ မြန်မာနိုင်ငံတော်အတွက် အခြေခံဥပဒေပြင်ဆင်ရေး (လိုအပ်သည့်အချိန်) တွင် စဉ်းစားနိုင်ရန်၊ ရည်ညွှန်းနိုင်ရန်သာ ကောက်နုတ် တင်ပြရခြင်းဖြစ်"

# လုပ်ကွက်ငယ်တောင်သူများအတွက် လယ်ယာသုံးကိရိယာ သရုပ်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စပါးစိုက်တောင်သူ၊ လုပ်ကွက်ငယ်တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များနှင့် သင့်လျော်သော လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ သရုပ်ပြသခြင်းကို ဇန်နဝါရီလနောက်ဆုံးပတ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေဆီလွှာသုတေသနဌာနစုကွင်း၌ ကျင်းပခဲ့သည်။

ရာသီဥတုဖောက်ပြန်ခြင်းနှင့် လုပ်သားရှားပါးမှု ပြဿနာများကို တောင်သူများအားလုံး ရင်ဆိုင်နေကြရသည့်အတွက် ထိုပြဿနာများကို လုပ်ကွက်ငယ်တောင်သူများ အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်မည့် လယ်ယာသုံးစက်ကိရိယာများ လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောကြားခဲ့သည်။

ထို့နောက် မြေဆီလွှာသုတေသနဌာနစုကွင်းအတွင်း၌ စပါးလှေ့သန့်စင်စက်ဖြင့် စပါးသန့်စင်သရုပ်ပြခြင်းများကို လည်းကောင်း၊ အာဟာရပေးသွင်းသည့်စနစ်အတွက် အာဟာရရေစုပ်သည့် ကိရိယာဖြင့် အာဟာရရေပေးသွင်းပုံများနှင့် ယင်းစနစ်ကို အသုံးပြုကာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ခရမ်းချဉ်သုတေသနစိုက်ခင်းကို လည်းကောင်း၊ စပါးကြားပေါင်းလိုက်ကိရိယာကို လက်တွေ့အသုံးပြုပုံများကို လည်းကောင်း၊ မြေဆီလွှာရေအသုံးချရေးနှင့် စိုက်ပျိုးရေးသုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် ပြသထားသည့် လယ်ယာသုံးစက်ကိရိယာများမှ ကြိုက်နှစ်သက်သည်များကို ကြိုတင်စာရင်းပေး မှာယူခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**



※ စာမျက်နှာ ၁၆ မှအဆက်

မေးခွန်း ၃ ပုဒ်ခွဲ (က) သည် ဖော်ပြခဲ့သည့် ကဗျာဖွဲ့နည်းဆိုင်ရာများကို မှတ်စုရေးသား ဖြေဆိုရန် ဖြစ်သည်။ လေး ခုပေးထားပြီး နှစ်ခုဖြေရပါမည်။ မေးခွန်း ၃ ပုဒ်ခွဲ (ခ) သည် လက်တွေ့ ကဗျာကာရန်ယူပုံကို လက်တွေ့ပုံစံပြ ဖြေဆိုရသည့် မေးခွန်းဖြစ်သည်။ ကဗျာတစ်ပုဒ်ပေးထားပြီး ယင်းကဗျာ၏ အမျိုးအမည်ကို ဖြေရမည်ဖြစ်ပြီး ကာရန်စနစ်ကို သင်္ကေတဖြင့် ပြရမည် ဖြစ်သည်။

ကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ရှင်းပြရာတွင် စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အခံပိုဒ်ဆုံး အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့ဖြင့် သင်္ကေတပြု ဖော်ပြမည် ဖြစ်သည်။

- **စာသား - -**
- **ပိုဒ်တွင်းကာရန် - ***
- **အချိုးသတ်ကာရန် - +**

သာဓကအားဖြင့် ဒွေးချိုးကဗျာတစ်ပုဒ်၏ ကာရန်ယူပုံကို လေ့လာ တင်ပြပါမည်။

**" ချိုးနှစ်ကောင်**
**ထနောင်းပင်ညီနောင်က**
**လွမ်းအောင်ကူချွဲ။**
**ပန်တော်ဖြူ**
**ပင်မြက်နေစာထူလှ**
**ဘိုးတောင်သူတဲ။"**

ဟူသည့် ကဗျာကိုပေးထားလျှင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမည်။

"ကောင်" နှင့် "နောင်"၊ "နောင်" နှင့် "အောင်" တို့သည် ပထမပိုဒ်၏ ပိုဒ်တွင်းကာရန်များ ဖြစ်၍ ခရေပွင့်ပြရမည် ဖြစ်သည်။ "ချွဲ" သည် ပထမပိုဒ်၏ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်သည့်အတွက် အပေါင်းလက္ခဏာ သင်္ကေတဖြင့် ပြရမည် ဖြစ်သည်။

"ဖြူ" နှင့် "ထူ"၊ "ထူ" နှင့် "သူ" တို့မှာ ဒုတိယပိုဒ်၏ ပိုဒ်တွင်းကာရန်များဖြစ်၍ ခရေပွင့် ပြရပါမည်။ "တဲ" သည် အခံပိုဒ်ဆုံး ကာရန် (အချိုးသတ်ကာရန်) ဖြစ်၍ အပေါင်းလက္ခဏာသင်္ကေတဖြင့် ပြရမည် ဖြစ်သည်။

မေးခွန်း ၄ သည် မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာများကိုမေးသည့် မေးခွန်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်းတွင် ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် စာပေသမိုင်းတို့ကို ပြဋ္ဌာန်းထားသည်။ မေးခွန်း ၄ (က) သည် မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်ပြီး ၄ (ခ) မှာမူ ဆွေးနွေးရှင်းလင်း တင်ပြဖြေဆိုရသည့် မေးခွန်းဖြစ်သည်။ မေးခွန်း ၄ (က) မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ရှစ်ခု မေးထားပြီး ငါးခုဖြေရပါသည်။ ခေတ်နှစ်ခေတ်၏ စာပေဆိုင်ရာ အချက်အလက်များကို မေးပါသည်။ ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။ ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း။ ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကို ဖော်ပြပါ။ လောကဗျူဟာကျမ်း ရေးသူ၏ အမည်ကို ဖော်ပြပါ အစရှိသည့် မေးခွန်းမျိုးဖြစ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ဖြေဆိုရာတွင် တိတိကျကျ ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း ၄ (ခ) သည် မြန်မာစာပေသမိုင်းနှင့် ပတ်သက်ပြီး ခြုံငုံဆွေးနွေးရသည့် မေးခွန်းဖြစ်သည်။ ဤမေးခွန်းတွင်လည်း ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် နှစ်ခေတ်မှ စာပေ အခြေအနေများကို မေးမြန်းခြင်းဖြစ်သည်။ သာဓကအားဖြင့် "ကုန်းဘောင်ခေတ် မဟာဂီတ သီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများ အကြောင်းကို ဆွေးနွေးပါ။" ဟူသည့် မေးခွန်းမျိုးဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာသည် မေးခွန်း လေးပုဒ်သာ မေးမြန်းခြင်းဖြစ်ပြီး ပြဋ္ဌာန်းစာအုပ် လေးအုပ်တွင် တစ်အုပ်လျှင် တစ်ပုဒ်မေးပါသည်။ မေးခွန်းများကို ခွြင်းချန်ဖြေဆိုမည်ဆိုလျှင် အောင်မှတ်ရနိုင်မည် မဟုတ်သဖြင့် ပြဋ္ဌာန်းစာ (၄) အုပ်ကို ခြွင်းချန်ကျက်မှတ်၍ မရနိုင်ပေ။ ပြဋ္ဌာန်းစာအုပ် (၄) အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားရမည် ဖြစ်ပါသည်။ ထိုသို့ ပြဋ္ဌာန်းစာအုပ် လေးအုပ်လုံးကို လေ့လာထားပါက စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မည် ဖြစ်သည်။ စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း ယခုပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

မန်စီးတီးအသင်းဟာ စပိန်ကလပ် ဘီဘာအိုအသင်းရဲ့ခံစစ်မှူးသစ် လာပေါ်တီကို အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၇ သန်းနဲ့ ခေါ်ယူလိုက်တယ်။ ဒါဟာ မန်စီးတီးအသင်း အတွက်တော့ ဒီနှစ်ရာသီမှာ ခံစစ်သမားနဲ့ပတ်သက်ပြီး ငွေကြေးထပ်မံသုံးစွဲမှုလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမစခင် နွေရာသီဈေးကွက်ကနေ လက်ရှိဇန်နဝါရီဈေးကွက်အတွင်း မန်စီးတီးအသင်းရဲ့ခံစစ်ပိုင်း အားဖြည့်မှုအတွက် ဝယ်ယူတဲ့ကစားသမားတွေအတွက် ကုန်ကျတဲ့ငွေကြေးဟာ ယူရို ၂၆၉သန်းကျော်ရှိပြီး ခေါ်ယူခဲ့တဲ့ ကစားသမားကတော့ လာပေါ်တီ အပါအဝင် ငါးဦးရှိနေခဲ့ပြီဖြစ်ပါတယ်။ လာပေါ်တီကရော မန်စီးတီးအသင်းအတွက် လာခြင်းကောင်းနိုင်မလားဆိုတာကလည်း လူတိုင်းက သိချင်နေကြတဲ့ အရာတွေလည်း ဖြစ်ပါတယ်။

# မန်စီးတီးနဲ့အတူ စောင့်ကြည့်ရဦးမယ့် မိုးပြာရောင်တပ်သားသစ် လာပေါ်တီ

**အောင်က**



### မန်စီးတီး အခြေအနေ

မန်စီးတီးအသင်းဟာ ဒီနှစ်ရာသီမှာပေးဂိုးအနေနဲ့ ၁၈ ဂိုးသာရှိပြီး ခံစစ် အားကောင်းတဲ့အသင်းအဖြစ် ရပ်တည်ထားနိုင်တာလည်းဖြစ်ပါတယ်။ အခုလို ခံစစ်အားကောင်းကောင်းနဲ့ ရပ်တည်နိုင်တာကလည်း ဂျွန်စတုန်းနဲ့ အော့တာမန်ဒီတို့ အတွဲညီညီ ခြေစွမ်းပြ ကစားနိုင်နေတာတွေကြောင့်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် မန်စီးတီးအသင်းရဲ့ခံစစ်ပိုင်းကို စေ့စေ့ပေါက်ပေါက်ကြည့်မယ်ဆိုရင် ဗဟိုခံစစ်ပိုင်းမှာတော့ လစ်ဟာမှုတွေရှိနေပါတယ်။ မန်စီးတီး မန်နေဂျာ ဂွါဒီယိုလာ အားကိုးရတဲ့ ကပ္ပတိန်ကွန်ပါနေးကလည်း ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေရတဲ့အချိန်တွေကများနေတယ်လို့ ပြောရမှာပါ။ ဒါကြောင့်လည်း ဂွာဒီယိုလာဟာ လိုအပ်မှုအတွက် မန်ဂါလာကိုထည့်သွင်းအသုံးပြုမှုတွေရှိနေခဲ့ပေမယ့် စိတ်တိုင်းတော့ မကျခဲ့ပါဘူး။ မန်ဂါလာရဲ့ခြေစွမ်းကလည်း ဂွါဒီယိုလာနှစ်သက်လာအောင် ကစားနိုင်စွမ်းမရှိတာကလည်း အသေအချာပါပဲ။

ဒါကြောင့်လည်း ပေါင် ၅၇ သန်းနဲ့ ရောက်လာခဲ့တဲ့ လာပေါ်တီကတော့ မန်စီးတီးအသင်းအတွက် အားကိုးရတဲ့ ကစားသမားတစ်ဦးသဖွယ်ဖြစ်လာနိုင်ပါတယ်။ တကယ်တော့ ဂွါဒီယိုလာဟာ လာပေါ်တီကို အခုမှခေါ်ယူချင်တာတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတည်းက လာပေါ်တီကို ခေါ်ယူဖို့ ကြိုးစားခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ လာပေါ်တီဟာ ဂွါဒီယိုလာရဲ့လက်အောက်မှာ ကစားဖို့အတွက် အံ့အားသင့်ဖွယ်ငြင်းပယ်ခဲ့ပြီး ဘီဘာအိုအသင်းမှာပဲ ဆက်လက်ရှိနေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အသက် (၂၃နှစ်)ရောက်လာခဲ့ချိန်မှာတော့ လာပေါ်တီဟာ သူ့အတွက်ပြောင်းရွှေ့ဖို့ အချိန်ကောင်းဖြစ်တယ်လို့ ယုံကြည်မှုနဲ့အတူ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့ပါတယ်။

### လာပေါ်တီရဲ့အရည်အချင်း

ကစားသမားတွေရဲ့ အရည်အချင်းတွေ၊ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဖော်ပြလေ့ရှိတဲ့ ကမ္ဘာကျော် ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ WhoScored.com ရဲ့ အချက်အလက်စာရင်းဇယားတွေအရတော့ လာပေါ်တီရဲ့အကောင်းဆုံးနဲ့ အားအသာဆုံးက ဘောလုံးပေးပို့မှုလို့ ဖော်ပြထားပါတယ်။ ဒီနှစ်ရာသီမှာတော့သူဟာ ဘီဘာအိုအသင်းနဲ့အတူ တစ်ပွဲမှာ ဘောလုံးပေးပို့မှု ၅၁ ဒသမ ၂ရာခိုင်နှုန်း လုပ်ဆောင်ပေးနိုင်ခဲ့ပြီး ဘီဘာအိုအသင်းမှာတော့ သူ့ထက်ဘောလုံးပေးပို့နိုင်မှုကောင်းတဲ့ ကစားသမားမရှိဘူးလို့ ပြောရမှာပါ။ ဒါ့အပြင် သူ့ရဲ့ဘောလုံးပေးပို့ရာမှာ အောင်မြင်မှု ရာခိုင်နှုန်းကလည်း ၈၃ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမယ့် အသင်းအနေနဲ့ကတော့ ဘောလုံးပိုင်ဆိုင်မှု ရာခိုင်နှုန်းက ၄၉ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိပါတယ်။ မန်စီးတီးအသင်းဆိုရင် ဒီနှစ်ရာသီမှာ ဘောလုံးပိုင်ဆိုင်မှု ရာခိုင်နှုန်းဟာ ၆၆ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ဥရောပထိပ်တန်းလိဂ် ငါးခုမှာတော့ ဘောလုံးပိုင်ဆိုင်မှုအကောင်းဆုံးအသင်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ လာပေါ်တီရဲ့အရည်အချင်းတွေနဲ့ မန်စီးတီးရဲ့အကောင်းဆုံးအခြေအနေတွေကို ပေါင်းစပ်လိုက်မယ်ဆိုရင် သူ့အတွက် တိုးတက်မှုတွေရလာမယ်ဆိုတာကတော့ သံသယဖြစ်စရာတောင်မလိုပါဘူး။

### အဝေးဘော အားသန်မှု

ဒါ့အပြင် လာပေါ်တီရဲ့ဘောလုံး ပေးပို့နိုင်မှုတွေဟာ အထင်ကြီးစရာလည်း ကောင်းပါတယ်။ ဒီနှစ် စပိန်လာလီဂါမှာတော့ လာပေါ်တီရဲ့အဝေးဘော ပေးပို့မှုတွေမှာတော့ တွေကို တန်ပြန်ကစားရာမှာတော့ ထိရောက်မှုပိုရှိပြီးအသင်းရဲ့ ဟန်ချက်ကိုလည်း ပိုထိန်းထားနိုင်ပါတယ်။

### အမြင့်ဘော အားသန်မှု

လာပေါ်တီရဲ့နောက်တစ်ချက် အားသာမှုက အမြင့်ဘောတွေဖြစ်ပါတယ်။ လာပေါ်တီဟာအမြင့်ဘောတွေကို အားသာတဲ့ကစားသမားတစ်ဦး ဖြစ်တာကြောင့် ပရီမီယာလိဂ်ပြိုင်ဘက်တိုက်စစ်မှူးတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်လို့ ပြောရမှာပါ။ စပိန်လာလီဂါမှာဆိုရင် ကစားသမားအများစုဟာ ခေါင်းတိုက်ဘောတွေကို အားသန်ကြပါတယ်။ လာပေါ်တီရဲ့အမြင့်ဘောတွေနဲ့ပတ်သက်ပြီး အောင်မြင်မှုရာခိုင်နှုန်းက ၇၁ ရာခိုင်နှုန်းရှိပြီး စပိန်လာလီဂါမှာတော့ သူ့ထက်သာတာဆိုလို့ ဆီဗီလာ ကစားသမားအန်ဇွန်ဇီပဲရှိပါတယ်။ အန်ဇွန်ဇီရဲ့အမြင့်ဘော အောင်မြင်မှုရာခိုင်နှုန်းက ၇၈ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ လာပေါ်တီရဲ့အရပ်က ၆ ပေ၊ ၃လက်မ ရှိတာကြောင့်လည်း အမြင့်ဘော တွေယှဉ်လုရာမှာတော့ အားသာတယ်လို့လည်း ပြောနိုင်ပါတယ်။

လက်ရှိအချက်အလက်တွေအရ ပြောရမယ်ဆိုရင်တော့ တိကျမှုဟာတစ်ပွဲမှာ ၇ ဒသမ ၄ရာခိုင်နှုန်းရှိခဲ့ပြီး ဥရောပလိဂ်ငါးခုရဲ့အသက်(၂၃နှစ်)အောက် ကစားသမားတွေထဲမှာတော့ အကောင်းဆုံးလို့ ပြောရမှာပါ။ ဒါဟာ မန်နေဂျာ ဂွါဒီယိုလာအတွက်တော့ ဘောလုံးဖြန့်ဝေမှုပိုင်းတွေမှာတော့ လာပေါ်တီကို အားကိုးလို့ ရပါတယ်။ လာပေါ်တီရဲ့ အဝေးဘောပေးပို့ကောင်းမွန်မှုဟာ တိုက်စစ်ပိုင်းအတွက်ပါ အားဖြည့်ပံ့ပိုးမှုတွေ ပြုလုပ်နိုင်တယ်လို့ဆိုရမှာလည်း ဖြစ်ပါတယ်။ ဘယ်သန်ကစားသမားတစ်ဦး ဖြစ်တာကြောင့် လည်း ညာသန် ကစားသမား လာပေါ်တီဟာ မန်စီးတီးအသင်းအတွက်တော့ အားကိုးရမယ့် ခံစစ်မှူးတစ်ဦးဖြစ်လာဖို့တော့ ရှိနေပါတယ်။ ဒါပေမယ့် ဘောလုံးလောကမှာက ဘယ်အရာကိုမှ ပုံသေပြောလို့ မရသေးတာကြောင့် မန်စီးတီးနဲ့အတူ မိုးပြာရောင်တပ်သားသစ်ကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။



> လာပေါ်တီရဲ့အမြင့်ဘောတွေနဲ့ပတ်သက်ပြီး အောင်မြင်မှုရာခိုင်နှုန်းက ၇၁ ရာခိုင်နှုန်းရှိပြီး စပိန်လာလီဂါမှာတော့ သူ့ထက်သာတာဆိုလို့ ဆီဗီလာကစားသမား အန်ဇွန်ဇီပဲ ရှိပါတယ်။ အန်ဇွန်ဇီရဲ့အမြင့်ဘော အောင်မြင်မှုရာခိုင်နှုန်းက ၇၈ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။

## မန်ယူအသင်း မာတာအား စာချုပ်သက်တမ်းတိုး



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်တွင် ကွင်းလယ်တိုက်စစ်ကစားသမား ဂျူအန်မာတာအား တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော် ပြထားသည်။ စပိန်ကစားသမား မာတာနှင့် မန်ယူအသင်းတို့၏ မူလစာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ယခုချုပ်ဆိုလိုက်သည့် သက်တမ်းတိုးစာချုပ်အရ ၂၀၁၈-၁၉ ခုနှစ်ဘောလုံးရာသီ ပြီးဆုံးချိန်အထိ မန်ယူတွင် ရှိနေမည် ဖြစ်သည်။

ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် မန်ယူအသင်းသည် အာဆင်နယ်အသင်း တိုက်စစ်ကစားသမား အလက်ဇီ ဆန်းချက်ဇ်အား ခေါ်ယူခဲ့ပြီးနောက် မန်ယူအသင်းတွင် မာတာ ပါဝင်ခွင့်ရရှိရေးနှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများ ထွက်ပေါ်လာခဲ့သည်။ မန်ယူအသင်းမန်နေဂျာအဖြစ် မော်ရင်ညို စတင်တာဝန်ယူခဲ့ချိန်တွင်လည်း မာတာ ၏ မန်ယူကစားသမားဘဝ အနာဂတ်နှင့်ပတ်သက်၍ ထင်ကြေးပေးမှုများ ထွက်ပေါ်ခဲ့သည်။ မန်နေဂျာ မော်ရင်ညိုသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ချယ်လ်ဆီးအသင်း မန်နေဂျာအဖြစ် ဒုတိယအကြိမ် တာဝန်ယူခဲ့စဉ်ကာလအတွင်း မာတာအား ၂၀၁၄ ခုနှစ် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ချယ်လ်ဆီးမှမန်ယူသို့ ရောင်းချခဲ့သူဖြစ်သည်။ "မာတာဟာ အလွန်အရေးပါသူပါ၊ ကျွန်တော့်ရဲ့မန်ယူမန်နေဂျာဘဝ သက်တမ်းအတွင်း သူဟာ မှတ်တမ်းကောင်းတွေ ရေးထိုးနိုင်ခဲ့သူဖြစ်ပါတယ်၊ မာတာက ကျွန်တော့်အတွက် သာမက အသင်းအတွက်ရော အခြားမန်ယူကစားသမားတွေအတွက်ပါ အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်၊ အခု မာတာနဲ့ တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါပြီ" ဟု မန်နေနေဂျာ မော်ရင်ညိုက ပြောပြခဲ့သည်။


**ထက်အောင်**

## ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ဟာဇက်အား မန်စီးတီးသို့ ရောင်းချလိမ့်မည် မဟုတ်ဟု သုံးသပ်မှုများ ထွက်ပေါ်

**ထက်အောင်**

မန်စီးတီးအသင်းအနေဖြင့် ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက် အား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့လျှင်ပင် ချယ်လ်ဆီးအသင်းအနေဖြင့် ဟာဇက်အား မန်စီးတီးသို့ ရောင်းချလိမ့်မည်မဟုတ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဘယ်လ်ဂျီယံကစားသမား ဟာဇက်အား စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်း မရှိပါက ရီးရဲမက်ဒရစ်နှင့် မန်စီးတီးအသင်းတို့က ဟာဇက်ကို လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ခေါ်ယူနိုင်ရန် အပြိုင်အဆိုင် ကြိုးစားလာလိမ့်မည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်ခဲ့သည်။



ရီးရဲမက်ဒရစ် အသင်းသည် ဟာဇက်အတွက် ပြောင်းရွှေ့ကြေး အများအပြားဖြင့် ကမ်းလှမ်းလာပါက ရီးရဲသို့ ဟာဇက်ပြောင်းရွှေ့မည်ကို ချယ်လ်ဆီးအသင်း ဟန့်တားဖွယ်မရှိသော်လည်း ပြည်တွင်း အဓိကပြိုင်ဘက်ဖြစ်သည့် မန်စီးတီးက ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ဟာဇက်အား ကမ်းလှမ်းလာခဲ့လျှင်ပင် ချယ်လ်ဆီးအသင်းသည် အဆိုပါ ကမ်းလှမ်းမှုကို လက်ခံလိမ့်မည်မဟုတ်ကြောင်း Telegraph သတင်းစာက သုံးသပ်ရေးသားထားသည်။


ချယ်လ်ဆီးနည်းပြ ကွန်တီသည်လည်း လာမည့် နွေရာသီအတွင်းချယ်လ်ဆီးမှထွက်ခွာမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ကွန်တီ၏နေရာတွင် ဘာစီလိုနာနည်းပြဟောင်း အန်နရီကေးအား အစားထိုး ခန့်ထားဖွယ်ရှိကြောင်း၊ ဟာဇက်၏ အနာဂတ်သည် ချယ်လ်ဆီးအသင်းမန်နေဂျာ အပြောင်းအလဲအပေါ် မူတည်နိုင်ကြောင်း ထင်ကြေးပေးသတင်းများလည်း ထွက်ပေါ်နေသည်။

## မန်ယူသို့ ဆန်းချက်ဇ် ရောက်ရှိလာခြင်းကို အံ့အားသင့်နေရဆဲဟု ဘက်ဟမ်း ဖွင့်ဟ

**ထက်အောင်**

ချီလီတောင်ပံတိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်၏ အပြောင်းအရွှေ့အပေါ် မိမိအနေဖြင့် အလွန်အံ့အားသင့်ခဲ့ရကြောင်း မန်ယူနှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဘက်ဟမ်းက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ တောင်ပံတိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ ရက်က အာဆင်နယ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာကာ လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် တရားဝင်ပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရသည့် ပထမဆုံး ချီလီကစားသမားဖြစ်လာခဲ့သူဖြစ်သည်။ ဘာစီလိုနာကစားသမားဟောင်းတစ်ဦး ဖြစ်သူ ဆန်းချက်ဇ်သည် မန်ယူအသင်းတွင် ဒေးဗစ်ဘက်ဟမ်းအပါအဝင် နာမည်ကျော် ကစားသမားအချို့ ဝတ်ဆင်ကစားခဲ့သည့် နံပါတ် ၇ ဂျာစီကို ဝတ်ဆင်ကစားနေသူ ဖြစ်သည်။



အင်္ဂလန် ကပ္ပတိန်ဟောင်းဘက်ဟမ်းက "ရိုးရိုးသားသားပြောရမယ် ဆိုရင် ဆန်းချက်ဇ်ရဲ့ အသင်းအပြောင်း အရွှေ့ကို ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်နေရဆဲပါ၊ သူဟာ အာဆင်နယ်အသင်းအတွက် အလွန်အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေခဲ့ပြီး အခုဆိုရင် အာဆင်နယ် အသင်းရဲ့အဓိကပြိုင်ဘက်အသင်းက ကစားသမားဖြစ်နေပါပြီ၊ ဒါကို မြင်တွေ့ရတာက တကယ့်ကို အံ့အားသင့်စရာပါပဲ၊ မန်ယူအသင်းမှာ ဆန်းချက်ဇ် ကံကောင်းပါစေလို့ ဆန္ဒပြုပါတယ်၊ ကျွန်တော်က မန်ယူအသင်းပရိသတ်ပါ၊ ဒါကြောင့် ဆန်းချက်ဇ်လို အရည်အချင်းရှိတဲ့ ကစားသမားတစ်ဦးက မန်ယူအသင်း ဂျာစီဝတ်ဆင်ပြီး ကစားနေတာကို မြင်တွေ့ရတာကြောင့် စိတ်လှုပ်ရှားမိပါတယ်၊ သူဟာ မန်ယူအသင်းအတွက် တကယ့်ကို သင့်တော်တဲ့ ကစားသမားပါ" ဟု ပြောပြခဲ့သည်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၆)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃-၂-၁၈ |
| ဘန်လေ | - | မန်စီးတီး | ည ၇း၀၀ |
| ဘုန်းမောက် | - | စတုတ် | ည ၉း၃၀ |
| ဘရိုက်တန် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| လက်စတာ | - | ဆွမ်ဆီး | ည ၉း၃၀ |
| မန်ယူ | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | ဆောက်သမ်တန် | ည ၉း၃၀ |
| အာဆင်နယ် | - | အဲဗာတန် | နံနက် ၀၀း၀၀ |
| တနင်္ဂနွေနေ့ | | | ၄-၂-၁၈ |
| ပဲလေ့စ် | - | ကာဆယ် | ည ၈း၄၅ |
| လီဗာပူး | - | စပါး | ည ၁၁း၀၀ |
| တနင်္လာနေ့ | | | ၅-၂-၁၈ |
| ဝက်ဖို့ဒ် | - | ချယ်လ်ဆီး | နံနက် ၂း၃၀ |

## စပိန်လီဂါပွဲစဉ် (၂၂)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂-၂-၁၈ |
| ဆိုစီဒက်စ် | - | ဒီပို့တီဗို | နံနက် ၂း၃၀ |
| စနေနေ့ | | | ၃-၂-၁၈ |
| အီဘာ | - | ဆီဗီလာ | ည ၆း၃၀ |
| ဘက်တစ် | - | ဗီလာရီးရဲ | ည ၉း၄၅ |
| အလာဗက်စ် | - | ဆယ်တာဗီဂို | နံနက် ၀၀း၀၀ |
| လီဗန်တေး | - | ရီးရဲမက်ဒရစ် | နံနက် ၂း၄၅ |
| တနင်္ဂနွေနေ့ | | | ၄-၂-၁၈ |
| ဂီတာဖေး | - | လီဂါနက်စ် | ည ၅း၃၀ |
| အက်စ်ပန်ညို | - | ဘာစီလိုနာ | ည ၉း၄၅ |
| ဂျီရိုနာ | - | ဘီဘာအို | နံနက် ၀၀း၀၀ |
| အက်သလက် | - | ဗလင်စီယာ | နံနက် ၂း၄၅ |
| တနင်္လာနေ့ | | | ၅-၂-၁၈ |
| လက်ပဲလ်မက်စ် | - | မာလာဂါ | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂-၂-၁၈ |
| မာဆေး | - | မက်ဇ် | နံနက် ၂း၄၅ |
| စနေနေ့ | | | ၃-၂-၁၈ |
| လိုင်လီ | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| အာမီယန် | - | စိန့်အက်တီယန် | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - | အန်ဂျာစ် | နံနက် ၁း၃၀ |
| နိုက်စ် | - | တူးလောက်စ် | နံနက် ၁း၃၀ |
| စထရက်ဘော့ချ် | - | ဘော်ဒိုး | နံနက် ၁း၃၀ |
| ထရွိုင်းယတ်စ် | - | ဒီဂျွန် | နံနက် ၁း၃၀ |
| တနင်္ဂနွေနေ့ | | | ၄-၂-၁၈ |
| ရိန်းစ် | - | ဂူအင်ဂမ့် | ည ၈း၃၀ |
| ကိန်း | - | နန့်စ် | ည ၁၀း၃၀ |
| မိုနာကို | - | လိုင်ယွန် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၃)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃-၂-၁၈ |
| ဆမ်ဒိုးရီးယား | - | တိုရီနို | ည ၁၁း၃၀ |
| အင်တာ | - | ခရိုတိုနီ | နံနက် ၂း၄၅ |
| တနင်္ဂနွေနေ့ | | | ၄-၁-၁၈ |
| ဗီရိုနာ | - | ရိုးမား | ည ၆း၀၀ |
| အတ္တလန္တာ | - | ချီယေဗို | ည ၈း၃၀ |
| ဘိုလော့ဂ်နာ | - | ဖီအိုရင်တီးနား | ည ၈း၃၀ |
| အူဒီးနိစ် | - | မီလန် | ည ၈း၃၀ |
| ဂျူဗင်တပ်စ် | - | ဆာစူအိုလို | ည ၈း၃၀ |
| ကယ်ဂလီယာရီ | - | SPAL | ည ၈း၃၀ |
| ဘီနီဗန်တို | - | နာပိုလီ | နံနက် ၂း၄၅ |
| တနင်္လာနေ့ | | | ၅-၂-၁၈ |
| လာဇီယို | - | ဂျီနိုအာ | နံနက် ၂း၄၅ |

## ပိုကယ်ဖလားကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၆-၂-၁၈ |
| ပါဒါဘွန် | - | ဘိုင်ယန် | နံနက် ၀၀း၀၀ |
| လေဗာကူဆင် | - | ဝါဒါဘရီမင် | နံနက် ၂း၄၅ |
| ဗုဒ္ဓဟူးနေ့ | | | ၇-၂-၁၈ |
| ဖရန့်ဖတ် | - | မိန့်ဇ် | နံနက် ၀၀း၀၀ |
| ရှော်လ်ကေး | - | ဝုဖ်ဘတ် | နံနက် ၂း၄၅ |

ပရီမီယာလိဂ်ပွဲစဉ် ၂၆ မှာစပါးက လီဗာပူးနဲ့ကစားရမယ်။ ဒီပွဲမတိုင်ခင်မှာလည်း စပါးဟာ မန်ယူနဲ့ ကစားခဲ့ရသလို ဒီပွဲအပြီးမှာလည်း အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့နဲ့ ဆက်တိုက်ကစားရမယ်။ ဒါကြောင့် အဆိုပါ ပွဲကျပ်ကာလကို စပါးတို့ အကောင်းဆုံး ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။ အထူးသဖြင့် စပါးအနေနဲ့ လီဗာပူးကို ပထမအကျော့မှာ ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် လီဗာပူးတို့ ဒီပွဲမှာရှုံးကြွေး ပြန်ဆပ်ဖို့ ခြေကုန်ထုတ်လာမှုကို စပါးဟန့်တားနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။



# အနိုင်ဖိုးလ်မှာ ရှုံးကြွေးဆပ်မယ့် လီဗာပူးကို စပါး ဟန့်တားနိုင်မှာလား



## လီဗာပူး VS စပါး

တနင်္ဂနွေနေ့ : ၄-၂-၁၈ : ည ၁၁း၀၀

စပါး ၄ - ၁ လီဗာပူး

ချန်ပီယံလိဂ်ဝင်ခွင့်အတွက်အရေးပါတဲ့ ဆုံတွေ့မှုဖြစ်တာကြောင့် နှစ်သင်းစလုံးအားစိုက်ကစားလာမှာ သေချာနေတယ်။ လီဗာပူးက ဆွမ်ဆီးနဲ့ပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် တိုက်စစ်ကစားပုံ အားကောင်းတဲ့အသင်းဖြစ်သလို စပါးကလည်း လက်ရှိအချိန်မှာ တိုက်စစ်ပိုင်း အားကောင်းနေပါတယ်။ ဒါကြောင့်လည်း အပြန်အလှန် သွင်းဂိုးတွေကို မြင်ရနိုင်ကာ လီဗာပူးကပ်နိုင်ခြေရှိပါတယ်။

## အာဆင်နယ် vs အဲဗာတန်

ပကျော့ အဲဗာတန် ၂ ၅ အာဆင်နယ်

အာဆင်နယ်တို့အမှတ်လိုအပ်နေလို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မီခီတာယန် ပါဝင်လာနိုင်တာကြောင့်လည်း တိုက်စစ်ပိုင်းကကောင်းမွန်လာနိုင်ပါတယ်။ အဲဗာတန်ကတော့ ကစားသမားကောင်းတွေရှိနေပေမယ့်လည်း ခြေစွမ်းပိုင်းက ထင်သလောက် တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာတော့ အိမ်ကွင်းမှာ အာဆင်နယ်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

## ဘရိုက်တန် vs ဝက်စ်ဟမ်း

ပကျော့ ဝက်စ်ဟမ်း ၀ ၃ ဘရိုက်တန်

ဘရိုက်တန်ခြေစွမ်းအားနည်းနေပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲပြန်လည် ရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဟမ်းက ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့်လည်း ဘရိုက်တန်သာ အားစိုက်ကစားလာမယ်ဆိုရင် ရှန်းကန်ရနိုင်ပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းက အဝေးကွင်းပွဲတွေမှာဆိုရင် ခံစစ်ပိုင်းက ထင်သလောက် တည်ငြိမ်မှု မရှိတတ်ပါဘူး။ ဘရိုက်တန်တို့ အနိမ့်ဆုံး သရေကစားနိုင်မှာပါ။

## မန်ယူ vs ဟက်ဒါဖီးလ်

ပကျော့ ဟက်ဒါဖီးလ် ၂ ၁ မန်ယူ

ပထမအကျော့တုန်းက မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့တာကြောင့် မန်ယူတို့ ရှုံးကြွေးပြန်လည်ပေးဆပ်နိုင်ဖို့ အားစိုက်လာမှာဖြစ်သလို ဆန်းချက်ဇ်ပါဝင်လာနိုင်တာကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် မန်ယူတို့ အမှားခံမှာမဟုတ်ပါဘူး။ အထူးသဖြင့် လက်ရှိအချိန်မှာ ဟက်ဒါဖီးလ်ခြေကလည်း ကျဆင်းနေတာကြောင့် မန်ယူအနိုင်ရဖို့ သေချာတယ်။

## ဘုန်းမောက် vs စတုတ်

ပကျော့ စတုတ် ၁ ၂ ဘုန်းမောက်

ဘုန်းမောက်ခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိခဲ့သလို အိမ်ကွင်းမှာ ကစားခဲ့တဲ့ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ပါတယ်။ အဆိုပါ နှစ်ပွဲကလည်း အာဆင်နယ်၊ အဲဗာတန်တို့လို အသင်းကောင်းတွေကို အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ စတုတ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှု အားနည်းနေပါတယ်။ တိုက်စစ် ပိုင်းကလည်းတစ်ပွဲနဲ့တစ်ပွဲဂိုးသွင်းခြေတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း ဘုန်းမောက်ကပဲ အိမ်ကွင်းနိုင်ပွဲရသွားနိုင်ပါတယ်။

## လက်စတာ vs ဆွမ်ဆီး

ပကျော့ ဆွမ်ဆီး ၁ ၂ လက်စတာ

လက်စတာခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်လို့ ဆိုနိုင်တယ်။ နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး ချယ်လ်ဆီးကို သရေကစားနိုင်ခဲ့တယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင် ရှန်းအားပိုမိုကောင်းမွန်တတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေတယ်။ ဆွမ်ဆီးကတော့ နောက်ပိုင်းပွဲတွေမှာ အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားနေသလို လီဗာပူးကို တောင်အနိုင်ရခဲ့ပေမယ့် အဝေးကွင်း ရှန်းအားကတော့ တိုးတက်မှု ရှိမလာသေးပါဘူး။ ဒါကြောင့်လည်း လက်စတာကသာနိုင်ပွဲရမယ်။

## ဘန်လေ vs မန်စီးတီး

ပကျော့ မန်စီးတီး ၃ ၀ ဘန်လေ

ဘန်လေအိမ်ကွင်းခြေက ကောင်းမွန်မှုရှိပါတယ်။ လက်ရှိအချိန်မှာ ဘန်လေအနေနဲ့ ငါးပွဲဆက်တိုက် အနိုင်မရခဲ့လို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မန်စီးတီးခြေက ကောင်းမွန်မှုရှိနေကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ မန်စီးတီးအိမ်ကွင်းမှာ ကစားခဲ့တုန်းက မန်စီးတီးတို့ ဂိုးပြတ်အနိုင်ရခဲ့ပြီး အက်ဖ်အေဖလားမှာလည်း မန်စီးတီးတို့ ဂိုးပြတ်အနိုင်ရခဲ့သလို ဒီပွဲမှာ ဂိုးပြတ်နိုင်ဖို့ခက်ပေမယ့် မန်စီးတီးနိုင်ပွဲရအောင် ကစားနိုင်မယ်။

## ပဲလေ့စ် vs ကာဆယ်

ပကျော့ ကာဆယ် ၁ ၀ ပဲလေ့စ်

အာဆင်နယ်ကို ဂိုးပြတ်ရှုံးခဲ့တယ်ဆိုပေမယ့် ပဲလေ့စ်အိမ်ကွင်းခြေကကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းပွဲတွေမှာတိုက်စစ်ကစားပုံကလည်း ကောင်းမွန်တတ်တာကို တွေ့ရတယ်။ ကာဆယ်ကခံစစ် ကစားပုံကောင်းမွန်တဲ့အသင်း ဖြစ်ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေတည်ငြိမ်မှု မရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာဆိုရင် ကာဆယ်က တိုက်စစ်ပိုင်းအားနည်းလို့ပဲလေ့စ်နိုင်ပွဲကပ်ရမယ်။

## ဝက်စ်ဘရွန်း vs ဆောက်သမ်တန်

ပကျော့ ဆောက်သမ်တန် ၁ ၀ ဝက်စ်ဘရွန်း

တန်းဆင်းဇုန်ထဲရောက်နေတာကြောင့် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားလာနိုင်ပါတယ်။ ခြေစွမ်းပိုင်းအရတော့ မန်ယူ၊ စပါးတို့ကို သရေကစားသွားနိုင်ခဲ့တဲ့ ဆောက်သမ်တန်ခြေကပိုမိုကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း အိမ်ကွင်းဖြစ်လို့ အမှတ်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲက အပြန်အလှန် သွင်းဂိုးနဲ့သရေကျနိုင်ပါတယ်။

## ဝက်ဖို့ဒ် vs ချယ်လ်ဆီး

ပကျော့ ချယ်လ်ဆီး ၄ ၂ ဝက်ဖို့ဒ်

ချယ်လ်ဆီးကလက်ရှိအချိန်မှာခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ဝက်ဖို့ဒ်ကတော့ အသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေကောင်းမွန်မှုရှိပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီး တိုက်စစ်ကိုထိန်းနိုင်ဖို့ခက်ပါလိမ့်မယ်။ အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲရအောင် အားစိုက်ကစားလာမှာဖြစ်တဲ့ ချယ်လ်ဆီးပဲ အနိုင်သေချာတယ်။

# နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဆင်း

**ဖာပွန် ဖေဖော်ဝါရီ ၁**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ ဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေး သင်တန်းဆင်းပွဲကို အမှတ်(၂)ရပ်ကွက် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့ပြီး သင်တန်းသားများ၏ ကယ်ဆယ်ရေးပညာ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ဖာပွန်မြို့နယ် ကရုဏာနှလုံးသား လူမှုကယ်ဆယ်ရေးအသင်း နာယက ဝေဠုဝန်ကျောင်းဆရာတော်က ဩဝါဒမိန့်ကြားပြီး စစ်ဗျူဟာအဖွဲ့အခြေချ ဖာပွန်မှ စစ်ဗျူဟာမှူးကြီးနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်းတို့က သင်တန်းဆင်း အမှာစကား ပြောကြားကာ ကရုဏာနှလုံးသား လူမှုကယ်ဆယ်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက အသင်းအနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။



သရုပ်ပြပွဲတွင် ဆိုင်ကယ်ချင်းတိုက်သည့် ပုံသဏ္ဌာန်နှင့် ကားနှစ်စီး တိုက်မိသည့် ပုံသဏ္ဌာန်များကို ပြုလုပ်ကာ ထိခိုက်ဒဏ်ရာရရှိသူများအား သင်တန်းတွင် သင်ကြားထားသည့် ကယ်ဆယ်ရေးနည်းလမ်းအမျိုးမျိုးဖြင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများကို သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၉၆ ဦး တက်ရောက်သင်ကြားခဲ့ကြပြီး ဒေသအတွင်း သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား သင်တန်းသား သင်တန်းသူများအနေဖြင့် အရေးပေါ်အသက်ကယ်ဆယ်အကူအညီပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲနှင့် ဇာတ်တိုက် လေ့ကျင့်မှုအပြီးတွင် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များနှင့် အဖွဲ့လိုက်၊ တစ်ဦးချင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မျိုးဆက်သစ် (ဘားအံ)**

# ပြည်ထောင်စုနေ့အကြို ကဗျာရွတ်၊ တေးသရုပ်ဖော်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပ

**ဝေါ ဖေဖော်ဝါရီ ၁**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် KG တန်းနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ တေးသရုပ်ဖော်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲတွင် ဝေါမြို့နယ်ပညာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စုက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်းက အနာဂတ် နိုင်ငံတော်၏ အင်အားစုများဖြစ်သည့် ကျောင်းသား ကျောင်းသူလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း လူမှုရေးပိုင်း ဖန်တီးမှုများ တိုးတက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စာပေစေတမန် ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဘုန်းဇော်မိုး(ဥဿာ)က ပြိုင်ပွဲနှင့် နယ်လှည့်စာဖတ်ဝိုင်းများ ပြုလုပ်ပေးနေသည့် ရည်ရွယ်ချက်များ၊ မြို့နယ်စာပေချစ်သူများအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြိုင်ပွဲနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# ရန်ကုန်တောင်ပိုင်းခရိုင် ကလေးစာပေပွဲတော် ဆုချီးမြှင့်ပွဲ(သန်လျင်)၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**
ကလေးများ စာအုပ်စာပေကို နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း ပူးပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရှိစေရန်၊ ပညာဗဟုသုတပြည့်ဝစေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၉ နှင့် ၃၀ နှစ်ရက်တိုင် ကျင်းပခဲ့သည်။

ဇန်နဝါရီ ၃၀ ရက် နေ့လယ်ပိုင်းတွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်အတွင်း ပါဝင်သည့် ပြိုင်ပွဲများမှ ဆုရကလေးငယ်များအား ဆုချီးမြှင့်ပွဲကို သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပခဲ့သည်။ ဆုပေးပွဲတွင် ကလေးစာပေပွဲတော် ပြိုင်ပွဲများဖြစ်သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ပညာရေးမှူး ဦးစိန်ဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သက်ခိုင်(သန်လျင်)**

# ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲပြုလုပ်

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁**
ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်အဖွဲ့(ရှမ်းအရှေ့)၏ သုံးလတစ်ကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်က မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ Community Centre ခန်းမ၌ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်က အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေး၊ပြန်လည်သင့်မြတ်ရေးနှင့်ဖွံ့ဖြိုးရေးစီမံချက်(ရှမ်းအရှေ့)၏ ဒါရိုက်တာ ဒေါက်တာမြင့်အောင်က စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြပြီး ဒါရိုက်တာက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် အဖွဲ့မန်နေဂျာ ဒေါ်အိသန္တာအောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

**မိုင်းဖြတ်(ပြန်/ဆက်)**

## စီမံကိန်းဝင် ကျေးရွာအတွက် ချေးငွေများထုတ်ချေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁** ကျောက်ဖြူမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒုတိယအကြိမ်မြောက် စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာနှစ်ရွာအနက် ကျောက်ပြောက်အုပ်စု ပမြောင်ကျေးရွာ၌ စီမံကိန်းပထမနှစ်အတွက် ငွေကျပ်သန်း ၃၀ ကို ဇန်နဝါရီ ၃၀ ရက်က ထုတ်ချေးပေးရာ မြို့နယ်ကျေးလက်ဒုတိယဦးစီးမှူး ဒေါ်ဝင်းကြည်နှင့် ကျေးရွာတာဝန်ခံများ စစ်ဆေးဆောင်ရွက်ကြသည်။ အဆိုပါ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအတွက် အသုံးပြုဆောင်ရွက်ကြသည့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကျောက်ဖြူမြို့နယ်တွင် စီမံကိန်းဝင်ကျေးရွာ ၂၈ ရွာရှိပြီး ငွေကျပ်သန်း ၈၄၀ ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မှုခင်းသတင်းတိုများ

### ခိုးရာပါဆိုင်ကယ်ကို လိုက်လံပေါင်နှံနေစဉ် ဖမ်းဆီးရမိ

ကရင်ပြည်နယ် မြဝတီမြို့တွင် ခိုးရာပါဆိုင်ကယ်တစ်စီးကို လိုက်လံပေါင်နှံနေသည့် အမျိုးသမီးတစ်ဦးအား ဇန်နဝါရီ ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်ကို အမျိုးသမီးတစ်ဦးက လိုက်လံပေါင်နှံနေကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဆိုင်ကယ်ပေါင်နှံသူ အမျိုးသမီးမှာ မအေးမွန်(ခ)မချို(၃၅ နှစ်)ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထား ခိုင်လုံစွာ ပြသနိုင်ခြင်းမရှိဘဲ ခိုးယူလာသည်ဟု ယူဆရသဖြင့် မအေးမွန်(ခ)မချိုအား သက်သေများရှေ့တွင် ဖမ်းဆီးကာ မြဝတီမြို့မရဲစခန်းသို့ခေါ်ဆောင်၍ အမှုဖွင့်ထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### အမျိုးသမီးသုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် ကော့ကရိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဇန်ဝါရီ ၂၈ ရက်က ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် အောင်မင်္ဂလာလမ်း၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် မခင်မာချို(ခ)ဟာမိချို(၃၀ နှစ်) ထံမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၃၇၃ ပြားကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ၎င်းအား စစ်ဆေးပေါ်ပေါက်ချက်အရ ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်နေ မမြင့်ကြည်၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇ ပြား ဖမ်းမိခဲ့ပြီး သတင်းအရ မစဖီယာ(၄၅ နှစ်)၏ နေအိမ်ကို သက်သေများနှင့်အတူ ဆက်လက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆ ပြားကို ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ မခင်မာချို(ခ)ဟာမိချို၊ မမြင့်ကြည်နှင့် မစဖီယာတို့ သုံးဦးအား ကော့ကရိတ်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ကျိုက်ထို၌ ပိုင်ရှင်မဲ့မော်တော်ယာဉ်တစ်စီးတွေ့၍ သိမ်းဆည်းစစ်ဆေးနေ

ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် ယာဉ်တစ်စီး အချိန်ကြာမြင့်စွာရပ်တန့်ထား၍ ရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၇ ရက်တွင် သွားရောက်စစ်ဆေး သိမ်းဆည်းခဲ့ကြောင်း သိရသည်။ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မျိုးလွင်နှင့် တပ်ဖွဲ့ဝင်များ၏ စစ်ဆေးချက်အရ ယာဉ်အမှတ် 3D-9818 ကင်တာအမျိုးအစား အဖြူရောင်ယာဉ်ကို သော့တန်းလန်းဖြင့် ပိုင်ရှင်မဲ့တွေ့ရပြီး ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း တစ်စုံတစ်ရာ မတွေ့ရသဖြင့် ယာဉ်ကို တရားဝင်မှတ်ပုံတင်ထားခြင်း ရှိမရှိ သိရှိနိုင်ရန် သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းထားကာ မှတ်ပုံတင်ထားခြင်းမရှိပါက တရားရုံးတွင် ဘဏ္ဍာသိမ်းအမိန့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

### မော်လူး ဒီပင်္ကရာဘုရားပွဲတွင် ခိုက်ရန်ဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ ဒီပင်္ကရာဘုရားပွဲတွင် ဇန်နဝါရီ ၂၈ ရက်က ခိုက်ရန်ဖြစ်ပွားသဖြင့် အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။ မြင့်ဦးဆိုသူသည် ဘုရားပွဲ လက်ဖက်ရည်ဆိုင်အတွင်း သူငယ်ချင်းများနှင့် အတူထိုင်နေစဉ် တစ်ရွာတည်းနေ မောင်ဆန်းဆိုသူ ရောက်လာပြီး မြင့်ဦးအား ဘုရားပွဲအနီးရှိ လယ်ကွင်းထဲသို့ ဆွဲခေါ်သွားကာ အရှည်သုံးပေ၊ လုံးပတ် သုံးလက်မခန့်ရှိ ပျဉ်းကတိုးပင်ပေါက်ဖြင့် ဦးခေါင်းကို ရိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြင့်ဦးအား မော်လူးတိုက်နယ်ဆေးရုံနှင့် မိုးညှင်းမြို့နယ်ဆေးရုံသို့ တင်ပို့ ကုသပြီး မြစ်ကြီးနားဆေးရုံသို့ ဆက်လက်ပို့ဆောင်စဉ် ဇန်နဝါရီ ၃၀ ရက်တွင် သေဆုံးသွားခဲ့သဖြင့် မောင်ဆန်းအား အင်းတော်မြို့မရဲစခန်းက ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### တစ်ရပ်ကွက်တည်းသားချင်း စနောက်ရာမှ လူသတ်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂) ရပ်ကွက်၌ ဇန်နဝါရီ ၂၉ ရက် ညပိုင်းက တစ်ရပ်ကွက်တည်းသားချင်း စနောက်ရာမှ စကားများရန်ဖြစ်ကာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အုတ်တွင်းမြို့မရဲစခန်းမှူး ဒုရဲမှူးငွေထွန်း၏ သွားရောက်စစ်ဆေးချက်အရ ကျော်ဆန်း(၃၇ နှစ်)က ပိုးတီ(ခ)ထွန်းထွန်း(၃၄ နှစ်)အား စနောက်ပြောဆိုသည်ကို ပိုးတီ(ခ)ထွန်းထွန်းက မကျေနပ်၍ စကားများကြရာမှ ထွန်းထွန်းက လေးခွဖြင့်ပစ်ခဲ့ပြီး အရိုးအသွား ငါးလက်မခန့်ရှိ စတီးကတ်ကြေးအချွန်ဖြင့် ထိုးခဲ့၍ ကျော်ဆန်းမှာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုးတီ(ခ)ထွန်းထွန်းအား အုတ်တွင်းမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁-၂၀၁၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိသည့် နန်ကသူဆည်ရေဖြင့် နွေစပါးများ အောင်မြင်စွာ စိုက်ပျိုးလျက်ရှိ သတင်း၏ ကော်လံ ၂ စာကြောင်းရေ ၂ တွင် နန်ကသူရေလှောင်တမံ၌ ကန်ရေပြည့်ရေ ဧကပေ ၄၀၀၀ (**အစား**) ကန်ရေပြည့်ရေ ဧကပေ ၄၀၀၀၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာရေးသူ**

## သတင်းတိုများ

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်

ဖောင်းပြင်မြို့နယ်အတွင်းဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစောက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲဇော်ရှိန်းက စီမံကိန်းအရ မြို့နယ်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သညစ်အုပ်စု ဟာပါကျေးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဥက္ကဋ္ဌ ဦးလှမြင့်ထံသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်က ပေးအပ်ခဲ့သည်။

**ဟန်ထွန်း(ပြန်/ဆက်)**

### မန်စီမြို့၌ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မောရဝတီရပ်ကွက်ရှိ သီရိရတနာကုန်းတော်၌ တည်ထားကိုးကွယ်သော ဇိနမာန်အောင် မြို့ဦးစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ထမနဲထိုးပွဲဖြင့် စတင်ကျင်းပသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား ထမနဲနှင့် ကြက်သားဆန်ပြုတ်များ ဧည့်ခံကျွေးမွေးခဲ့သည်။ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင်လည်း ဗုဒ္ဓပူဇနီယပွဲတော် တရားနာရေစက်ချ အစီအစဉ်ကို ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ဆိုင်ခန်းပေါင်း ၂၀ ကျော်ဖြင့် နိဗ္ဗာန်ဈေးပွဲတော်ကို ဆက်လက်ကျင်းပခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

### လူထုဗဟိုပြုစီမံကိန်း စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း၏ စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၃)ကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ခဲ့ရာ ကျေးရွာများ၌ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေကြသူ ၄၆ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် မြို့နယ်နည်းပညာအကြံပေးအဖွဲ့ဝင်များ၊ စီမံကိန်းဝန်ထမ်းများက စီမံကိန်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ခြင်းကို ကူညီစည်းရုံးပေးနိုင်ရေးနှင့် ဆောင်ရွက်မည့်လုပ်ငန်းမှုဘောင်များကို သိရှိနိုင်ရေး၊ လူထုစစ်ဆေးပွဲများကို အောင်မြင်စွာ စစ်ဆေးပြုလုပ်နိုင်ရေး စသည်တို့ကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။

**၁၀၁**

# စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဧက ၃၀၀ ဖော်ထုတ်လျက်ရှိ

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး အင်းနီကွင်းတွင် စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေ ဧက ၃၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ပြည်နယ်စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈) စက်မှုလယ်ယာစခန်း(သထုံမြို့)က ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။



"တောင်သူလယ်သမားရှစ်ဦး စုပေါင်းပိုင်ဆိုင်သော လယ်မြေဧက ၃၀၀ ပေါ်မှာ သူတို့တွေရဲ့ သဘောဆန္ဒ၊ လိုအပ်ချက်တောင်းဆိုချက်များအရ တွေ့ဆုံဆွေးနွေးပြီး ပြည်နယ်အစိုးရကို အဆင့်ဆင့်တင်ပြရပါတယ်၊ လုပ်ခွင့်ပေးတာနဲ့ လယ်သမားများအတွက် စံပြအဖြစ် ပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ ကျွန်တော်တို့ စက်မှုလယ်ယာက ထယ်ထိုး မြေညှိ ဧကကွက်ဖော်ပေးတာပါ၊ စက်ယန္တရား ၁၂ စီး၊ ဝန်ထမ်း ၁၈ ဦးနဲ့ လယ်သမားတွေကို အခမဲ့ ဆောင်ရွက်ပေးနေတာပါ" ဟု သထုံမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအေးကျန်မောင်က ပြောသည်။ အဆိုပါ စက်မှုလယ်ယာ ဧက ၃၀၀ ဖော်ထုတ်ခြင်းကို ဇန်နဝါရီ ပထမပတ်အတွင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ ဧက ၃၀၀ အပါအဝင် မွန်ပြည်နယ်တစ်ခုလုံး၌ ပြည်နယ်အစိုးရ အနေဖြင့် စနစ်ကျလယ်ယာမြေ ဧက ၁၈၀၀ ဖော်ထုတ်ခြင်းကို ယခုနှစ်အတွင်း ဆောင်ရွက်နေကြောင်း သိရသည်။

စက်မှုလယ်ယာ စနစ်ကျလယ်မြေ လယ်ကွင်းများသည် မြေညီညာမှုရှိသောကြောင့် သီးနှံများကို စက်ယန္တရားများဖြင့် လွယ်ကူစွာရိတ်သိမ်းနိုင်သည့်အပြင် ဧကကွက်များဖော်ထုတ်ပေးထား၍ စနစ်ကျသော လယ်မြေရေယာများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် စနစ်ကျသော လယ်ယာမြေများသည် ရေသွင်း၊ ရေထုတ်ရာတွင် လွယ်ကူခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းထားနိုင်ခြင်း၊ သီးနှံများ အထွက်တိုးနိုင်သောကြောင့် လယ်ယာမြေတန်ဖိုး မြင့်မားလာခြင်း၊ ကုန်ထုတ်လမ်းရှိသည့်အတွက် သီးနှံများကို ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရှိသောကြောင့် တောင်သူလယ်သမားများက ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်အတွင်း စနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးရာတွင် ပြည်နယ်အစိုးရရန်ပုံငွေမှ တစ်ဧကလျှင် ကျပ် ၁၉၀၀၀၀ နှုန်း အကုန်အကျခံ၍ တောင်သူလယ်သမားများအတွက် အခမဲ့ ဆောင်ရွက်ပေးနေပြီး တောင်သူလယ်သမားများက မိမိတို့၏လယ်မြေများကို စနစ်ကျလယ်ကွက်များအဖြစ် ဖော်ထုတ်လုပ်ဆောင်ရန် ဆန္ဒရှိပါက သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြတောင်းဆိုနိုင်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ညောင်ဦးခရိုင်အတွင်း နွေသီးနှံ ၂၆၈၈ ဧက စိုက်ပျိုးမည်

**ညောင်ဦး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြစ်ရေတင်လုပ်ငန်းများမှရေဖြင့် ယခုနှစ် နွေရာသီအတွင်း သီးနှံမျိုးစုံ ၂၆၈၈ ဧက စိုက်ပျိုးရန်လျာထားကာ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ညောင်ဦးခရိုင်အတွင်း ငါ့သရောက်မြစ်ရေတင်တွင် စပါး ဧက ၂၀၀၊ ပဲတီစိမ်း ၄၅၅ ဧက၊ နှမ်း ၂၁ ဧက၊ လက်ပန်ခြေပေါ်မြစ်ရေတင်တွင် စပါး ဧက ၂၀၀၊ ပဲတီစိမ်း ၃၆၂ ဧက၊ နှမ်း လေးဧက၊ သူကောင်းတည်မြစ်ရေတင်တွင် စပါး ဧက ၁၀၀၊ ပဲတီစိမ်း ဧက ၄၈၀၊ ကျောက်ကူးမြစ်ရေတင်တွင် ပဲတီစိမ်း ဧက ၃၉၀၊ လောကနန္ဒာမြစ်ရေတင်တွင် ပဲတီစိမ်း ၂၃၆ ဧက၊ မြေပဲ ဧက ၂၄၀ တို့ကို စိုက်ပျိုးရန် ရေပြည့်မီစွာပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သူကောင်းတည်မြစ်ရေတင်အတွင်းရှိ တောင်သူများအနေဖြင့် ယခုနှစ်တွင် နွေသီးနှံ ဧကတိုးချဲ့စိုက်ပျိုးချင်သော်လည်း ရေပေးရန်လျာထားချက်ကို ဌာနက တိုးချဲ့ပေးခြင်းမရှိသည့်အတွက် သီးနှံများကို တိုး၍မစိုက်ရကြကြောင်းတောင်သူအချို့ထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာများခေါ်ယူခြင်း
## ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ရက်
## (၁၃၇၉ခုနှစ် တပို့တွဲလပြည့်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | (၂၄)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ခ) | စာရင်းကိုင်-၄ (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | (၁၂)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဂ) | စာကူး/စက်လှည့် (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၁)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိပြီး မိတ္တူကူးစက်နှင့် Riso ကောင်းမွန်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| (ဃ) | စာတွဲထိန်း (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၃)နေရာ | အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (င) | စက်မှုကျွမ်းကျင်-၅ (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၁)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိပြီး စက်မှုလက်မှု အထက်တန်းကျောင်း (သို့မဟုတ်) ပြင်ပမှ ဖွင့်လှစ်သည့်စက်မှုလက်မှုသင်တန်းလက်မှတ် ရရှိသူဖြစ်ရမည်။ |
| (စ) | စက်ခန်းအုပ်-၅ (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၃)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိပြီး ရေယာဉ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူဖြစ်ရမည်။ |
| (ဆ) | ယာဉ်မောင်း-၅ (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၃၁)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိ၍ ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ပြီး အနည်းဆုံး(၃)တန်ယာဉ်အား ကျွမ်းကျင်စွာ မောင်းနှင်တတ်သူဖြစ်ရမည်။ |
| (ဇ) | လုပ်သားစက်ပြင် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၁)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိပြီး မော်တော်ယာဉ်၊ လျှပ်စစ်ပစ္စည်းနှင့် ရေပိုက်များ ပြုပြင်နိုင်သူဖြစ်ရမည်။ |
| (ဈ) | အကောက်ခွန်ထိန်း (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၆၅)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (ည) | သင်္ဘောသားအကူ (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၄)နေရာ (အမျိုးသား) | အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (ဋ) | သန့်ရှင်းရေးအကူ (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၁၇)နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (ဌ) | လုပ်သားဥယျာဉ် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၂)နေရာ (အမျိုးသား) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (ဍ) | အစောင့် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၁၄)နေရာ (အမျိုးသား) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| (ဎ) | လုပ်သား (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၃)နေရာ (အမျိုးသား) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) အပိုဒ်(၁)(င)(စ)(ဆ)ပါ ရာထူးနေရာများတွင် လျှောက်ထားသူများသည် ၃၁-၁-၂၀၁၈ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
(ဃ) အပိုဒ်(၁)(က)(ခ)(ဂ)(ဇ)(ဋ)(ဌ)(ဍ)(ဎ)ပါရာထူးနေရာများတွင် လျှောက်ထားသူများသည် ၃၁-၁-၂၀၁၈ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်စေရ။
(င) အပိုဒ်(၁)(ဃ)(ဈ)(ည)ပါ ရာထူးနေရာများတွင် လျှောက်ထားသူများသည် ၃၁-၁-၂၀၁၈ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(စ) အဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲတင်ပြရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံသုံးပုံ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ
(ဂ) ပညာအရည်အချင်းအတွက် အထောက်အထား မူရင်း/မိတ္တူ
(ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်၊ အောင်မြင်ခဲ့သည့်ကျောင်း၏ထောက်ခံစာ)
(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၅။ လျှောက်လွှာများကို ၄၉ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အကောက်ခွန်သင်တန်းကျောင်းတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပြီး လျှောက်လွှာလက်ခံမည့်ရက်မှာ ၅-၂-၂၀၁၈ရက်မှ ၁၆-၂-၂၀၁၈ရက်အထိ ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အပိုဒ်(၁)(က)(ခ)ပါ ရာထူးများအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်များပါဝင်သည့် အရည်အချင်းစစ်စာမေးပွဲနှင့် လူတွေ့စစ်ဆေးမှုအား ဖြေဆိုရမည်ဖြစ်ပါသည်။ အပိုဒ်(၁)(စ)(ဈ)(ည)ပါ ရာထူးများအား ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ကျန်ရာထူးများအတွက် ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့အား ပြုလုပ်မည်ဖြစ်သည်။

၈။ သက်ဆိုင်ရာ ရာထူးအလိုက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ဖြေဆိုရမည့်နေရာ၊ အချိန်တို့အား အကောက်ခွန်ဦးစီးဌာန ရုံးချုပ်ရှေ့ရှိ ကြော်ငြာသင်ပုန်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၁-၃၈၂၁၈၅၁နှင့် အကောက်ခွန်သင်တန်းကျောင်း ဖုန်း-၀၁-၉၀၁၀၆၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/7110 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

မန်စီမြို့နယ် အထက မိုင်းခေါင် နဝမတန်း(A)မှ မခေါန်တောင်၊ သတ္တမတန်း(B)မှ မလဗျဂျီးမိုင်၊ ဒုတိယတန်း(B)မှ မောင်တူးဂျာတို့၏ ဖခင်အမည်မှန်မှာ ဦးလရီးလတောင် ၁/မစန(နိုင်)၀၂၇၅၀၇ ဖြစ်ပါကြောင်း။

**ဦးလရီးလတောင်**

**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့မ(၅)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၆-ခ)ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ်(၉၅ ဃ)၊ မြေကွက်အမှတ်(၇၅၅)၊ ဧရိယာ(၀ဒသမ၀၇) ဧကရှိသော မြေကို ဦးတင်ထွဋ်အောင်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လျှောက်ထားနိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ထိုမြေကို ဦးတင်ထွဋ်အောင်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၂၈နေ ဦးထွန်းရွှေ ၁၄/ငပတ (နိုင်) ၁၂၅၂၆၀၏သား မောင်ဝေလင်းထွန်း ၁၄/ပသန(နိုင်)၂၀၀၇၈၉သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ငွေဆန္ဒအတိုင်းနေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖခင် ဦးထွန်းရွှေ**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏
အသိပေးကြေညာချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတွင် အသင်းသားပေါင်းစာရင်းအရ (၁၀၄၀၀)တစ်သောင်းလေးရာခန့်ရှိနေကြောင်း သိရပါသည်။ (စတုတ္ထ) သက်တမ်း စတင်ကျင်းပသည့် ၂၀၁၄ ခုနှစ်မှစ၍ ယခု ၂၀၁၈ ခုနှစ်အထိ (၃)နှစ်ကာလအတွင်း အသင်းချုပ်သည် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် နားလည်မှုသဘောမျိုးဖြင့်သာ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်သင်းနှင့်တစ်သင်း အငြင်းပွားမှုများဖြင့်သာ ( ၃ )နှစ်တာ ကာလပြီးဆုံးခဲ့သော်လည်း အငြင်းပွားမှုများမှာ ဆုံးခန်းတိုင်မှု မရှိခဲ့ပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်လေးငါးခြောက်ဦး၏ ဆန္ဒကိုသော်လည်းကောင်း၊ အသင်းတစ်ချို့၏ ဆန္ဒကိုသော် လည်းကောင်း၊ ကော်မရှင်အနေဖြင့် လုံးဝလိုက်လျောဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ အသင်းသားအားလုံး၏ အကျိုးစီးပွားထိခိုက်မှုမရှိစေရန်နှင့် အသင်းသားအားလုံး တပြေးညီ အကျိုးခံစားခွင့်ရှိစေရန်အတွက် အဖက်ဖက်မှ စဉ်းစားသုံးသပ်၍ စည်းကမ်းချက်များကို သတ်မှတ်ရခြင်းဖြစ်ပါသည်။

ကော်မရှင်၏ အဓိကတာဝန်မှာ တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲဖြစ်မြောက်ရန် တာဝန်ရှိခြင်းသာဖြစ်ပြီး အသင်း၏တည်ဆဲဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်ရန်မှာ ကော်မရှင်တွင် လုံးဝတာဝန်မရှိပါ။ အသင်းချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ရမည့်တာဝန်သည် အသင်း၏တာဝန်သာဖြစ်ပါသည်။ ကော်မရှင်၏သက်တမ်းမှာလည်း ရွေးချယ်တင်မြှောက်ပွဲမကျင်းပမီနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီး ရာထူးအလိုက် အတည်ပြုပေးရန်နှင့် ကျမ်းကျိမ်ဆိုမှုပြုလုပ်သည့်နေ့အထိသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ (၁၉-၁-၂၀၁၈)နေ့ နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမတွင်ကျင်းပသော (ဒုတိယ)အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်နှင့် (၂၈. ၁. ၂၀၁၈)ရက်နေ့ ရန်ကုန်(ကမ္ဘာအေး) မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမအစည်းအဝေးခန်းမတွင် ကျင်းပသော(တတိယ)အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ **စည်းကမ်းချက်များအား အောက်ပါအတိုင်း သတ်မှတ်ပါသည်–**

၁။ (၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအတွက် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၂၂)အရ အလုပ်အမှုဆောင်အဖွဲ့ကို (၉၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပါသည်။ ယခုရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌမှစ၍ အလုပ်အမှုဆောင်အထိ (၆၅)ဦး ရွေးချယ်ပါမည်။ ကျန်(၃၀)ဦးမှာ နယ်အသင်းခွဲ(၆)ခုမှ (၅)ဦးစီ PRအနေဖြင့် ပါဝင်ဖွဲ့စည်းမည် ဖြစ်သည်။

၂။ အလုပ်အမှုဆောင်အဖြစ် အရွေးချယ်ခံလိုသောအသင်းသားသည် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်က သတ်မှတ်လိုက်သော စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် အသင်းသားများအားလုံး ဝင်ရောက်အရွေးချယ်ခံခွင့်ရှိသည်။

၃။ ဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲစနစ်ဖြင့် မဲအရေအတွက် အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပါမည်။ ဥက္ကဋ္ဌအဖြစ်ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး သူများထဲမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက်အရွေးချယ်ခံလိုသူများနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများပေါင်းပြီး၊ ဒုတိယဥက္ကဋ္ဌ(၆)နေရာအတွက် မဲရရှိမှုအပေါ် မူတည်၍ မဲအရေအတွက်အလိုက် ထပ်မံရွေးချယ်ပါမည်။ ဒုတိယဥက္ကဋ္ဌနေရာတွင် ရွေးချယ်ခြင်းမခံရပါက ကျန်အလုပ်အမှုဆောင်နေရာများသို့ ဆက်လက်အရွေးချယ်ခံခွင့်မရှိပါ။

၄။ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးနေရာများအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား အတွင်းရေးမှူး(၁) (၂) (၃) နှင့် တွဲဖက်အတွင်းရေးမှူး (၁) (၂) (၃)၊ ပေါင်း (၆)နေရာကို မဲ အနည်း/များအလိုက် တစ်ပြိုင်တည်း ရွေးချယ်ပါမည်။

၅။ ကျန်အလုပ်အမှုဆောင် (၅၂)နေရာအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲ အနည်း/များ အလိုက် ဗဟိုအလုပ်အမှုဆောင် (၂၂)နေရာနှင့် အလုပ်အမှုဆောင် (၃၀)နေရာတို့ကို တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၆။ ကျောက်မျက်ကုမ္ပဏီမှဖြစ်စေ၊ ကျောက်မျက်သမအသင်းမှဖြစ်စေ၊ အသင်းသားတစ်ဦးစီသာ ဝင်ရောက်ရွေးချယ်ခံခွင့်ရှိသည်။

၇။ အလုပ်အမှုဆောင်(၆၅)နေရာ၌ ဝင်ရောက်အရွေးချယ်ခံလိုသောအသင်းသားများအတွက် အောက်ပါအရည်အချင်းစည်းကမ်းချက်များနှင့် ကိုက်ညီရပါမည်။

**လိုအပ်သောအရည်အချင်းများ**

(က) အသင်းသားသည်(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)နေ့မတိုင်မီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်ထားသူဖြစ်ရမည်။ (၂၀၁၈ ခုနှစ်အထိ အသင်းသားကဒ်သက်တမ်းတိုးပြီးဖြစ်ရမည်)

(ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ခွင့်ပြုမိန့်(သို့မဟုတ်)လိုင်စင်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းတစ်ခုခုကို ဦးစီးဆောင်ရွက်လုပ်ကိုင်နေသော ပိုင်ရှင်/လုပ်ငန်းရှင်ဖြစ်ရမည်။

(ဂ) (၂၀၁၅-၂၀၁၆)စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) **ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး** ရာထူးတာဝန်အတွက် ရွေးချယ်ခံလိုသော အသင်းသားများသည် အထက်ဖော်ပြပါအချက်များအပြင် အောက်ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-

(၁) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၆) နှင့် (၂၇)တို့တွင် ပါရှိသောအချက်များနှင့် ကိုက်ညီရမည်။

(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ခွင့်ပြုမိန့်(သို့မဟုတ်)လိုင်စင်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းတစ်ခုခုကို ဦးစီးဆောင်ရွက်လုပ်ကိုင်နေသော ကျောက်မျက်ကုမ္ပဏီ/ကျောက်မျက်သမအသင်းတို့၏ပိုင်ရှင်(သို့မဟုတ်)ပုံစံ ၆-၂၆/BOD စာရင်းပါဝင်သူတစ်ဦးဖြစ်ရမည်။

(၃) ဖော်ပြပါ ကျောက်မျက်ကုမ္ပဏီ/ကျောက်မျက်သမအသင်းတို့၏သက်တမ်းနှင့် BOD အဖွဲ့ဝင်တို့၏ သက်တမ်းသည်အနည်းဆုံး(၂)နှစ်ရှိရမည်ဖြစ်သည်။

၈။ **ဆန္ဒမဲပေးမည့်အသင်းသားများအတွက် လိုအပ်သောစည်းကမ်းချက်များ**

(က) ဆန္ဒမဲပေးမည့်အသင်းသားသည် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မတိုင်မီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်ထားသူဖြစ်ရမည်။ (၂၀၁၈ ခုနှစ်အထိ အသင်းသားကဒ်သက်တမ်းတိုးပြီးဖြစ်ရမည်။)

(ခ) ၂၀၁၈ ခုနှစ်အထိ သက်တမ်းတိုး/သက်တမ်းရှိသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ခွင့်ပြုမိန့်/လိုင်စင်ရှိရမည်။

(ဂ) ကုမ္ပဏီ/ကျောက်မျက်သမအသင်းအရေအတွက်များသော်လည်း ပိုင်ရှင်အမည်တစ်ဦးတည်းဖြစ်ပါက ဆန္ဒမဲပေးခွင့်/မဲလက်မှတ်တစ်ခုတည်းသာရရှိမည်ဖြစ်သည်။

၉။ ရွေးချယ်တင်မြှောက်ပွဲတွင် အလုပ်အမှုဆောင်(၆၅)နေရာ၌ ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး ရွေးချယ်ခြင်းမခံရပါက **အဆိုပါအသင်းသားသည် နယ်အသင်းခွဲများမှ (PR) အနေဖြင့် ပြန်လည်ဝင်ရောက်ခွင့်မရှိပါ။** (နယ်အသင်းခွဲများမှ (PR)အဖြစ် ပါဝင်မည့်သူများသည် အထက်အပိုဒ် ၇(က)(ခ)(ဂ)ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။)

၁၀။ ရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၁။ လျှောက်လွှာ(အဆိုပြုလွှာ)များကို ရန်ကုန်(ကမ္ဘာအေး)၊ နေပြည်တော်၊ မန္တလေးတို့ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံးများတွင် ထုတ်ယူနိုင်ပါသည်။ လျှောက်လွှာ(အဆိုပြုလွှာ)များကို **(၁၆. ၂. ၂၀၁၈)နေ့၊ (၁၆း၀၀)နာရီ** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။**(ယခင်လျှောက်ထားပြီးသူများသည် ယခုစည်းကမ်းချက်များနှင့် အညီ ပြန်လည်လျှောက်ထားရမည်။)**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ဇ)အရ လက်ရှိအလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းကာလ (၃)လပြည့်ပြီးနောက်၊ နောက်ထပ်(၃)လမှာလည်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်၊ တနင်္ဂနွေနေ့တွင် ကုန်ဆုံးသွားပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားပါသည်။ ယခုကဲ့သို့ သတ်မှတ်ရခြင်းပင်လျှင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ဇ) သတ်မှတ်ချက်ထက်ပင် (၄၈)ရက် ကျော်လွန်သွားမည်ဖြစ်ပါသည်။ နောက်ထပ်ထပ်မံ၍ ရက်ရွှေ့ဆိုင်းရန် (လုံးဝ)မဖြစ်နိုင်တော့ပါ။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏(၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲကို **(၁၀.၃. ၂၀၁၈)ရက်နေ့**တွင် နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၁) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကဌ - ၃၇၁၁၆၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

င - ၄၀၁၉၄၃　　ဟ - ၆၈၈၉၈၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ကဌ - ၅၈၄၇၀၉　　ကဈ - ၇၂၂၈၈၂
ကဆ - ၉၂၂၄၈၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ဃ - ၁၂၅၄၀၉ | ကင - ၂၆၉၇၄၂ | ကင - ၄၀၅၄၁၉ |
| ဆ - ၁၇၃၆၄၃ | ကဇ - ၃၅၄၀၈၄ | ဃ - ၆၆၇၁၄၅ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ခ - ၂၅၇၆၉၃
ကဗ - ၃၀၁၂၂၄
ပ - ၄၀၂၆၇၁
ကည - ၄၈၂၁၈၂
ဆ - ၆၂၈၅၈၂
ဆ - ၇၇၇၄၄၅
ကဍ - ၉၃၆၅၀၈
န - ၉၉၁၁၅၂

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဃ - ၁၈၆၇၈၇
ကဇ - ၂၂၀၁၃၅
ည - ၄၃၁၆၀၂
ကဗ - ၄၄၆၆၀၂
ဗ - ၅၀၃၃၀၄
ဖ - ၆၁၇၆၇၄
င - ၆၆၆၆၈၈
ည - ၆၉၁၄၉၄
ဇ - ၈၆၆၀၀၃
ဂ - ၈၈၇၇၅၅
ဍ - ၉၅၇၄၃၅

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ကစ - ၁၁၆၁၀၂
ရ - ၁၇၄၅၀၆
ကဌ - ၃၀၃၈၅၉
ဃ - ၄၆၆၀၉၇
တ - ၅၂၆၃၀၈
ဃ - ၅၄၂၇၉၀
ဗ - ၅၈၁၄၄၇
ထ - ၆၉၉၅၆၈
ဋ - ၈၃၄၈၅၇
န - ၈၅၅၉၉၂
င - ၉၅၇၉၅၄

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ကခ - ၁၉၇၁၉၅ | ဖ - ၄၂၅၇၆၄ |
| ကဍ - ၁၉၇၃၈၁ | ဃ - ၅၆၃၀၇၂ |
| ကက - ၂၀၈၄၃၈ | ကဍ - ၇၆၀၂၃၃ |
| ဓ - ၂၁၉၀၄၀ | ကခ - ၇၆၇၄၆၆ |
| ကင - ၂၃၈၁၅၇ | ကက - ၈၂၈၅၃၄ |
| ခ - ၃၄၅၉၉၉ | ရ - ၈၅၀၂၅၉ |
| ဇ - ၃၉၁၂၄၆ | ပ - ၉၁၆၂၀၁ |
| ကဇ - ၄၁၆၇၂၂ | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | |
|---|---|
| င - ၁၂၄၇၁၂ | ကည - ၄၂၉၄၂၈ |
| ဏ - ၁၆၅၀၉၂ | ဒ - ၄၇၇၈၀၁ |
| ကဈ - ၁၆၉၆၁၀ | ဝ - ၄၉၁၅၁၈ |
| ဍ - ၁၇၉၁၆၈ | ဈ - ၅၂၀၂၄၆ |
| က - ၁၉၈၅၄၈ | မ - ၅၆၈၂၁၄ |
| မ - ၂၁၉၂၆၀ | စ - ၅၈၆၁၂၈ |
| ကစ - ၂၃၅၆၄၅ | ဖ - ၇၅၀၈၈၅ |
| ဏ - ၂၃၆၈၅၈ | ကဇ - ၇၇၉၀၁၂ |
| န - ၃၀၈၀၄၅ | ဒ - ၇၉၆၃၁၆ |
| ဈ - ၃၈၈၀၁၅ | ကဆ - ၈၂၀၅၆၀ |
| ဈ - ၄၁၆၂၅၁ | ကဃ - ၈၈၅၀၁၀ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကဃ | - | ၁၄၀၆၅၇ | ဍ | - | ၂၇၇၂၃၆ | မ | - | ၅၁၅၈၈၃ | ကည | - | ၆၆၁၄၁၈ | င | - | ၈၅၃၁၀၁ |
| ပ | - | ၁၉၀၉၆၉ | ဗ | - | ၂၈၄၀၂၅ | ကဍ | - | ၅၃၆၀၅၃ | ဒ | - | ၇၁၀၈၈၃ | သ | - | ၉၁၁၁၄၃ |
| ဃ | - | ၁၉၂၅၇၁ | ယ | - | ၃၀၂၆၁၇ | ခ | - | ၅၅၆၅၀၂ | ဒ | - | ၇၄၅၅၈၈ | င | - | ၉၂၀၀၅၆ |
| ည | - | ၂၄၃၅၉၂ | ဏ | - | ၄၁၃၄၂၆ | ကဃ | - | ၆၀၂၄၈၅ | လ | - | ၇၇၇၆၅၆ | ဈ | - | ၉၂၃၀၁၈ |
| ည | - | ၂၆၁၀၃၉ | က | - | ၄၈၉၁၅၀ | ခ | - | ၆၄၈၉၇၄ | ကဆ | - | ၈၄၂၆၀၂ | ဆ | - | ၉၅၄၅၄၅ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကစ | - | ၂၃၈၃၁ | င | - | ၅၁၉၈၈ |
| ကဍ | - | ၂၄၂၃၅ | က | - | ၇၂၄၂၄ |
| ဂ | - | ၃၀၆၀၈ | ဍ | - | ၈၇၁၀၆ |
| လ | - | ၃၃၀၇၁ | ဟ | - | ၈၉၅၅၄ |
| သ | - | ၄၇၆၇၁ | စ | - | ၉၄၀၂၈ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ပ | - | ၁၅၁၃ | ည | - | ၆၀၁၉ |
| ကည | - | ၃၇၅၁ | ကခ | - | ၇၉၉၀ |
| ဟ | - | ၄၉၁၈ | ဏ | - | ၈၁၉၈ |
| ဋ | - | ၄၉၂၉ | ကဂ | - | ၉၂၇၅ |
| ကဈ | - | ၅၈၉၆ | ဝ | - | ၉၃၈၅ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကင | - | ၁၁၇ | ည | - | ၅၂၆ |
| ဟ | - | ၁၅၉ | ဏ | - | ၅၇၂ |
| ကက | - | ၁၆၇ | ဍ | - | ၅၇၆ |
| ကဇ | - | ၁၆၈ | ဆ | - | ၆၀၃ |
| ပ | - | ၃၅၉ | ဖ | - | ၆၆၁ |
| ဏ | - | ၃၉၇ | စ | - | ၈၅၆ |
| ဖ | - | ၄၈၂ | | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဇ | - | ၁၃ | အ | - | ၄၉ |
| ကဌ | - | ၁၈ | ကဂ | - | ၅၆ |
| ကဂ | - | ၂၈ | ဂ | - | ၆၆ |
| ကဍ | - | ၂၉ | စ | - | ၆၉ |
| ဍ | - | ၄၁ | ဃ | - | ၉၇ |
| ည | - | ၄၇ | | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၁) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၂၀၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ မတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဃ) အက္ခရာထိ အက္ခရာအလုံး (၄၇)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်၊ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၉.၂.၂၀၁၈) ရက်နေ့မှ (၂၃.၂.၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၃ . ၂ . ၂၀၁၈)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှထွက်ရှိသည့် အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းနှစ်မျိုး ဒီဇယ်ဆီနှင့် ဓာတ်ဆီတို့အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဒီဇယ်ဆီ ဂါလန်(၁၀၀၀၀၀၀)(ဂါလန်တစ်သန်းတိတိ)
(ခ) ဓာတ်ဆီ ဂါလန်(၁၀၀၀၀၀၀)(ဂါလန်တစ်သန်းတိတိ)

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂-၂-၂၀၁၈ရက်မှ ၉-၂-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရန်ကုန်ရုံး) ရုံးအမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/ အချိန်နှင့်နေရာ** - ၉-၂-၂၀၁၈ရက်(သောကြာနေ့) ၁၃:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၉-၂-၂၀၁၈ရက်(သောကြာနေ့) ၁၄:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါကမြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၄၄**

| | | |
|---|---|---|
| ဒေါ်မိုးသီဂီသန်း | နှင့် | ၁။ ဦးတင်ရွှေ |
| (၄င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါ်တင်လှိုင် |
| ဒေါ်ခိုင်ဝေလင်း) | | ၃။ ဒေါ်စန်းရီ |
| | | ၄။ ဒေါ်သီတာထွန်း |
| | | ၅။ ဒေါ်သူဇာလင်း |
| **တရားလို** | | **တရားပြိုင်များ** |

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်၁၁၉၉(ခ)၊ ဝေဘာဂီလမ်း၊ (ည) ရပ်ကွက်ရပ်နေ ၁။ဦးတင်ရွှေ၊ ၂။ဒေါ်တင်လှိုင်၊ ၃။ဒေါ်စန်းရီ၊ ၄။ဒေါ်သီတာထွန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၉ ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သောင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် ၁၃၄-က၊ ဧရိယာ ၀ဒသမ၂၆၀ဧကရှိ ဦးစိန်လွင်အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးစိန်လွင်(ဘ)ဦးအောင်မြင့် ၉/ပမန(နိုင်)၀၉၇၇၆၃မှ ဦးစိန်လွင်အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မူရင်းတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃) ရပ်ကွက်၊ ရတနာလမ်းမကြီးပေါ်ရှိ(၁)မြေကွက်အမှတ် ၃၅၄(ခ)၊ အကျယ်အဝန်း (၂၀'×၆၀')၊ (၂)မြေကွက်အမှတ် ၃၅၅(က)၊ အကျယ်အဝန်း(၂၀'×၆၀')၊ (၃)မြေကွက်အမှတ် ၃၅၅(ခ)၊ အကျယ်အဝန်း (၂၀'×၆၀')ရှိ မြေကွက်များနှင့် (၄)ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)ရပ်ကွက်၊ ၃၁လမ်း၊ မြေကွက်အမှတ် ၃၄၈(ခ)၊ အကျယ်အဝန်း(၂၀'×၆၀')၊ စုစုပေါင်းဧရိယာ ၄၈၀၀စတုရန်းပေရှိ မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်နန်းမြ ၁၃/မကန(နိုင်) ၀၀၀၂၂၈မှ တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ၄င်းထံမှ အဆိုပါမြေကွက်များနှင့် မြေများပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီမှာ LL.B (စဉ်-၃၅၇၇၆) အထက်တန်းရှေ့နေ**
**အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၁-၃၉၄၀၈၀**

---

## မွန်ပြည်နယ်အစိုးရအဖွဲ့
## ကျောင်းဝတ်စုံဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ပညာရေးမှူးရုံးအောက်ရှိ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/သူများအတွက် ကျောင်းဝတ်စုံများ ဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသည့် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီ/လုပ်ငန်းရှင်များမှ စာရင်းတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာအား ရုံးချိန်အတွင်း မွန်ပြည်နယ်ပညာရေးမှူးရုံးတွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၂-၂၀၁၈ရက် ၁၆:၀၀နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၉၁၄၊ မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့**

---

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ရန်ကုန်မြို့နေ စစ်တွေမြို့နယ်သူ/သား များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန်-(၁၈-၃-၂၀၁၈)တနင်္ဂနွေနေ့၊ နေ့လည်(၁)နာရီ၊
ကျင်းပမည့်နေရာ-ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားအလယ်ပစ္စယံ၊ ဗဟန်းမြို့နယ်။

(၂၀၁၅-၁၆)နှင့် (၂၀၁၆-၁၇)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် (၄)ဘာသာနှင့်အထက်ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား/သမီးများအမည်၊ အမှတ်စာရင်းမိတ္တူတို့ကို (၁၀-၂-၂၀၁၈)နေ့နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံသို့ စာရင်းပေးသွင်းကြပါရန်။ ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များနှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်(၂၀၀၃၀၂၀၀၄၀၁၂၃၇၅၀၁)သို့ ပေးပို့လှူဒါန်းနိုင်ကြပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးရွှေသိန်းကျော် | ၀၉-၅၀၀၂၇၉၅ | ၄။ ဒေါ်ဦးသိန်းညွန့် | ၀၉-၃၆၀၅၆၃၈၈ |
| ၂။ ဦးကျော်သန်းဦး | ၀၉-၄၂၅၂၇၅၁၁၆ | ၅။ ဒေါ်သန်းအေး | ၀၉-၄၃၀၆၄၃၉၇ |
| ၃။ ဦးစောမောင်သိန်း | ၀၉-၂၅၀၀၃၂၆၈၄ | | |

**အလုပ်အမှုဆောင်အဖွဲ့**

---

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ထ(ခွဲ)အလက(၃)နဝမတန်းမှ မောင်ဂျာနော်၊ သတ္တမတန်းမှ မဂျာပြည့်လုဆိုင်းတို့၏ ဖခင်အမည်မှန်မှာ ဦးလုသောင်း ၁/ဝမန(နိုင်)၀၃၃၉၀၄ ဖြစ်ပါကြောင်း။
**ဦးလုသောင်း**

---

## ရွှေနန်းအိမ်မှရောင်းမည်

ရန်ကင်း၊ ဘောက်ထော်
မြေ ၅၅၀၀-စတုရန်းပေ
နှုန်း=၁.၅သိန်း
**ဖုန်း-၀၉-၄၀၀၅၀၀၆၈၄**

---

## မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**ဖုန်း-၀၉-၄၀၀၉၄၀၀၄၁၊ ၀၉-၄၀၀၉၄၀၀၄၂**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၁၊ မြေကွက်အမှတ်၁၉၁၄၊ ဧရိယာ ၀ဒသမ၀၅၅၈ဧကရှိ ဒုအရာခံဗိုလ်မင်းဦး အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်ထွန်း(ဘ)ဦးတင်မြ ၁၂/လကန(နိုင်)၁၆၇၂၅၉၈မှ ပျဉ်းမနားမြို့ မြို့မြေတိုင်းချဲ့နေရာချထားရေးကော်မတီ၏ မြေကွက်ချထားပေးခြင်းနှင့် မြေကွက်ဖိုးငွေပေးသွင်းရန် အကြောင်းကြားစာ၊ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ မြေကွက်အမှတ် (၂၈၁/၄၅၀)၊ ဧရိယာ ၀ဒသမ၀၈၀ဧကရှိ ဦးအောင်ဇေယျ အမည်ပေါက် မြေငှားစာချုပ်မြေကွက်အား ဦးစိုးမိုးလတ်(ဘ)ဦးစိုးမြင့် ၉/ပမန(နိုင်)၁၅၉၈၃၀မှ နှစ် ၃၀ မြေငှားစာချုပ် ပျဉ်းမနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၀၀၁/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆ခ/၁)၊ ဦးပိုင်အမှတ် (၂၅/င)၊ မြေဧရိယာ ၀ ဒသမ ၀၇၈ဧကရှိ နေအိမ်မြေကွက်ကို မူလပိုင်ရှင် ဒေါ်ခေါန်ဆန့် ၁/မကန(နိုင်)၀၂၈၉၃၃ ထံမှ ၂-၈-၂၀၀၅ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးကာစင် ၁/ဗမန(နိုင်) ၀၄၄၅၇၅က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးကာစင်အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၁- ၁၂-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၀၄/၂၀၁၇)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။
**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်၊ မြေကွက်အမှတ်(ပ-၄၃၈၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတိုးတိုး ၉/ပမန(နိုင်)၁၈၉၂၅၀ (ဘ)ဦးလှအောင် အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ထားထားဦး ၁၂/ထတပ(နိုင်)၀၇၈၃၉၅ (ဘ)ဦးစိုးမင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၄င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ နယ်မြေ(၁)နေ ဦးကျော်လှ-ဒေါ်ချိုချိုမြင့်တို့၏သား ရန်နိုင်ကျော် ၉/တကန(နိုင်)၁၅၄၆၈၇ သည်မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၁ရက်မှ တပေါင်းလပြည့်ကျော် ၁ရက်ထိ) ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၂ ရက်အထိ ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး(တပေါင်းလဆန်း ၁၄ရက်) ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့်ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဓနုတိုင်းရင်းသားများဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများလာရောက်လည်ပတ်နိုင်ပါရန်နှင့် ဆက်သွယ်လိုပါက ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၉-၄၉၃၅၈၂၀၀၊ ၀၉-၂၅၀၃၄၀၈၀၉ နှင့် ၀၉-၂၅၄၄၆၇၉၇၇တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။
**ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့**

---

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ သတ္တမတန်း(က)မှ မောင်ထွန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း ၈/ပခန(နိုင်)၀၁၀၃၁၉ ဖြစ်ပါသည်။

---

## ဖခင်အမည်မှန်

မာန်အောင်မြို့၊ အထက(ခွဲ) ဈေးတန်း၊ ပထမတန်းမှ မောင်ထက်ဝေဖြိုးနှင့် ဆဋ္ဌမတန်းမှ မခင်ဦးလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးသံကျောက်ကေ ၁၁/ပဏတ(နိုင်)၀၄၄၃၆၈ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၂)၊ စတုတ္ထတန်း(က)မှ စိုးငြိမ်းအောင်နှင့် ထန်ဝင်ပင်း(ခ) စိုးငြိမ်းအောင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

မာန်အောင်မြို့၊ အထက(ခွဲ) ဈေးတန်း ပဉ္စမတန်းမှ မောင်မျိုးမြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးခင်ရွှေ ၁၁/မအန(နိုင်)၀၂၉၃၉၃ ဖြစ်ပါကြောင်း။

---

## ဝိမ္မုရကိုယ်ပိုင်အထက်တန်းကျောင်းမှ ဝန်ထမ်းအလိုရှိ
## တာချီလိတ်မြို့

| | | | |
|---|---|---|---|
| (၁) | အထက်တန်းပြ | (English) | (၁)ဦး |
| (၂) | အထက်တန်းပြ | (Chemistry) | (၁)ဦး |
| (၃) | အထက်တန်းပြ | (Maths) | (၁)ဦး |
| (၄) | အထက်တန်းပြ | (Myanmar) | (၁)ဦး |
| (၅) | ကျောင်းရုံးစာရေးဘွဲ့ရ | (လုပ်ငန်းကျွမ်းကျင်) | (၁)ဦး |
| (၆) | အမျိုးသမီးအဆောင်မှူး | | (၁)ဦး |
| (၇) | အမျိုးသားအဆောင်မှူး | | (၁)ဦး |
| (၈) | ထမင်းချက် | | (၁)ဦး |

**မှတ်ချက်။** ။ လျှောက်လိုသူများအား ၁၅-၂-၂၀၁၈ နောက်ဆုံးထား လျှောက်ထားပါရန်။

| | | |
|---|---|---|
| (၁) | သန်းခေါင်စာရင်း | မိတ္တူ |
| (၂) | လေဘာကတ် | မိတ္တူ |
| (၃) | မှတ်ပုံတင် | မိတ္တူ |
| (၄) | ဘွဲ့လက်မှတ် | မိတ္တူ |
| (၅) | ရပ်ကွက်(သို့)ရဲစခန်းထောက်ခံစာ | |
| (၆) | ဓာတ်ပုံ လေးပုံနှင့်အတူ လျှောက်ထားနိုင်ပါသည်။ | |

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၇၂၉၇၄၇၊ ၀၉-၇၉၃၅၉၄၄၅၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်း၊ ထွယ်ဆန်ရပ်ကွက်၊ အမှတ် ၂၀၉နေ ဦးနော်လီ ၁/ဝမန(နိုင်)၀၄၇၁၉၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

မြစ်ကြီးနားမြို့၊ တပ်ကုန်း၊ ထွယ်ဆန်ရပ်ကွက်၊ ဦးပိုင်အမှတ် ၃၀၉/၁က-၃၊ အကွက်အမည် ၁၄၊ တပ်ကုန်းမြောက်၊ မြေချိန်ဧရိယာ ၀ဒသမ၀၅ဧကရှိ မြေကွက်အား ပြေစာအမည်ပေါက်ပိုင်ဆိုင်သူ ဦးခေါဘောမ်ထံမှ အသိသက်သေများရှေ့ ၁၂-၁၁-၂၀၁၂ရက် ငွေအပြေအကျေပေးချေပြီးအပြီးအပိုင်ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်ခဲ့ပါသည်။ ဦးနော်လီအမည်ဖြင့် ၂၀၁၄-၂၀၁၅ခုနှစ်မှစ၍ ပြေစာအမည်ပြောင်းထားကာ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ထိ သုံးနှစ်စဉ်ဆက်မပြတ် ပြေစာအမည်ပေါက်ဖြင့် လက်ရှိထားပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအချိန်တွင် ဦးနော်လီ၏အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားရယူလိုပါသဖြင့် ကန့်ကွက်လိုသူများ ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနော်လီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဘောမ်မျှော် LL.B အထက်တန်းရှေ့နေ(၄၂၈၄၅)**
**(၂၈၈)ဒူကထောင်၊ မြစ်ကြီးနားမြို့**

---

## အများသိစေရန်သတိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း (၂)ရပ်၊ အမှတ် (၇၇၅)နေ မအေးသဇင်ဆောင်း ၉/ပမန(နိုင်)၂၈၆၆၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မအေးသဇင်ဆောင်းသည် ၂၁-၁၁-၂၀၁၇ရက်တွင် Online မဲဒိုင် May Thu Aung Account ၌ အခြားသူ ခုနစ်ဦးနှင့်အတူ Bank Account ဖြင့် စုကြေးများ ပေးပို့ရာ၌ ငွေစလွှဲမည့်နေ့က ၄င်း၏နိုင်ငံသားကတ်ကို Photo ဖြင့် May Thu Aung Account သို့ ပေးပို့ရမည့်အစား စုကြေးဝင်များ၏ Group Chat Box သို့ မှားယွင်းပို့ပေးခဲ့ပါသည်။ ထိုနိုင်ငံသားကတ်ကို အသုံးပြုလျက် ဖုန်း-၀၉-၇၈၂၃၇၇၀၇ က စုကြေးဒိုင်ဖြစ်လေဟန် Aye Thazin Saung Account (ဓာတ်ပုံမတူ)အတုပြုလုပ်လိမ်လည်ပြီး Wave Money ဖြင့် ၁၄-၁၂-၂၀၁၇ ရက်မှစ၍ မဲအဖွဲ့ဝင်များထံမှ ငွေများရယူခဲ့ကြောင်း သိရှိရပါသည်။ မအေးသဇင်ဆောင်းသည် ၉-၁၂-၂၀၁၇ရက်ကတည်းက တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် ထိုင်းနိုင်ငံသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေ၍ မြန်မာနိုင်ငံ၏ Wave Money ကိုအသုံးပြု ငွေလွှဲထုတ်ယူ၍ မရကြောင်းနှင့် ၄င်းနှင့် လုံးဝမသက်ဆိုင်ကြောင်း အသိပေးအပ်ပါသည်။ ထိုသို့ မအေးသဇင်ဆောင်း၏ နိုင်ငံသားကတ်ကို အသုံးပြုပြီး ငွေလိမ်လည်ရယူသူအား စုံစမ်းဖော်ထုတ်ပြီး ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် နောက်နောင် မအေးသဇင်ဆောင်းအား Facebook မှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မမှန်မကန်စွပ်စွဲကာ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးခင်မောင်ညို** | **ဒေါ်ဇင်မာလွင်** | **ဒေါ်ခိုင်ဇာကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၅၉/၉၀)** | **(စဉ်-၁၃၁၁၃/၂၀၁၇)** | **(စဉ်-၄၅၉၂၈)** |

**၁၁/၂၃၊ရန်အောင်(၂)ရပ်ကွက်၊**
**ပျဉ်းမနားမြို့**

MMK မြင့်မိုရ်ကမ္ဘာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့
သံဝေဇနီယ(၄)ဌာန၊အဝိဇဟိတ (၄)ဌာန — နယူးဒေလီ၊တာ့ဂျ်မဟာ
စရီးစဉ်တိုင်း မအိစံ ကိုယ်တိုင် စရီးစဉ် အစမှအဆုံး ပို့ဆောင်ပေးလျက်ရှိပါသည် ..
(၂၀၁၇–၂၀၁၈ ရန်ကုန်–ဗုဒ္ဓဂယာ–ရန်ကုန်တိုက်ရိုက်ခရီးစဉ်)
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်များ —
(၁) ၅.၂.၂၀၁၈...ခရီးစဉ် ပြည့်၊ (၂) ၂၀.၂.၂၀၁၈...ခရီးစဉ် ပြည့်၊
(၃) ၈.၃.၂၀၁၈...ခရီးစဉ် (၂)ဦးလို (၄)၇.၄.၂၀၁၈...(၁၅)ဦးလို
(ည စောင်းခရီးစဉ် လုံးဝ မပါရှိပါ။)
ရဟန်း၊သီလရှင် များအတွက် သီးသန့် စျေးနှုန်း ဝန်ဆောင်မှုများဖြင့်ဆောင်ရွက်ပေးပါသည်။
အဖွဲ့လိုက် သီးသန့်သွားလိုသူများ၊ဟိုတယ် သီးသန့်တည်းလိုသူများ အထူး ဆောင်ရွက်ပေးပါသည်။
မိတ်ဟောင်းများအား အထူး ကျေးဇူးတင်ရှိပြီး၊ မိတ်သစ်များအားလည်း လှိုက်လှဲစွာကြိုဆိုလျက် .........။
ရုံးချုပ်–အမှတ်(၅၆)၊သမိန်ဗရမ်းလမ်း၊ ရွှေဂုံတိုင်ကရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း–၀၉ ၂၅၉၈၁၃၀၄၇၊၀၉ ၂၆၀၀၂၈၃၄၀၊၀၉ ၂၅၆၁၀၄၇၄၇

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို
ဖုန်း 01-2339310,01-2339355,01-578044

မှတ်ပုံ ACADEMY တင်ပြီး
တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး
အကယ်ဒမီ
ကြွေပြားရိုးချတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
No. 83/85, 28th Street, Pabedan Township, Yangon, Myanmar.
Tel : 95-1-374797, 384944, 254146 , 385858, 242726, 09-73332012
Email : academychemicalburma@gmail.com. VIBER - 09 -250 150 990



Distributed By URANUS GROUP OF COMPANIES
mnz®
အကောင်းဆုံး နံပါတ် (၁) ငွေရေစက် M N Z နှင့်
လုံခြုံစိတ်အေးရစေမည့် M N Z မီးခံသေတ္တာ
DOUBLE DISCOUNT
1 - 9 , 2018
FEBRUARY
01 860 3121, 09 320 70000
၁၂၅(စီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ (ယုဇနဟိုတယ်ရှေ့)၊ ရွှေဂုံတိုင်။
/mnz.safes



STI MYANMAR UNIVERSITY

# THE 2018 EDUCATION SEMINAR

**Open to Everyone**

*Date & Time*
3 FEBRUARY 2018
12 TO 4 PM

*Venue*
CONFERENCE ROOM
MAIN BUILDING, MICT PARK,
HLAING UNIVERSITY CAMPUS, YANGON

In Partnership with
University of Bedfordshire

## PANEL DISCUSSION

## A New Dawn in Myanmar

Opportunities & Challenges in Education

*Participants*



• **Bill Rammell**
Vice Chancellor
University of Bedfordshire



• **Brian Hunt**
Professor
STI Myanmar University



• **Khin Aye Win**
Managing Director
STI Myanmar University



• **Neel Chaurasia**
Professor
STI Myanmar University

*Keynote Speakers*

**Mr. Bill Rammell**
Vice Chancellor
University of Bedfordshire
*"The Challenges Facing Education in Today's Fast Changing World"*

**Dr. Brian Hunt**
Director of Academic Development & Professor
STI Myanmar University
*"The Value Of Education -A Personal Reflection"*

Visit the Education Fair after the Seminar
Meet Senior faculty, talk to counselors, get brochures, sign up for details & collect gifts

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစိုးရအစုအဖွဲ့ အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**
**ဥက္ကဋ္ဌ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)**

### ခရစ်တော်၌အိပ်ပျော်ခြင်း
# ပါမောက္ခ ဒေါ်ရှီလာနန်တောင် အသက်(၆၄)နှစ်
**B.Ed, M.Phil (Eng), M.A (Eng)**
**မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန(ဌာနမှူး-ငြိမ်း)**
**အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ(ဥက္ကဋ္ဌ)**
**ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ကွတ်ခိုင်မြို့နေ မုန်းစီဒူဝါ(ဦးခွမ်အုန်း-ဒေါ်နန်းမြ)တို့၏သမီးကြီး၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်(SS 11)နေ(ဦးလခရီလလောန်-ဒေါ်ဂျန်မော်ရွယ်)တို့၏သမီးချွေးမ၊ ဦးအောင်ထွန်း-(ဒေါ်နန်းအေးဖိန်း)၊ (ဦးစံမြတ်)-ဒေါ်အားဟွမ်၊ ဒေါ်နန်းရွှေလင်-ဦးထွန်းသိန်း၊ ဦးခွန်ထား-ဒေါ်ဘီလုဆိုင်၊ ဒေါ်နန်းစောသာ-ဦးစိုးဝင်းအောင်၊ (ဦးထွန်းကျော်-ဒေါ်နန်းအေးမန့်)၊ ဦးကျော်ဝင်း-ဒေါ်မြမြအေး၊ ဦးထွန်းအေး-ဒေါ်ခေါန်ဒင့်၊ဒေါ်နန်းစောလှ၊ဦးကျော်အုန်း-ဒေါ်ဥမ္မာ၊ဒေါ်နန်းဆိုင်လင်း-ဦးတူးမိုင်တို့၏အစ်မကြီး၊ ဒူဝါလခရီဇော်ဘောက်(အကျိုးဆောင်ရှေ့နေ)-ဒေါ်ဂါးဒူထုရော်၊ ဒူဝါလခရီလအောင်-ဒေါ်မရန်းဂျာဆိုင်းခေါန် (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)၊ ပါမောက္ခ ဒေါ်လခရီခေါန်နူး-(ဦးမော်ကူးဂမ်)၊ ဆရာမ ဒေါ်လခရီလုတောင် - ဒေါက်တာဂေါ်လူဘူဂမ်၊ ဆရာမ ဒေါ်လခရီရွယ်နှောင်း၊ ဆရာကြီး ဦးလာဖီးအားဖူတို့၏မရီး၊ ယောက်မ၊ ဦးလခရီနော်ဂျာ-ဒေါ်ဆိုင်းထွယ်၊ ဦးလခရီဇော်ဆမ်ဆိုင်း-ဒေါ်အင်ခွမ်ခေါန်လုံ၊ ဒေါ်လခရီလုလုထွယ်-ဦးမရစ်ဇော်လွမ်(USA)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ (ဦးလခရီဘရန်ဆိုင်း)၏ချစ်လှစွာသောဇနီးသည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေစဉ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် နောင်နန်းကချင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
# ဒေါ်ခင်ငြိမ်း
**မြို့နယ်ဦးစီးဌာနမှူး(ကြည့်မြင်တိုင်စာရင်းရုံး)(ငြိမ်း)**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် ၁၃၇/ဘီနေ (ဦးအေးမောင်-ဒေါ်မမ)တို့၏သမီး၊ (ဦးမောင်ကလေး-ဒေါ်ခင်သိန်း)၊ (ဦးထွန်းတင်-ဒေါ်တင်တင်ကြည်)၊ (ဒေါ်ခင်အေး)၊ (ဦးခင်မောင်အေး)-ဒေါ်ခင်စောနွယ်တို့၏အစ်မ၊ ဦးခင်မောင်ဦး-ဒေါ်ချိုနွယ်ယု၊ (ဦးလှထွန်း)-ဒေါ်ဆွေဆွေဝင်း၊ (ဦးခင်မောင်လှ)-ဒေါ်ဝင်းဝင်းမြင့်၊ (ဦးခင်မောင်ဗိုလ်)-ဒေါ်ညိုညိုဝင်း၊ (ဦးကျော်စိုး)-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်သီဂီအေး၊ ဦးကျော်သူရတို့၏ကြီးတော်၊ ဦးဇော်ဝင်းဦး-ဒေါ်အေးအေးမြင့်၊ ဒေါ်နှင်းဝတ်ရည်၊ ဒေါ်ရင်ရင်ထွန်း၊ ဒေါ်ဝင်းဝင်းကျော်-ဦးထွန်းထွန်းဝင်း၊ ဒေါ်စိုးစိုးမာ၊ Mr. Paul-ဒေါ်မေချိုဦး၊ ဒေါ်နှင်းလဲ့ရည်၊ မြေးသုံးယောက်တို့၏အဘွား၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစိုးရအစုအဖွဲ့ အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၂)အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန ပါမောက္ခ (ငြိမ်း)ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်တင့်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**ဒုဥက္ကဋ္ဌ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)**
**ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစိုးရအစုအဖွဲ့ အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၂)အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာတင်မျိုးဝင်း**
**ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်**
**ဒုဥက္ကဋ္ဌ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)**
**ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အဖွဲ့ဝင်၊ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစိုးရအစုအဖွဲ့ အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင် အသက်(၆၄)နှစ်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်၊စာကြည့်တိုက်ဒါယကာကြီး
# ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)
### အသက်(၈၃)နှစ်

မော်လမြိုင်မြို့နေ (ဦးဘမှန်-ဒေါ်နှင်းရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်စစ်-ဒေါ်မေကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ် ၃နေ (ဒေါ်နီနီတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး(FAME Pharmaceuticals)၊ ဗိုလ်ကြီးမင်းဇော်ဦး(ငြိမ်း)-ဒေါ်ဥမ္မာတင်(SUPER CROWN Plastic)၊ မထက်ထက်အောင်၊ မောင်စိုးထက်အောင်၊ မမဠူဝင်း၊ မမြတ်သီရိအောင်တို့၏အဘိုးသည် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့) ည ၉း၄၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့်-ဒေါ်ခင်ပြုံး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင် အသက်(၆၄)နှစ်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အမျိုးသားလွှတ်တော်ရုံး**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ရှီလာနန်တောင်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက်(၆၄)နှစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ် အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ငြိမ်း) ဒေါ်ရှီလာနန်တောင် အသက်(၆၄)နှစ်သည် ၃၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးကြည်ဝင်း
### အသက်(၆၃)နှစ်

ရွှေတောင်မြို့နေ ဦးမောင်ဟန်-ဒေါ်အုံးရီတို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ် ၈၅၊ အခန်း ၅၊ သုံးလွှာနေ ဒေါ်မြမြဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမြင့်အေး-မမြတ်ဆုမွန်ဖြိုး၊မသဲစုမွန်ဖြိုး၊မရတီကြည်ဝင်းတို့၏ဖခင်၊ မောင်ဘုန်းမြတ်ဖြိုးခန့်၏အဘိုးသည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်စန်းစန်းဝေ
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာဒီပလမ်း၊ အမှတ် ၉၂နေ (ဦးတင်လှ-ဒေါ်ကျင်နု)တို့၏သမီး၊ (ဦးယုစိန်-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ မယုယုလွင်-ကိုစိုးအောင်၊ မအိအိစိုး-ကိုညီညီဝင်း၊ မနန္ဒာစိုး-ကိုစောအောင်မြတ်သူ၊ ကိုသက်ဝေစိုး-မအေးသီတာထွန်းတို့၏မိခင်၊ ဖူးဖူး၊ ဂျူးဂျူး၊ ခြူးခြူး၊ ကောင်းကောင်းတို့၏အဘွားသည် ၃၁-၁-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးစံဌေး အသက်(၈၀)
**(B.A, H.G.P, R.L)**
**ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ် ၉၈/၁၀၂နေ ဟင်္သာတမြို့(ဦးရွှေနဂါး-ဒေါ်ထွေးကြည်)တို့၏သား၊ မြန်အောင်မြို့၊ အမိန့်တော်ရရှေ့နေ(ဦးဘကျော်-ဒေါ်သင်းရီ)တို့၏သားသမက်၊ ဒေါ်အမာရီ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်ဝင်းလှိုင်-ဒေါ်သက်သက်မာ၊ ဦးအောင်မြတ်သိန်းဦး-ဒေါ်အေးအေးဆင့်တို့၏ဖခင်၊ မမြတ်ရတနာဆင့်(BBA-The Open University Of Hong Kong)၊ မောင်မြတ်ဘုန်းခန့်(Grade-5, TTC )တို့၏ဘိုးဘိုးသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် Grandhantha-International Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးတင်ဦး အသက်(၆၉)နှစ်
**(Assistant General Manager, KMA Group Of Companines Ltd)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၁)လမ်း၊ အမှတ် ၈နေ (ဦးသန်းရွှေ)-ဒေါ်ကျင်အေးတို့၏သား၊ (ဦးအုန်းစိန်-ဒေါ်ထွန်း)တို့၏သားသမက်၊ ဦးစိန်ဦး-ဒေါ်တင်အေးတို့၏မောင်၊ မောင်ကိုကိုဦး-မဌေးဌေးမော်၊ (မောင်ညီညီဦး-မဆွေရည်ထွန်း)၊ မောင်ကျော်ထွန်းလင်း - မသီသီဦး (Asia Myanmar Construction Development Co., Ltd) တို့၏ဖခင်၊ ဒေါ်မြင့်မြင့်ဦး၏ခင်ပွန်း၊ ဝိုင်းချစ်၊ သားချစ်၊ ပိုးချစ်၊ ဗိုလ်ချစ်၊ လင်းဘုန်းပြည့်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊အမှတ် ၁၂၁၇နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးသိန်းမြင့် အသက်(၆၂)နှစ်
**B.E (Mining) 1974/81**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ထိန်ဝင်းလမ်း၊ အမှတ်(၀-၄၈)နေ ဒေါ်မိမိလွင်၏ခင်ပွန်း၊ ဦးရာဇာအောင်-ဒေါ်သက်အိဆွေ၊ ဦးဇော်ဇော်အောင်-ဒေါ်အိမွန်မြင့်တို့၏ဖခင်သည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် အဓိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မခင်နှင်းဦး (စစ်တွေ)
### အသက်(၄၈)နှစ်

စစ်တွေမြို့၊ မိဇ်ရပ်၊ ကန္တားလမ်းနေ (ဦးလှဘော်အောင်-ဒေါ်အေးမြ)၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်းနေ (ဦးမောင်ပု-ဒေါ်စောခင်) ကြယ်နီဆေးလိပ်ခုံတို့၏မြေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မန္တလေးလမ်း၊ အမှတ် ၁၃/၃၉၉နေ ဦးစောရွှေ-ဒေါ်ခင်ခင်တို့၏သမီး၊ ဦးတင်မောင်ရွှေ-ဒေါ်လှသိန်း၊ ဦးဇော်နိုင်-ပေါက်စ(ခ)ဒေါ်ခင်အေးစိုး၊ ဒေါ်လီ(ခ)ခင်ချိုသန်းတို့၏အစ်မ၊ နွယ်ခင်ဦး၊ထူးအောင်လင်း၊ ဇင်အေးဦး၊ နေထွန်းနိုင်တို့၏အဒေါ်သည် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါ ရွှေပေါက်ကံမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်နီနီ
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၅၀ (အထက်)၊ အမှတ် ၁၇၀/၁၇၂၊ ခြောက်လွှာ(ဝဲဘက်)နေ [ဦးရှုမောင်၊ တရားလွှတ်တော်၊ တရားရေးဝန်ကြီး၊ ငြိမ်း)-(ဒေါ်အုန်း)]ရီတို့၏သမီး၊ (ဒေါက်တာကြည်ဝင်း)-ဒေါ်မေမာ၏ညီမ၊ (ဦးကျော်ဝင်း)၊ ဦးဇော်ဝင်းတို့၏အစ်မကြီး၊ ဦးမြင့်စွမ်(2nd MATE, F.G)-ဒေါက်တာမာမာသက်(ပါမောက္ခ၊ သတ္တဗေဒဌာန၊ ပင်လုံတက္ကသိုလ်)၊ဦးခိုင်သက်(ကြယ်-ပဲရောင်းဝယ်ရေး)တို့၏မိခင်ကြီးသည် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ည ၉နာရီတွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်မြသန်း
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၅လမ်း၊ အမှတ် ၁၅၅နေ (ဦးဂေါ်ရာ-ဒေါ်နွဲ့)တို့၏သမီး၊ ဦးစွန်လင်း(အထပြ၊ ငြိမ်း)-ဒေါ်မြသိန်းတို့၏အစ်မ၊ ဒေါက်တာထွန်းလင်း (ရောဂါဗေဒဆရာဝန်ကြီး၊ မုံရွာဆေးရုံ)-ဒေါက်တာရွှေစင်ဦး (ကထိက၊ ဓာတုဗေဒဌာန၊ မုံရွာတက္ကသိုလ်)၊ ဒေါက်တာအောင်ချမ်းမော် (အရိုးအထူးကု၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာကြည်မေလင်း(ကလေးအထူးကု)၊ ဦးဇော်ဏီအောင်(General Manager, Myanmar Hayabusa Co.,Ltd, ပဲခူးမြို့)-ဒေါက်တာစောမြလင်း(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါက်တာရန်လင်း [လက်ထောက်ဆရာဝန် (အရိုး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး]-ဒေါ်နွယ်နီသိန်း(လက်ထောက်မန်နေဂျာ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း)တို့၏အဒေါ်၊ မောင်ကောင်းကျော်သာ၊ မောင်အောင်ဉာဏ်ဇော်၊ မောင်ကျော်ခန့်လင်း၊ မောင်အောင်ပြည့်စုံတို့၏အဘွားသည် ၁-၂-၂၀၁၈ရက် နံနက် ၇း၅၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သန်းညွှန့် အသက်(၇၅)နှစ်
**B.Ag (၁၉၇၁)**
**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုက်အမှတ် ၁၅၊ ပထမထပ်၊ ဆင်ရေတွင်း(၁)လမ်းနေ (ဦးမျိုးဝေ၊ တိုင်းမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ဇနီး၊ ဗိုလ်ကြီးစိုးမင်းညွှန့်(ငြိမ်း)၊ CB ဘဏ်-ဒေါက်တာဇင်မာကျော်(ကထိက၊ ပုသိမ်တက္ကသိုလ်)၊ ဦးမျိုးမင်းညွှန့်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)-ဒေါ်ချိုမာမြင့်(သူနာပြု၊ငြိမ်း)၊ ဗိုလ်မှူးမျိုးသက်(တပ်မတော်-ရေ)-ဒေါ်တင်နွယ်အေး၊ ဦးသိန်းနိုင်စိုး(ဒုဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါက်တာပန်းအိဖြူ(ဒုဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏မိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၂-၂၀၁၈ရက် နံနက် ၂နာရီတွင် အမှတ် ၅/၃၊စိုက်ပျိုးရေးအိမ်ရာဝင်း(ကြို့ကုန်းအနောက်)၊ အင်းစိန်၌ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးအေးထွန်း
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဌေးကြွယ်(က)ရပ်ကွက်နေ ၊ ပုညဝဗုနလမ်း၊ အမှတ်(၉)၊ ငါးလွှာ(A)နေ(ဦးလှမောင်-ဒေါ်လှမြင့်)တို့၏သား၊ (ဦးဟုန်ဘိ-ဒေါ်နှင်းရီတို့၏သားသမက်၊ ဒေါ်သင်းသင်းရီ၏ခင်ပွန်း၊ မလဲ့ရည်မွန်၊ ဒေါက်တာမနွေးနွေးပိုင်တို့၏ဖခင်သည် ၁-၂-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးသိန်းရှန် (ပုသိမ်)
### အသက်(၇၆)နှစ်

ပုသိမ်မြို့၊ အောင်ချမ်းသာ ၆လမ်း၊ အမှတ် ၁၆၀၈နေ(ဦးရန်ရှင်း-ဒေါ်ကျန်)တို့၏သား၊ (ဒေါ်ညွှန့်ညွှန့်)၏ခင်ပွန်း၊ (ဆရာတော်ဦးကုမာရ)၊(ဦးထွန်း-မုံရွာ)၊ ဒေါ်သိန်းရှင်၊ ဒေါ်သိန်းမှင်တို့၏ညီ/မောင်၊ ဒေါ်သန်းသန်းဦး၊ ဦးကျော်ကျော်လွင်[E/E OCEAN TANKERS (PTE) LTD, S'pore] - ဒေါ်သန်းသန်းဆွေ၊ ဦးသက်လွင်ဦး-ဒေါ်သန်းသန်းဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

# မလှမြသန္တာ
**သရုပ်ပြဆရာမ(အင်္ဂလိပ်စာဌာန)**
**မိတ္ထီလာနည်းပညာတက္ကသိုလ်**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရေတာရှည်လမ်းသစ်နေ ဦးဘလှ-ဒေါ်မြခင်တို့၏သမီး၊ အမှတ်(၁၀) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) ကလေးမြို့နေ ဗိုလ်ကြီးအောင်အောင်ဦး၏ဇနီး၊ ဖောင်းဖောင်း၏မိခင်၊ ဦးအောင်ထွန်းသာ၊ ဒေါ်အေးမြဖြူတို့၏အစ်မသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင်ဒိုးဝိုင်းချောင်းသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်

## ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၄) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊

စာမျက်နှာ ၁၀ ကော်လံ ၁



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၄) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# KBZ Bank Women' League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဂိုးပြတ်နိုင်



သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက YREO အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယမန်နေ့က ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် သစ္စာအားမာန်အသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်အနိုင်ရရန် ကြိုးပမ်းခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ဂိုးပြတ်အနိုင်ရရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် ခင်မိုးဝေက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်း ကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးများကို ခင်မိုးဝေက ၂၂၊ ၈၇ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ကျန်ဂိုးများကို ၄၃၊ ၇၀ မိနစ်တွင် နော်အားလိုဝါးဖော၊ ၇၂ မိနစ်တွင် ဖြူနှင်းထွေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၆) တတိယနေ့ကို ဖေဖော်ဝါရီ ၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

## ထားဝယ်အထူးစီးပွားရေးဇုန် အကြောင်း တစေ့တစောင်း

စာမျက်နှာ - ၉



## ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်-၃၄/၃၆ ရှိ ခြံဝင်းအတွင်းသို့ မီးလောင်စေတတ်သည့် ဖန်ပုလင်းတစ်လုံး ပစ်သွင်းသွား

စာမျက်နှာ - ၁၂

